နတ်မင်းကြီး

# ပြောရဦးမယ် မလှသိရေ

(အမျိုးတော့ဥပမစေ)



# ပြောရဦးမယ် မလှသီရေ
## (အမျိုးစောင့်ဥပဒေ)

နတ်မင်းကြီး

ရတ်ဗင်းကြီး

ပုံနှိပ်မှတ်တမ်း


ထုတ်ဝေကာလ- ပထမအကြိမ် ၊ ၂၀၁၄ ဇွန်
၁၃၇၆ ခု၊ နယုန်-ဝါဆို။
အုပ်ရေ - ၁၀၀၀ အုပ်
မျက်နှာဖုံးပန်းချီ- ပန်းချီအောင်နိုင်လတ်
တစီ - ဇေတဝန်ကွန်ပျူတာဌာန
ထုတ်ဝေသူ - ဦးငြိမ်းချမ်းသာ၊ မန်းချောင်းစာပေ(၂၀၃၆)
အမှတ်(၁၅၇) ဒုတိယထပ်၊
၃၈ လမ်း(အလယ်)၊ ကျောက်တံတား
ရန်ကုန်။
အတွင်းပုံနှိပ် - ဒေါ်နုနုလတ်၊ နုမြန်မာပုံနှိပ်တိုက်(၁၂၀၉၆)
အမှတ်(၇)၊ အောင်ချမ်းသာ(၅)လမ်း
(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - **အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်**
ဖုန်း - ၀၉ ၂၅၀၀၄၄၆၁၂
**ဇေတဝန်စာပေ**
ဇေတဝန်ဓမ္မာရုံကျောင်းတိုက်
မြသီတာရပ်ကွက် (ဘိုခြံ)၊ မင်္ဂလာဒုံ
ဖုန်း ၀၁-၆၃၆၈၈၆ ။
၀၉-၄၂၁၀၆၇၀၀၇။ ၀၉-၈၅၉၈၀၀၁


တန်ဖိုး - ၁၀၀၀ ကျပ်

# စာရေးသီတို ထိုခြင်း

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး (မဟ)အဖွဲ့က ထုတ်ဝေလျက်ရှိသော **"သာကီသွေးဂျာနယ်"**မှာ ပင်တိုင်ရေးသားနေတဲ့ ဆောင်းပါးရှင် နတ်မင်းကြီးက သူ၏ **"ပြောရဦးမယ် မလှသီရေ"** ဆောင်းပါးများကို စုစည်းပြီး လုံးချင်းစာအုပ် ထုတ်ဝေမယ်သိရလို့ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

နတ်မင်းကြီးရဲ့ ဆောင်းပါပါ မလှသီတို့ လင်မယားနှစ်ယောက်ရဲ့ ဆွေးနွေးချက်တွေဟာ ယနေ့ခေတ် မြန်မာနိုင်ငံသားများအတွက် "မှတ်သားဖွယ်၊ လိုက်နာဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ သတိပြုဆင်ခြင်ဖွယ်များ ပြည့်နက်လျက်ရှိနေပါတယ်။

အထူးသဖြင့် လတ်တလော ဟိုးလေးတကျော်ကျော် ဖြစ်နေတဲ့ မြန်မာနိုင်ငံသာမက ကမ္ဘာကျော်အောင်ကို နာမည်ကြီးနေတဲ့ **"အမျိုးစောင့် ဥပဒေ"**အကြောင်းကို ဘာသာမျိုးစုံ၊ ရှုဒေါင့်မျိုးစုံ ကနေ တင်ပြဆွေးနွေးထားတာ ဖြစ်ပါတယ်။

လိုအပ်လျက်ရှိသော ဥပဒေရဲ့သဘောတရားများ၊ အိမ်ထောင်ခန်းဆိုင်ရာ ဥပဒေများရဲ့ အားနည်းချက် ဟာကွက်တွေကို ထောက်ပြဆွေးနွေးထားတာကလည်း အနှစ်သာရ ရှိလှပါတယ်။

လင်မယားနှစ်ယောက်ရဲ့ မိသားစုစကားပိုင်းလေးကဲ့သို့ ဖန်တီးရေးသားထားမှုကလည်း စာဖတ်သူကို တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစေပါတယ်။

(ခ)

လင်ယောက်ျားဖြစ်သော ကျောင်းဆရာ ကိုဘထွန်းက ကျောင်း ဆရာပင်ဖြစ်သော်လည်း သင်ကြားရေးအပိုင်းကိုသာမ ဘာသာရေး လူမှုရေး လူမျိုးရေး နိုင်ငံရေးစတာတွေကို ဘက်စုံ အတွေးအခေါ် အမြော်အမြင်ရှိသူတစ်ယောက်ဖြစ်သလို ဇနီးဖြစ်သူ ဈေးသည်မ မလှသီကလည်း ခေသူမဟုတ်၊ ဈေးတန်းထဲက လူမျိုးစုံတို့ရဲ့ပြောသံ ဆိုသံ ကြားရသံတွေ၊ သူဖတ်ဖြစ်ခဲ့တဲ့ စာအုပ် စာပေ ဂျာနယ် မဂ္ဂဇင်းပါအကြောင်းအရာတွေ၊ ဆရာတော်ကြီး များရဲ့အဆုံးအမတွေနဲ့ ပြန်လည်ဆွေးနွေး တင်ပြထားတာတွေက လည်း ယနေ့ လူငယ်လူကြီး အသီးသီးတို့ဟာ စာဖတ်ရမယ်၊ ပတ်ဝန်းကျင်ကို လေ့လာနေရမယ်၊ အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုး တန်ဖိုးထားရမယ်ဆိုတဲ့ အချက်များကို မီးမောင်းထိုးပြ နေသလိုပါပဲ။

တစ်ပတ်စီ ထွက်ရှိလာတဲ့ ဆောင်းပါးများကို ဟိုကျော် ဒီကျန် မဖြစ်တော့ပဲ တစ်စုတည်း တင်ဆက်လိုက်ခြင်းအားဖြင့် စာဖတ်သူများအတွက် စာအုပ်ရှာဖွေ ဖတ်ရှုရခြင်း ဒုက္ခမှ ကင်းဝေး ပြီးသားလည်းဖြစ် တထိုင်တည်း အသိများစွာ တိုးပွားစေနိုင်ခြင်း လည်း ဖြစ်ပါတယ်။

ထို့ကြောင့် ဆရာနတ်မင်းကြီးရဲ့ မလှသီကို ကြိုလိုက်ရပါ တော့တယ်။

ဒေါက်တာအရှင်သောပါက

(၁)

## နတ်မင်းကြီးရဲ့ မလှသီ
## သို့မဟုတ်
## သမိုင်းပေးတာဝန် ကျေပွန်တဲ့ စာတစ်အုပ်

**မောင်သွေးချွန်**

ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝ စာဖတ်ရှိန် မြင့်လာစက ရှုဒေါင့်၊ ရွှေတူ၊ အိုးဝေ၊ ပြည်သူ့ကြယ်စတဲ့ ဂျာနယ်များ ကို အားပါးတရ ဖတ်မှတ်ခဲ့ကြပါတယ်။ ဆရာဦးညိုမြရဲ့ အိုးဝေ ဂျာနယ်မှာ ထင်ပါရဲ့၊ ဆရာသော်တာဆွေက 'ပြောရဦးမယ် မမြသီ ရေ' ဆိုတဲ့ ခေါင်းစဉ်တစ်ခုပေးပြီး ရပ်ရေးရွာရေးမှသည် တိုင်းရေး ပြည်ရေးအထိ အရေးအရာ အစုံစုံကို တွေးစရာ အဖုံဖုံဖြစ်အောင် ကလောင်စွမ်းပြ ရေးခဲ့ဖူးပါတယ်။ ဆရာ သော်တာဆွေရဲ့ ရေးဟန် က ပညာရှိ ပညာရှင်ကြီးများကဲ့သို့ အောက်ခြေမှတ်စုခေါ် ဖွတ်နုတ် တွေနဲ့ မျက်စိရှုပ်အောင် လွှယ်နေတာကို မခက်ခက်အောင် ဟိတ်ဟန်ထုတ် ရေးသားပုံမျိုး မဟုတ်ဘဲ စာဖတ်ပရိသတ်ရင်ထဲ လျှောခနဲ ဝင်ရောက်သဘောပေါက် နှလုံးသွင်းနိုင်အောင် ရှင်းရှင်း ဘွင်းဘွင်း ရေးဟန်မျိုးဖြစ်ပါတယ်။ အဲဒီနောက် အိုးဝေမဂ္ဂဇင်း ရပ်ဆိုင်းသွားတော့ 'သောင်းပြောင်းတွေလာ' မဂ္ဂဇင်းမှာ 'ပြောရမှာ ပေါ့ မခင်ကျော့ရယ်' ဆိုပြီး ဆက်ရေးပြန်ပါတယ်။ အောင်မြင်တာ ပါပဲ။

(ဃ)

ဆရာသော်တာဆွေ ကွယ်လွန်ပြီး နှစ်အတန်ကြာမှာ **'သာကီသွေးဂျာနယ်'** ထုတ်ဖို့ ပြင်ဆင်နေချိန်မှာ ကျွန်တော်တို့ အယ်ဒီတာစားပွဲပေါ် စာမူတစ်ပုဒ်ရောက်လာပါတယ်။ ကလောင်အမည် ဆရာနတ်မင်းကြီးရဲ့ **'ပြောရဦးမယ် မလုရီရေ'**။ ဆရာသော်တာဆွေ အလွမ်းပြေ၊ မမြရီကို သတိရစရာ ဖြစ်လာပါတယ်။ ဖတ်ကြည့်လိုက်တော့ ဆရာသော်တာဆွေက ရှင်းရှင်းသွက်သွက်နဲ့ ပြောချင်တဲ့ အကြောင်းအချက်တွေ ပေါ်လွင်အောင်ရေးသလို ဆရာနတ်မင်းကြီးက တည်တည်ခန့်ခန့်နဲ့ 'အမျိုးသားရေး' တစ်ခုတည်းကို သီးသီးသန့်သန့် ပြောဆိုဆွေးနွေးထားတာ တွေ့ရပါတယ်။

မလုရီကို တိုင်တည်ပြီး ရှင်းလင်းပြောဆိုနေတဲ့ ကျောင်းဆရာ ကိုဘထွန်းရဲ့ ပညာစရိုက်နဲ့ မြန်မာမှုရသ၊ အမျိုးသားရေးလက္ခဏာတွေလည်း ပေါ်ပေါ်လွင်လွင်ရှိလှပါတယ်။ ပြောရဦးမယ် မလုရီရေဆိုပြီး ထိပ်တင်ထားရတဲ့ အကြောင်းကိုလည်းဖတ်ရင်းဖတ်ရင်း သဘောပေါက် လာပါလိမ့်မယ်။ မလုရီဆိုတဲ့ ဇနီးကောင်းမိခင်ကောင်း အမျိုးကောင်းသမီးဟာ မြန်မာတိုင်းရင်းသူ အမျိုးသမီးများ အားလုံးကို ကိုယ်စားပြုနိုင်တယ်လို့ ဆိုချင်ပါတယ်။ အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေး ဆိုတာ အထူးသဖြင့် မြန်မာတိုင်းရင်းသူလေးများကို ကာကွယ် စောင့် ရှောက်ရေးဆိုတာလည်း ဦးတည်ချက်တစ်ခုအနေနဲ့ပါဝင်ပါတယ်။ 'မျိုးစောင့်ဥပဒေ'ဆိုတာလည်း မြန်မာတိုင်းရင်းသူလေးတွေကို ဘာသာခြားတို့ရဲ့ စော်ကားနှိပ်စက်ခြင်းဘေးရန်မှ ကာကွယ်ဖို့ပါပဲ။

ကျွန်တော်တို့ သာကီသွေးဂျာနယ်ဟာ အမျိုးဘာသာ

သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို) ရဲ့မူဝါဒလုပ်ငန်းစဉ်များကို ထင်ဟပ်တင်ပြနေတဲ့ ဂျာနယ်ဖြစ်ပါတယ်။ ဆရာ နတ်မင်းကြီးရဲ့ 'မလှရီ'ဟာ မ.ဘ.သရဲ့ ဦးတည်ချက်များကို နိုင်နိုင်နင်းနင်း လှလှပပ သပ်သပ်ရပ်ရပ် သယ်ဆောင်လာတတ်ပါတယ်။ သို့သော်- မလှရီခဗျာ တာထွက်စ အရှိန်ရစမှာပဲ နာမည်တူရှိနှင့်ပြီးဖြစ်တယ်ဆိုပြီး အကြောင်းကြားလာတဲ့အတွက်... 'မလှသီ'ဆိုပြီး ပွတ်ကာသီကာ နာမည်ပြောင်းပေးလိုက်ရပါတယ်။

မလှသီဆိုတဲ့အတိုင်း အလှဒဿနတွေ သီကုံးလို့ ပြည်ဖုံးကား မချစတမ်း တစ်ခန်းပြီးတစ်ခန်း မနားတမ်း လျှောက်လှမ်းလာလိုက်တာ သာကီသွေးဂျာနယ် ငွေရတု အမှတ်စဉ်တိုင်လှအောင်ပါပဲ။ ဒီအချိန်မှာ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး အဖွဲ့ကြီးရဲ့ နှစ်ပတ်လည် သံဃာ့ညီလာခံကြီးနဲ့လည်း အချိန်ကိုက်တိုက်ဆိုင်လာလေရာ တစ်ပွင့်စီ ပြန့်ကျဲနေတဲ့ ပန်းကလေးတွေကို သီကုံးပေးသကဲ့သို့ 'မလှသီ ဆောင်းပါးများ' ကို စာတစ်အုပ်အဖြစ် စုစည်းသီကုံး ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။

မလှသီကို ဖန်တီးမွေးဖွားပေးလိုက်တဲ့ ဆရာနတ်မင်းကြီးဟာ မလှသီရဲ့ ဖခင်ဆိုရင်လည်း မမှားပါဘူး။ ဣန္ဒြေကြီးမားရင့်ကျက်တဲ့ အလှနဲ့ထက်မြက်တဲ့အမျိုးသားရေးဒဿနတွေနဲ့ သီဖွဲ့ထားတဲ့ မလှသီအတွက် ဖခင်နတ်မင်းကြီးကိုယ်စား မုဒိတာပွား ဂုဏ်ယူနေမိပါတယ်။ မလှသီ (မလှရီ)ဟာ ၉၆၉ ဂုဏ်တော်များကို ဦးထိပ်ပန်ဆင် ပွဲဝင်လာခဲ့တယ်။ အဲဒီနောက် မြန်မာပြည်က လူမျိုး (၁၀၁) ပါး ထဲမှာ ရိုဟင်ဂျာမရှိဘူးလို့ ရှင်းရှင်းလင်းလင်း တင်ပြတယ်။ စာပေလင်္ကာရာဇဝင် အကိုးအကားတွေ စုံလင်လှသမို့ ကိုဘထွန်း

(၈)

အဖို့ အပင့်ကောင်းသလောက် မလှသီရဲ့အလှဟာ ပိုပြီးပေါ်လွင်လာရတယ်လို့ ဆိုနိုင်ပါတယ်။

**ကိလေသာဟူ မိုက်သွေးဆူက**

**လူသောခွေးသော၊ ကျွန်ကျေးသောဟု**

**သဘောမတင် မဆင်ခြင်းဘဲ**

**အမြင်မဖြောင့် မျိုးမစောင့်တည်း'** ဆိုတဲ့ မန်လည်ဆရာတော် ဘုရားကြီးရဲ့ မဃဒေဝလင်္ကာ ကောက်နုတ်ချက်ကလေးနဲ့ စာပေတန်ဆာဆင်ခဲ့သလို လက်ဘနွန်နိုင်ငံက ခေတ်ပြိုင်မှတ်တမ်း ဇာတ်လမ်းတစ်ပုဒ်နဲ့လည်း စာပေသုတအားကို ဖြည့်ဆည်းပေး ထားပါတယ်။

'မကြာမီရက်က လက်ဘနွန်နိုင်ငံမှာ အစ္စလာမ်အမျိုးသမီးနဲ့ အခြားဘာသာဝင် အမျိုးသားတစ်ယောက် အိမ်ထောင်ပြုလိုက်ကြတယ်။ မင်္ဂလာဆောင်ပြီးတဲ့ ညနေပိုင်းမှာပဲ မိန်းကလေးရဲ့ မောင်ဖြစ်သူတွေက ယောက်ဖကို ချော့ခေါ်သွားပြီး တုပ်နှောင် ထားကြပြီး အဲဒီယောက်ျားလေးရဲ့ လိင်တံကို ကိုက်ဖြတ်ပစ်လိုက်ကြတယ်လေ။ အဲဒါကိုသာ ကြည့်ပေးတော့ မိန်းမရေ..၊ အတော် ယုတ်မာတဲ့ လူတွေပါပဲ...။' (၁၉.၉.၂၀၁၃ ထုတ် သာကီသွေး (အမှတ်-၅)မှ)

သာကီသွေးဂျာနယ် အမှတ်-၆ မှာတော့ ကိုးရီးယားမှာ မွတ်ဆလင်တွေကို စီးပွားရေးသပိတ်မှောက်ပုံတွေကို တင်ပြပြီး နိုင်ငံတကာနဲ့ ယှဉ်ပြခဲ့ပါတယ်။ ဒါ့ကြောင့် ဆရာတော်ကြီးတစ်ပါးက လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်လောက်ကပင် သံပေါက်ကဗျာ ဆုံးမစာရေးခဲ့ဖူးတာကိုလည်း ပြန်လည်ဖော်ပြထားပါတယ်။

- ဘာသာမတူ အိမ်ထောင်မှု အယူပျက်လိမ့်မည်၊

- အယူပျက်ရာ ထိုအခါ ဘုရားကွယ်လိမ့်မည်၊
- ဘုရားကွယ်ရာ ထိုအခါ ချမ်းသာ ပျောက်လိမ့်မည်၊
- ချမ်းသာပျောက်ရာ ထိုအခါ မျိုးပါ ပျောက်လိမ့်မည်၊
- လူမျိုးပျောက်ရာ ထိုအခါ ပြည်ပါ ပျောက်လိမ့်မည်၊
- ပြည် မပျောက်ရေး အိမ်ထောင်ရေး မနေးရှောင်ရမည်၊

လူမျိုးမပျောက်ရေး၊ ချမ်းသာမပျောက်ရေး၊ ဘုရားမကွယ်ရေး၊ အယူမပျက်ရေး.. တို့အတွက် အိမ်ထောင်ရေးသည် အမိက အရေးကြီးပုံကို လှလှပပ သီကုံးဆုံးမထားပါတယ်။ ဒီသံပေါက် ကဗျာ ဆုံးမစာလေးသည်ပင်လျှင် ဒီနေ့မျိုးစောင့်ဥပဒေရဲ့ အမြုတေ အခြေခံပဲလို့ ဆိုနိုင်ပါတယ်။

သာကီသွေးဂျာနယ် အမှတ်-၇ မှာတော့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအကြောင်းဆွေးနွေးထားပါတယ်။ သာကီသွေးဂျာနယ် အမှတ်-၁၁ မှာတော့ မြန်မာနိုင်ငံသား အမျိုးသမီးများကို မည်သည့် နိုင်ငံခြားသားနှင့်မှ ထိမ်းမြားလက်ထပ်ပေးခြင်း မပြုလုပ်ရန် မြန်မာနိုင်ငံတရားရုံးချုပ်၏ ၁၉၉၈-၃ ဇူလိုင် (၁) ရက်နေ့စွဲပါ ညွှန်ကြား ချက်ကို တင်ပြထားပါတယ်။

သာကီသွေးဂျာနယ် အမှတ်-၁၅ မှာတော့ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပ ဒေတွေကို လေ့လာသုံးသပ်ထားပြီး ၁၉၅၄-ခုနှစ် မြန်မာအမျိုး သမီးများ ထိမ်းမြားခြင်းနှင့် အမွေဆက်ခံခွင့် အက်ဥပဒေရဲ့ အား နည်းချက်တွေကို ဖော်ပြထားပါတယ်။ ကိုဘထွန်းနဲ့ မလှသီတို့ စကားပိုင်းထဲက အကြောင်းအရာများဟာ 'မျိုးစောင့်ဥပဒေ' တစ်

ရပ် ခိုင်ခိုင်မာမာ ပြဋ္ဌာန်းပေးဖို့ တောင်းဆိုနေပါတော့တယ်။

ဆရာနတ်မင်းကြီးဟာ ခေတ်ကိုမျက်ခြေမပြတ် စောင့်ကြည့်အကဲခတ်ပြီး အမျိုးဘာသာ သာသနာဘက်က အစဥ်အမြဲ ခုခံကာကွယ်ရေးသားခဲ့ပါတယ်။ ဘီဘီစီ အင်တာဗျူးမှာ ရှေ့နေတစ်ဦးက မျိုးစောင့်ဥပဒေကို ခုခံကာကွယ် ရေးသားခဲ့ပါတယ်။ (သာကီသွေး–၁၈ ရှု) ပြောမယ်ဆိုရင် မလှသီဆောင်းပါးများဟာ ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများ အားလုံးရဲ့ကိုယ်စားပြုအသံ ဖြစ်ပြီး ကမ္ဘာကပါ နားကြီးကြီးနဲ့ မျှမျှတတ နားထောင်ဆင်ခြင် နှလုံးသွင်းစေချင်တဲ့ အကြောင်းအရာများပဲ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် မဘသဥက္ကဋ္ဌဆရာတော်ဘုရားကြီး အရှင်တိလောကာဘိဝံသ (အင်းစိန်)က အာကာအကွယ် မဲ့ပြီး ရင်နာစရာကောင်းလှတဲ့ မြန်မာအမျိုးသမီးလေးများအတွက် မျိုးစောင့်ဥပဒေပြဋ္ဌာန်းပေးခြင်းဟာ ‘မိခင်များကို ကျေးဇူးဆပ်ခြင်း’ ဖြစ်ကြောင်း သာကီသွေးဂျာနယ် အမှတ် (၁) မှာကတည်းက လေးလေး နက်နက် ဖော်ပြရေးသားခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးရဲ့ အာဘောအတိုင်း ဆရာနတ်မင်းကြီးရဲ့ မလှသီဆောင်းပါးများဟာလည်း မြန်မာမိခင်များ၊ မိခင်လောင်းကလေးများကို ကျေးဇူးဆပ်ကျေးဇူးပြုသော သမိုင်းပေးတာဝန်ကျေပွန်တဲ့စာတစ်အုပ်အဖြစ် ရှုမြင်သုံး သပ်မိပါကြောင်း...။

ဂါဝရဖြင့်
**မောင်သွေးချွန်**
၂၈.၅.၂၀၁၄

(၅)

# ချီးကျူး ဂုဏ်ပြု စကားလွှာ

စာရေးဆရာ နတ်မင်းကြီး၏ **"ပြောရအုံးမယ် မလှသီရေ"** ဆိုသည့် သာကီသွေးဆောင်းပါးများ စုစည်းထားမှုကို ဖတ်လိုက်ရသည်။ အစမှအဆုံး ဖတ်လိုက်သည့်အခါ အလွန်ဗဟုတ ပြည့်စုံစွာဖြင့် စေတနာကောင်းကောင်းနှင့် အသိပညာဗဟုသုတများ ပေးထားသည်ကို တွေ့ရသည်။ စာမူပါ စာမျက်နှာများကို တဖြည်းဖြည်းဖတ်ရင်း နောက်စာမျက်နှာများကိုပါ သိချင်လာသည်၊ ဖတ်ချင်လာသည်။ ဤမျှဆွဲဆောင်မှု ရှိသည်ကို တွေ့ရသည်။

သုတ ရသတွင်သာမက လောကီလောကုတ္တရာ နှစ်ကဏ္ဍကို ခြုံငုံမိအောင် တင်ပြနိုင်တာတွေ ဥပဒေဗဟုသုတနဲ့ ကဗျာတွေကိုပါ စုံလင်အောင် တင်ပြနိုင်တာတွေကို တွေ့ရတော့ စာရေးသူရဲ့ လေ့လာမှုနဲ့ စာဖတ်ပရိသတ်အပေါ် စေတနာထား တင်ပြမှုတွေဟာ အလွန်တန်ဖိုးကြီးမားတာကို တွေ့ရပါသည်။ အမျိုးကို စောင့်ထိန်းနိုင်အောင် လမ်းညွှန်မှုတွေ ပေးထားပုံမှာလည်း စာဖတ်သူတွေအဖို့ အလွန်အသိတရား ရှိစေပါသည်။

ဒါ့ကြောင့် သုတရသ စုံလင်စွာနှင့်စုဆောင်းရေးသား တင်ပြထားတဲ့ စာရေးသူ နတ်မင်းကြီးရဲ့ စာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာဖတ်ပရိသတ်များ အဖိုးမဖြတ်နိုင်သော ဗဟုသုတနှင့် အသိပညာများ ရရှိနိုင်မှာဖြစ်ပါသည်။ နဂိုကတည်းက ပုဂ္ဂိုလ်ရေးအရ ကြည်ညိုလေးစားခဲ့ရသူ **"စာရေးသူ နတ်မင်းကြီး"**ကို ယခုစာမူ

(ည)

ကို ဖတ်ရှုလိုက်ရသည့်အချိန်တွင် ပိုမိုလို့ပင် ကြည်ညိုမိပါသည်၊

ထို့ကြောင့် အမျိုးဘာသာ သာသနာအတွက် အသက်ထက်ဆုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ယခုစာအုပ်ရေးသား တင်ပြမှုအပေါ် ဂုဏ်ပြု ချီးကျူးလိုက်ရပါသည်။

ရိုသေလေးစားစွာဖြင့် ဂုဏ်ပြုလျှက်

**ရွှေနေ ဦးအေးဖိုင် (ဉာဏ်ကျယ်လေး)**
အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)
ဥပဒေအကြံပေးနှင့် အလုပ်အမှုဆောင်အဖွဲ့

## နိဒါန်းစကား

နိဒါန်းဟူသောစကားမှာ "နိဒါန"ဟူသော ပါဠိစကားမှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရ စကားတစ်ခွန်းဖြစ်သည်။ အဓိပ္ပါယ်သည်ကား အကြောင်းဟူ၍ ဖြစ်ပါသည်၊ အကြောင်းဆိုသည်ကား ရေးသားထားသော စာကိုယ်ထည်းပါ (ဝါ)ဆောင်းပါး ထည်းပါသော မရှည်မတို အနှစ်ချုပ် ဖေါ်ပြထားသော စကားများ ပင်တည်း။

ယခု အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး (ဗဟို) အဖွဲ့က လစဉ် တစ်လ နှစ်ကြိမ်ထုတ် "**သာကီသွေး ဂျာနယ်**"၌ ဖေါ်ပြလျှက်ရှိသော "ပြောရဦးမယ် မလှသီရေ"ဆောင်းပါးကို စုစည်း၍ စာအုပ်ရိုက်လိုက်ခြင်းပင် ဖြစ်ပါသည်။ စာအုပ်ကိုလည်း 'ပြောရဦးမယ် မလှသီရေ'ဟူ၍ပင် အမည်ပေးထားပါသည်။

ဤစာအုပ်တွင် ပါသောအကြောင်းအရာများကား အမျိုးဘာသာ သာသနာကို ဥပဒေနှင့်အညီ အမြဲထာဝရ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး အလေးပေးပြီး အများတကာ နားလည်နိုင်သော အရေးအသားမျိုးဖြင့် ရေးသားထားခြင်းပင် ဖြစ်ပါသည်။ လိုရင်းကား အမျိုးစောင့် ဥပဒေ ဟူသည်ပင်တည်း။

အနည်းငယ် ချဲ့၍ ပြောလိုပါသေးသည်၊ အမျိုးဘာသာ

(၄)

သာသနာ စောင့်ရှောက်ရေး (မဟာ)အဖွဲ့ကို (၂၆-၂၇/ ၅/ ၂၀၁၃) ရက်များတွင် အောင်ဆန်းတောရတစ်ဦးကျောင်း၌ ဖွဲ့စည်းခဲ့ပါသည်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး အဖွဲ့အစည်းများကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့ကြပါသည်။ ယင်းအဖွဲ့များတွင် ဂိုဏ်းကြီး(၉)ဂိုဏ်းမှ ပရိယတ်၊ ပဋိပတ်အကျော်အမော် ဆရာတော်ကြီးများ ဥပဒေပညာရှင် လူပုဂ္ဂိုလ်များ စိတ်ပါဝင်စားသူ အမျိုးသားအမျိုး သမီးများ ပါဝင်ခဲ့ကြပါသည်။

ဤအဖွဲ့ကြီးသည် မြန်မာနိုင်ငံအတွင်း နေထိုင်ကြပြီး ဘာသာပေါင်းစုံ ကိုးကွယ်ကြသူများ အချင်းချင်း ပဋိပက္ခများ မဖြစ်ပေါ်ရေး။ အမိမြန်မာနိုင်ငံတော်ကြီးကို အရှည်သဖြင့် တည်ရှိနိုင်ရေး၊ မြတ်ဗုဒ္ဓသာသနာတော်ကြီး အရှည်သဖြင့် တည်တံ့နိုင်ရေး ပြန့်ပွားနိုင်ရေး။ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာဝင်များ၏ အိမ်ထောင်ခန်းဥပဒေများကဲ့သို့ မိမိတို့ ဗုဒ္ဓဘာသာဝင်များ အထူးအားဖြင့် အမျိုးသမီးများအားလုံးအတွက် မြန်မာဗုဒ္ဓဘာသာဝင် အိမ်ထောင်ခန်းပြဌာန်းဥပဒေများ ပီပီပြင်ပြင် အချိန်မီ ပေါ်ပေါက်လာနိုင်ရေး အလေးပေးပြီး ဥပဒေနှင့်အညီ တရားဝင် တောင်းဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။

ဤအဖွဲ့ကြီး၏ ဦးဆောင်ဆရာတော်ကြီးများက အများ တကာ နားလည်နိုင်ကြစေရန် ရည်ရွယ်ပြီး သကျဗုဒ္ဓ-သကျဝံသ စကားများကို ခေတ်နှင့်လျော်ညီအောင် "သာကီသွေးဂျာနယ်" ဟူ၍ပင် အမည်ပေးထုတ်ဝေခဲ့ကြပါသည်။

မှတ်မှတ်ရရ ဆိုရသော် ၁၃၇၅-ခု၊ ဝါဆိုလပြည့်နေ့မှစတင် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါတွင် ပြည်တွင်းသာမက

ပြည့်ပအထိ ပေါက်ရောက်နေသော ဂျာနယ်တစ်စောင်ပင် ဖြစ်နေပေပြီ။

မိမိရေးသားခဲ့သော သာကီသွေးဂျာနယ် အတွဲ (၁) မှတ် (၃) မှ အမှတ် (၂၃)အထိ ပါရှိခဲ့ပြီး ဖြစ်သောဆောင်းပါးများကို စုစည်း၍ **"ပြောရဦးမယ် မလုသီရေ"** (အမျိုးစောင့်ဥပဒေ) စာအုပ်ကို ပုံနှိပ်၍ ဖြန့်ဝေလိုက်ခြင်းပင် ဖြစ်ပါသည်။

အမျိုးဘာသာ သာသနာကို ဥပဒေနှင့်အညီ အမှန်တကယ် ရိုးရိုးသားသား ထိန်းသိမ်းစောင့်ရှောက်လိုကြသူများအားလုံး သိထားသင့် ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်းကို မိမိစာရေးသူ ဝန်ခံပါသည်။

အမှာစာရေးပေးကြသော ဒေါက်တာအရှင်သောပါက၊ စာရေးဆရာကြီး မောင်သွေးချွန်၊ ဥပဒေပညာရှင်ကြီး ဦးအေးပိုင်၊ ငွေရေးကြေးရေးကိစ္စ အကူအညီပေးခဲ့သူများ၊ စာအုပ်ဖြစ်မြောက်ရန် အဖက်ဖက်မှ အကူအညီပေးကြသူများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

**နတ်မင်းကြီး**

၂၄.၅.၂၀၁၄

# ပြောရဦးမယ် မလှသီရေ



## နှစ်မင်းကြီး

"ဒီမယ် ကိုဘထွန်း၊ ရှင်နဲ့ကျမ ဒီည(၉)နာရီကျရင် စကား ပြောစရာ ရှိတယ်။ အဲဒါ-ရှင်ညတိုင်းညတိုင်း ဘယ်မှမသွားနဲ့တော့။ ကြိုပြောထားတာ။ ဒါပဲ"

"အမိန့်ပြင်းလှချေပါကလား မိန်းမရေ။ အခုပြောလည်း ရတာပဲ"

"မဟုတ်သေးဘူးတော့၊ ကျမလည်း မအားသေးဘူး၊ ဆိုင်သိမ်း ပြီးမှ စကားပြောလို့ ဖြစ်မှာ။ ပြောမယ့်စကားက တစ်ညတည်း မဟုတ်ဘူး၊ ညတိုင်းပြောရမယ့်စကားမျိုး ရှင်ရဲ့"

"ကောင်းပါပြီကွာ၊ ငါကလည်းည(၈)နာရီဆို လက်ဖက်ရည် ဆိုင်သွားပြီး (၉)နာရီ မထိုးခင် ပြန်လာပါမယ်။ မင်းပြောမယ့်စကားက ပဟေဠိဆန်လိုက်တာ"

ကိုဘထွန်းနှင့် မလှသီတို့ အိမ်ထောင်ကျခဲ့သည်မှာ အနှစ်(၂၀) ပင် ကျော်ခဲ့ပေပြီ။ ဧရာဝတီတိုင်းမြို့ကလေးတစ်မြို့၌ နေထိုင်ကြ သည်။ ကိုဘထွန်းက ကျောင်းဆရာ အလုပ်ဖြင့် အသက်မွေးမြူလျက် ရှိပါသည်။

သူတို့မှာက သားကလေးတစ်ယောက်၊ သမီးကလေး နှစ်

ယောက်၊ သုံးယောက်ပင် ရရှိနေကြပြီဖြစ်ပါသည်။ သမီး နှစ်ယောက်ကအကြီး၊ သားကလေးက အငယ်ဆုံးဖြစ်သည်။ သားသမီးများ၏ အမည်များအသီးသီး ရှိနေကြပါသော်လည်း အမည်ကို မခေါ်၊ သမီးကြီး၊ သမီးလေး၊ သားကလေးဟုသာ ချစ်စနိုးခေါ်ဝေါ်လာခဲ့ကြသည်မှာ ယနေ့အထိပင် ဖြစ်သည်။

သမီးကြီးက တက္ကသိုလ်တစ်ခုတွင် ပညာသင်ယူခဲ့သည်မှာ ဒုတိယနှစ်ပင် ရှိပြီ။ သမီးကလေးကတော့ သူတို့မြို့ အ. ထ. က ကျောင်းတွင် (၁၀)တန်းပညာသင်ယူလျက် ရှိသည်။

မလှသီသည် နေ့ရောညပါ အားလပ်သည်မရှိ စားရေးသောက်ရေး ချက်ပြုတ်ရ၊ ဈေးရောင်းဖို့ စီမံဆောင်ရွက်ရသဖြင့် နေ့စဉ်အလုပ်များလှသည်။ ကျောင်းပိတ်ရက်များတွင် သမီးကြီး၏ အကူအညီကို ရသဖြင့် သက်သာမှုတော့ အနည်းငယ်ရလာပေပြီ။

ကိုဘထွန်းသည် ကျောင်းမှပြန်ရောက်လာလျှင် အနည်းငယ်မျှအနားယူပြီး အိမ်မှုကိစ္စရပ်များကို ပြုလုပ်ပေးလျက် ရှိပါသည်။ ညနေထမင်းစားပြီးလျှင် စာဖတ်လေ့ရှိပါသည်။ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ စာအုပ်များ စုံလှပါသည်။ ည(၈)နာရီဆိုလျှင် လက်ဖက်ရည်ဆိုင်သို့ သွားလေ့ရှိပါသည်။ (၉)ခွဲလောက် အိမ်ပြန်ရောက်တတ်သည်။

တစ်ခါတစ်ခါတော့လည်း ပညာရေးမှူးရုံးသို့ သွားရောက်ကာ ပညာရေးအတွက် ကူညီဆောက်ရွက်ပေးရသည်။ တစ်ခါတစ်ခါတော့လည်း ဘုန်းကြီးကျောင်းသို့သွားတတ်ပါသည်။

ကိုဘထွန်းသည် ယနေ့ည(၈)နာရီမထိုးမီ ဇနီးဖြစ်သူ မလှသီအား နှုတ်ဆက်ပြီး လက်ဖက်ရည်ဆိုင်သို့ သွားခဲ့သည်။ "ကိုဘထွန်း

(၉)နာရီနော်”တဲ့။ ကိုဘထွန်းကလည်း “အေးပါကွာ”ဟူ၍ ပြောဆိုကာ လက်ဖက်ရည်ဆိုင်သို့ ခပ်သွက်သွက် ထွက်ခွာသွားခဲ့လေပြီ။

“ကိုဘထွန်း ပြန်လာပြီလား၊ ရှင့်ကျန်းမာရေးကိစ္စပြီးရင် ဒီမှာလာထိုင်ပါ။ ငါးမုန့်ကြော်ထားတယ်၊ လက်ဖက်ရည်ကြမ်းလည်း ထည့်ထားတယ်။ သားသမီးတို့ကိုတော့ ကျွေးထားပြီးပြီ။

ကိုဘထွန်းသည် ကျန်းမာရေးကိစ္စပြီးလျှင် ဇနီးမလှသီ ခင်းပေးထားသော ဖျာပေါ်တွင် ထိုင်ချလိုက်သည်။

“ကဲ ပြောပေတော့ မိန်းမရေ၊ နားထောင်ဖို့ အသင့်ပဲဗျာ”

“ကိုဘထွန်းရေ တခြားမဟုတ်ဘူးတော့်၊ ဈေးလာဝယ်တဲ့သူတွေကပြောတယ်၊ အန်တီ့ဆိုင်မှာ (၉၆၉) စာရွက်ကပ်ထားတာ မတွေ့ရပါလားတဲ့၊ အဲဒါ ဘာသဘောလဲ ပြောစမ်းပါဦးတော်ရေ”

“ဩော် . . . မိန်းမရယ်၊ ငါက ဘာများလဲလို့ ရင်တထိတ်ထိတ်နဲ့”

“ကဲ-ကဲ ကိုဘထွန်းရေ၊ ဈေးဝယ်သူတွေပြောကြတဲ့ (၉၆၉) အကြောင်းပြောစမ်း”

“ဩော်မိန်းမကလည်း အ,လိုက်တာကွာ (၉၆၉) ဆိုတာ ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာ့ဂုဏ်တော် (၉)ပါး အနက်အဓိပ္ပါယ်များကို သားသမီးတို့ ယဉ်ကျေးမှုသင်တန်း စာအုပ်ထဲက ကျက်ထားတာလေ၊ ဘာထူးဆန်းလို့လဲ”

“အေး အေး ဒါဆို ပြောရသေးတာပေါ့ မလှသီရေ”

“ပြောစမ်းပါဦးတော်”

“ဒီလိုကွာ ၊လွန်ခဲ့တဲ့ (၁၅) နှစ်လောက်တုန်းက အထက်ပိုင်းတမြို့တစ်မြို့ကို ရန်ကုန်မြို့က စာရေးဆရာကြီးသုံးယောက် အတူသွားပြီး

ဘာသာရေးတရားများကို ဟောပြောခဲ့ဖူးတယ်လေ။ စာပေဟောပြောပွဲလိုပေါ့၊ သူတို့ကတော့ ဘာသာရေးသက်သက်ကို ဟောပြောကြတာ"

"ဆရာကြီးတစ်ယောက်ကတော့ စာအုပ်တောင် ထွက်လာပါသေးသတဲ့။ အဲဒီစာအုပ်က အပြင်သိပ်မရောက်ဘူးလေ၊ ဒါနဲ့ပဲ တစ်စခန်း မြုပ်သွားခဲ့ရတယ်ပေါ့"

"အခုတဖန် ပြန်ပေါ်လာတဲ့ သဘောပေါ့နော်"

"ဆိုကြပါစို့ကွာ၊ အခုတစ်ကြိမ်မှာတော့ မော်လမြိုင်မြို့က စတင်လိုက်ကြတာပါပဲ။ ဘုန်းကြီးတွေကော၊ လူတွေကော ထက်အောက် မြန်မာပြည်တစ်ပြည်လုံး (၉၆၉) အဖွဲ့တွေ အများကြီးဖြစ်လာတယ်။ တို့မြို့မှာသာ မရှိသေးတာကွ၊ အဖွဲ့မရှိပေမယ့် တို့မြို့က ဆရာတော်တစ်ပါးဆို (၉၆၉)တရားဟောလာတာ နှစ် ပေါင်း(၃၀)ကျော်နေပြီလေ"

"မော်လမြိုင်မြို့က စတင်ဖြစ်ပေါ်ခဲ့တဲ့(၉၆၉) အကြောင်း ပြောစမ်းပါဦး"

"အေးအေး မင်းနားထောင်နော်။ လေရှည်တယ်လို့ မထင်နဲ့၊ မင်းသိချင်တာရှိရင် ဖြတ်မေးပေါ့ဟုတ်လား"

"ကောင်းပါပြီတော် ၊ ပြောသာပြောစမ်းပါ"

"မော်လမြိုင်မြို့ စာသင်တိုက်များမှ ဆရာတော်များစုပေါင်းပြီး သာသနပါလ ဂဏဝါစကသံဃာ့အဖွဲ့ကို မနှစ်က စတင်ဖွဲ့စည်းခဲ့ကြပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ကြတယ်လေ။ ဆိုင်ကယ်တွေ၊ မော်တော်ကားတွေ၊ ဈေးဆိုင်တွေ၊ ဗုဒ္ဓဘာသာဝင်အိမ်တွေမှာ အို . . . စုံလို့ (၉၆၉)စတစ်ကာလေးတွေ ကပ်ထားကြတယ်လေ"

"အဲဒါ ကိုယ့်ဗုဒ္ဓဘာသာဝင်ရဲ့ ဗုဒ္ဓသာသနာ့တံဆိပ်ပဲ မဟုတ်လား၊ မကပ်ကောင်းဘူးလား ကိုဘထွန်းရယ်"

"မင်းကို ငါ မကပ်ကောင်းဘူးလို့မပြောရသေးပါဘူး"

"ဟုတ်ပါရဲ့တော်၊ ကျုပ်ကလည်း လောလိုက်တာ၊ ပြောစမ်းပါဦး"

"အေးကွာ၊ (၉၆၉) အဖွဲ့က ဗုဒ္ဓသာသနာ့တံဆိပ် (၉၆၉)ရှိတဲ့ကားတွေကိုသာ စီးကြရမယ်၊ ဈေးဆိုင်တွေမှာသာ ဈေးဝယ်ရမယ်လို့ဆိုပြီး တရားဟောကြတယ်လေ၊ လူတွေကလည်း (၉၆၉) တံဆိပ်ပါတဲ့ကားတွေ၊ ဆိုင်တွေမှာသာ ဝယ်ကြ၊ စီးကြဆိုတော့ (၇၈၆) အစ္စလာမ်ဘာသာ တံဆိပ်ကပ်ထားတဲ့ လူတွေက သူတို့ကားတွေမှာ လူစီးနည်းသွားကြတယ်။ ဆိုင်တွေမှာလည်း မဝယ်ကြတော့ဘူး၊ ဒီတော့ (၇၈၆)တွေ စီးပွားရေးကျဆင်းသွားတာပေါ့။ သူတို့စီးပွားရေး အဆင်မပြေ ဖြစ်ကြတော့ (၉၆၉)အဖွဲ့ကို စတင်တိုက်ခိုက်တော့တာပဲ"

"သြော် ဒါ့ကြောင့်ကိုး၊ ဟိုနေ့က နိုင်ငံခြားက လွှင့်လိုက်တဲ့သတင်းထဲမှာ ကြားလိုက်တယ်၊ မြန်မာပြည်က(၉၆၉)အဖွဲ့ဟာ အကြမ်းဖက်အဖွဲ့တဲ့၊ ဆရာတော်တစ်ပါးကိုလည်း မြန်မာဘင်လာဒင်တဲ့၊ အကြမ်းဖက်ဘုန်းကြီးတွေကို အရေးယူပေးဖို့ဆိုလား သတ်မှတ်ပေးဖို့ဆိုလား ကုလသမဂ္ဂထံ အစ္စလာမ်အဖွဲ့တွေ တင်သွင်းကြတယ်လေ"

"သြော် ဒီလိုဆိုတော့လည်း ငါ့မိန်းမက ဗဟုသုတရှိသားပဲ"

"မြှောက်မနေနဲ့တော်ရေ၊ ကျမက ရေဒီယိုထဲမှာ ကြားမိလိုက်တာကိုပြောတာ။ အလုပ်ကတစ်ဖက်နဲ့ဆိုတော့ ကြားလိုက်ရုံပဲ ဆိုပါစို့တော်"

"အေး အေး ဟုတ်တယ်၊ မန္တလေးက ဓမ္မကထိက စာချဆရာတော် အရှင်ဝီရသူကို တိုင်းမဂ္ဂဇင်းကြီးက အကြမ်းဖက်ဘုန်းကြီး ဆိုပြီး စွပ်စွဲသေးတယ်လေ၊

ဒါကို နိုင်ငံတော်အစိုးရကော၊ ဘုန်းကြီးအဖွဲ့တွေကော အားလုံးက ဝိုင်းပြီး ကန့်ကွက်လိုက်ကြသေးတယ်လေ၊ အဲဒီတိုင်းမဂ္ဂဇင်းကိုလည်း မြန်မာနိုင်ငံထဲ အဝင်မခံနိုင်တော့ဘူး၊ ပိတ်ထားလိုက်တယ်၊ သီရိလင်္ကာနိုင်ငံကလည်း သူ့နိုင်ငံထဲ အဝင်မခံတော့ဘူး။ ပိတ်ထားလိုက်ကြတယ်လေ။

(၂၀-၄-၂၀၁၃)ရက် ရွှေနိုင်ငံသစ် နေ့စဉ်သတင်းစာမှာ စာရေးဆရာမာဂျေက ဒါတွေပြောချင်တယ်ဆိုပြီး အပြတ်ရေးသားခဲ့ဖူးတယ်လေ"

"ဆရာမာဂျေက ဘယ်လိုရေးခဲ့သလဲ၊ ပြောစမ်းပါဦး ကိုဘထွန်းရယ်"

"ဆရာမာဂျေက ပြည်ပက ဒေါ်လာစားတွေ စွပ်စွဲသလို (၉၆၉) ဟာ နာဇီလက်သစ်ဝါဒဖြစ်တယ်ဆိုတဲ့ စကားကို လုံးဝရှုတ်ချတယ်၊ (၉၆၉)လှုပ်ရှားမှုမှာ သူများဘာသာကို တိုက်ခိုက်တာ မဟုတ်ဘူး၊ မိမိအမျိုးကို ချစ်ဖို့၊ မိမိဘာသာကို စောင့်ရှောက်ဖို့၊ မိမိအမျိုးသားစီးပွားရေးကို အားပေးဖို့ဆိုတဲ့ ဝံသာနုရက္ခိတ တရားပဲ ဖြစ်ပါတယ်။

(၉ ၆ ၉) လှုပ်ရှားမှုဟာ ဖွဲ့မီးလို ဟုန်းခနဲထပြီး ဟုန်းခနဲပျောက်သွားတာမျိုး မဖြစ်စေလိုပါဘူး။ တကယ်တော့ အမျိုးဘာသာသာသနာရေးရှုည်တည်တံ့ဖို့ နိုင်ငံရေးပါတီတွေလည်း မစွမ်းနိုင်ပါဘူး။ တပ်မတော်လည်း မလုပ်ပါဘူး။ ပြည်သူတစ်ရပ်လုံးရဲ့ ဝံသာနုရက္ခိတ စိတ်ကသာ လုပ်နိုင်၊ ကာကွယ်နိုင်မှာမို့ (၉၆၉) လှုပ်ရှားမှုမှာ

ပြည်သူအားလုံးဝိုင်းဝန်းပါဝင်သင့်ကြောင်း ဒီနေရာကန္ဒီးဆော်လိုက်ရပါတယ် ခင်ဗျားတဲ့၊ ဒါ ဆရာမာဂျေရဲ့ ခံစားချက်များပဲ ဖြစ်တယ်လေ"

"အေးတော် . . .၊ ကျမတို့ဆိုင်မှာ မနက်ဖြန်ကစပြီး (၉၆၉) တံဆိပ် ကပ်ကြရအောင် ရှာပေးစမ်းပါတော်"

"မင်းကပ်ချင်တယ်ဆို၊ ဘုရားခန်းထဲမှာ အဆင်သင့်ရှိပါတယ် မနက်ဖြန် တို့မိသားစုစုံတဲ့ မင်္ဂလာနံနက်ခင်းမှာ ကပ်ကြတာပေါ့။ အမွှေးရည်သွေးသာထား၊ အောင်သပြေညွန့်လည်း ဈေးက ဝယ်လာခဲ့ ဟုတ်လား မိန်းမ"

"စိတ်ချပါတော်၊ စိတ်ချ၊ စိတ်ချ၊ ဒါ့ထက် စောစောက ကိုဘထွန်းပြောတဲ့ စကားထဲမှာ (၇၈၆)ဆိုတဲ့ စကားပါတယ်နော်။ အဲဒါ ဘယ်လို သဘောမျိုးလဲ၊ ဆိုစမ်းပါဦး"

"အေး အေး (၇၈၆) ဆိုတာကို ပေါင်းလိုက်ရင် (၂၁)ရတယ်လေ၊ (၂၁)ရာစုမှာ ကမ္ဘာကြီးတစ်ခုလုံးကို အစ္စလာမ်ဘာသာဝင်တွေ လွှမ်းမိုးရမယ်လို့ဆိုတဲ့ သဘောကို ဖော်ဆောင်ထားတဲ့ ဂဏန်းသုံးလုံးပဲ ဖြစ်တယ်လေ။

အဲဒီအကြောင်းကို တလောက မြန်မာနိုင်ငံက အစ္စလာမ်ဘာသာဝင်တွေက (၇၈၆) ဟာ ကိုရ်အာန်ကျမ်းထဲက လာတာမဟုတ်ပါဘူး။ အိန္ဒိယက အစ္စလာမ်ဘာသာဝင်တွေ ရေးထားတဲ့ ဘာသာရေးသင်္ကေတ ဂဏန်းတစ်ခုသာဖြစ်တယ်လို့ ရှင်းလင်းပြောကြားခဲ့ကြတယ်လေ။

ဟုတ်တာမဟုတ်တာတော့ ထားပါတော့။ သဘောကတော့ တွေ့မြင်နေကြပါတယ်။ တို့များရဲ့ ဗုဒ္ဓဘာသာဝင်နိုင်ငံတွေ တုန်တော့

မယ်လေ။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့လောက်သာကျန်တော့တယ်။ မလေးရှားနိုင်ငံနဲ့ကပ်နေတဲ့ ထိုင်းနိုင်ငံ တောင်ပိုင်းမှာဆိုရင် ဗုဒ္ဓဘာသာဘုန်းကြီးတွေ စစ်တပ်နဲ့ ဆွမ်းခံကြွနေကြရတယ်။ စစ်တပ်မပါရင် လမ်းမှာ အစ္စလာမ်ဘာသာဝင်အကြမ်းဖက်တွေက လိုက်သတ်ကြတာယ်။ ဘုန်းကြီးကျောင်းလည်း မီးရှို့ပစ်ကြတယ်။

မကြာခင်က ထိုင်းအစိုးရနဲ့အစ္စလာမ်အကြမ်းဖက်အဖွဲ့ ဆွေးနွေးတိုင်ပင်ကြပြီး ထိုင်းနိုင်ငံထဲက ခရိုင်သုံးခုကို အစ္စလာမ်ဘာသာဝင်တွေရဲ့ ပြည်နယ်အဖြစ် သတ်မှတ်ပေးလိုက်ရပြီလေ။ ပြီးတော့ လွန်ခဲ့တဲ့တစ်နှစ်လောက်က ခရစ်ယာန်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံမှာလည်း သူတို့ အစ္စလာမ်ပြည်နယ်အဖြစ် ခွဲပေးလိုက်ရပြီလေ . . .၊ ဒါတွေဟာ အခုမကြာသေးတဲ့ကာလတွေက တကယ်အဖြစ်အပျက်တွေပဲဟော့။ တို့မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကို ကြည့်ရင်လည်း အစ္စလာမ် အကြမ်းဖက်သမားတွေရဲ့ လမ်းစဉ်ကို ကောင်းကောင်းကြီးသိနိုင်တယ်လေ။ မြန်မာနိုင်ငံမှာ အစ္စလာမ်ဘာသာဝင်တွေနှင့် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပေါ်လာကြရတဲ့ ပြဿနာတွေ အဓိကရုဏ်းတွေဟာ များသောအားဖြင့် ပြည်တွင်းပြည်ပ အကြမ်းဖက်သမားတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖြစ်ပေါ်လာခဲ့ကြရခြင်းသာ ဖြစ်တယ်လေ။ ဒါကြောင့် တို့များရဲ့ မြန်မာပြည်တွင်းမှာ နေထိုင်ကြတဲ့သူများအားလုံးဟာ သီတဂူဆရာတော်ကြီးရဲ့ “အိမ်ရှင်ဘာသာကို ဧည့်သည်ဘာသာက မစော်ကားရဘူး ။ လေးစားလိုက်နာရမယ်၊ တို့ဆွေတွေ၊ မျိုးတွေ သည်းခံခွင့်လွှတ်ကြပါ ”ဆိုသော အဆုံးအမ ဩဝါဒများကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် အခုလိုပြဿနာတွေ အဓိကရုဏ်းတွေ ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူးကွာ”။

"ဟုတ်တာပေါ့တော်ရယ်၊ ကျွန်မတို့အိမ်ထဲ ရောက်လာတဲ့ ဧည့်သည်ဟာ ဧည့်သည်လိုနေပေါ့။ အိမ်ရှင်လိုနေလို့ ဘယ်ရမှာလဲ၊ ဒါပေါ့ ကိုဘထွန်းရယ်"

"ဟုတ်တယ်လေ၊ အိမ်ရှင်ဟာ အိမ်ရှင်လိုနေ၊ ဧည့်သည်က ဧည့်သည်လိုပဲ နေပေါ့၊ ဒါဆို ဘာမှပြဿနာဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ အခုက ဧည့်သည်ဟာ ဧည့်သည်လိုမနေဘဲ အိမ်ရှင်လိုနေလို့ ပြဿနာတွေ ဖြစ်လာရတာပေါ့။

ဩစတြေးရီးယား ဝန်ကြီးချုပ်ကတော့ သူ့နိုင်ငံထဲမှာ လာနေကြတဲ့သူတွေအားလုံးဟာ သူ့နိုင်ငံ ဥပဒေအတိုင်း နေကြတဲ့၊ မနေနိုင်ရင် သွားကြတဲ့၊ အပြတ်ပဲပြော့ သိပ်သဘောကျတယ်".

"ဟုတ်ပါ့တော်၊ ကျွန်မတို့မြန်မာနိုင်ငံသမ္မတကြီးကလည်း ရှင်ပြောတဲ့ ဝန်ကြီးချုပ်လို မြန်မာနိုင်ငံမှာနေကြရင် မြန်မာနိုင်ငံရဲ့ ဥပဒေအတိုင်း နေကြ၊ မနေနိုင်ရင် ထွက်သွားကြဆို ပြီးတာပဲပေါ့။ ဒါဆို ဘာပြဿနာမှ ဖြစ်လာတော့မှာ မဟုတ်ဘူးပေါ့တော်"

"အေးကွာ . . . တို့ အစက ပြောခဲ့ကြတဲ့ (၉၆၉) အဖွဲ့ရဲ့ ရည်ရွယ်ချက်ကို ပြောပြဦးမယ်၊ နားထောင်ဦးနော်"

"ပြောသာပြောပါ ကိုဘထွန်းရယ်၊ နိဒါန်းပျိုးမနေပါနဲ့တော့"

"ဒီလိုမိန်းမရေ (၁) ကျောင်းတိုက်အသီးသီးရှိ သံဃာတော်များ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ရန်။

(၂)အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ညီညွတ်စွာ လွယ်ကူထိရောက် လျင်မြန်စွာ ဆောင်ရွက်ရန်။

(၃) ဗုဒ္ဓဘာသာဝင်များအား အမျိုး ဘာသာသာသနာ ကာ

ကွယ်စောင့်ရှောက်မြှင့်တင်လိုစိတ်များကို စနစ်တကျဖြင့် ဖြန့်ဝေပေးဖို့ ရန်နှင့် လိုအပ်ပါက အလွယ်တကူ အကူအညီတောင်းခံနိုင်ရန်တို့ပဲ ဖြစ်ပါသည်။ သူများဘာသာကို ဖျက်ဆီး၊ သူများဘာသာဝင်တွေကို ဖျက်ဆီးဖို့ဆိုတာတွေ လုံးဝမပါဘူးနော်။ ဆက်ပြောရဦးမယ် မလှရှိရေ"

"ပြောစမ်းပါတော်၊ ကျွန်မ မအိပ်ချင်သေးပါဘူး"

"စာရေးဆရာ မောင်သွေးချွန်ပြောတဲ့စကားကလည်း တန်ဖိုးရှိတယ်လေ။ ဆရာက "အနော်ရထာမင်းကြီးဟာ အေဒီ (၁၀၄၄) ခုနှစ်မှာ ထီးနန်းတက်ခဲ့တာ ယခု(၂၀၁၃)မှာဆိုရင် ထီးနန်းတက်ခြင်း (၉၆၉) နှစ်ပြည့်တာနှင့် တိုက်ဆိုင်နေပါတယ်။ ဒီနေ့ အမျိုးဘာသာကာကွယ် စောင့်ရှောက်ရေးလှုပ်ရှားမှုများဟာ ဘိုးဘွားတို့ရဲ့ ကြီးမြတ်တဲ့ သမိုင်းအမွေကို ဆက်ခံပြီး အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းလိုက်တဲ့ ပစ္စုပ္ပန်ခေတ်ပြိုင်သမိုင်းရဲ့ မဟာအောင်ပွဲအဖြစ် ကမ္ဘာ့မှတ်တမ်း ရေးထိုးနိုင်ပါလိမ့်မည်။

ပြီးတော့ သာသနာကာကွယ်စောင့်ရှောက်မှုများ၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးတည်ချက်ထားတဲ့ လှုပ်ရှားမှုများဖြစ်ပါတယ်။ မဇ္ဈိမပဋိပဒါလမ်းပေါ်မှာ အကြမ်းဖက် အစွန်းမရောက်တဲ့ ငြိမ်းချမ်းတဲ့ လှုပ်ရှားမှုများက စွမ်းဆောင်ကာကွယ်ပေးပါလိမ့်မယ်"လို့ ဆိုထားတယ်လေ"

"တလောက ဆရာတော်ကြီးများဦးဆောင်ပြီး မော်ဘီမှာ တစ်ကြိမ်၊ အင်းစိန်မှာ တစ်ကြိမ်၊ မျိုးစောင့်ဥပဒေ ပေါ်ထွန်းလာရေးဆိုလား လုပ်ခဲ့ကြသေးတယ်မဟုတ်လား ကိုဘထွန်း၊ အဲဒီ မျိုးစောင့်ဥပဒေအကြောင်း ပြောရရင် မကောင်းဘူးလား"

"တော်ပါတော့ မိန်းမရယ်၊ အချိန်မရှိတော့ဘူး၊ မနက်ဖြန်ကျ မှ စကားဆက်ကြတာပေါ့၊ ဒီညတော့ (၉၆၉) အဖွဲ့ရဲ့ "ဘာသာရေး သွေး နွေးကြပါစို့"လို့ဆိုတဲ့ ကဗျာ၊ သီချင်းလေးနဲ့ပဲ အဆုံးသတ်လိုက် ကြရအောင်နော်"

"ကောင်းပါပြီတော်၊ ကောင်းပါပြီ" "ကဲ မိန်းမရေ နားထောင်နော်"

*" ဗုဒ္ဓဘာသာ၊ ရှင်လူများတို့*
*အသိတရားထားသင့်ပြီ။*
*အခြားဘာသာတိုးတက်ရေးကို*
*အခြားသူများဆောင်ရွက်သည်။*
*ဗုဒ္ဓဘာသာ ၊ လူတွေအဖို့*
*သွေးအေးနေလို့ ၊ မသင့်ပြီ*
*သွေးအေးနေလျှင်၊ သာသနာပျောက်လို့*
*လူမျိုးပျောက်ဖို့ ကြုံလိမ့်မည်။*
*အဲဒါကြောင့် . . .*
*သာသနာပြန့်ပွားအောင် ကူညီ" ပါတဲ့ဗျား။*

"ဘယ်နှယ့်လဲ သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ်။ ရှင်းပြစရာတောင်မလိုပါဘူး။ ကဗျာ လေးက ရှင်းနေတာပဲ"

"၉၆၉ အဖွဲ့မူပိုင်သီချင်းသုံးပုဒ်ထဲက တစ်ပုဒ်လေကွာ။ ငါတို့ လက်ဖက်ရည်ဆိုင်မှာ အမြဲနားထောင်ကြတယ်လေ။ တို့အိမ်အတွက် မှာပေးပါဦးမယ်"

"ကောင်းပါပြီတော် ၊ဒီနေ့ည ကျမတို့လင်မယား စကားဝိုင်း အဆုံးသတ်လိုက်ကြရအောင်၊ အချိန်လည်း မနည်းတော့ဘူး၊ ပြော

(၁၂)နာရီတောင် ထိုးတော့မယ်လေ။ မနက်ဖြန်ပြောကြမယ့် မျိုးစောင့်ဥပဒေအကြောင်း မေ့နေမယ်နော်”

“အေးကွာ မမေ့ပါဘူး။ငါလည်းဆရာတော့်ဆီ သွားပြီး မျိုးစောင့်ဥပဒေမူကြမ်းလေး ဖတ်ထားပါဦးမယ်”

“ကောင်းပါပြီတော်၊ ကောင်းပါပြီ ၊ကောင်းပါပြီ”

ကိုဘထွန်းနှင့် ဇနီးမလှသီတို့လင်မယား စကားဝိုင်းမှာလည်း ယနေ့ည(၁၂)နာရီလောက်တွင် အဆုံးသတ်လိုက်ကြလေပြီတည်း။

---

“ကိုဘထွန်း အပြင်ထွက်ချင်သေးတယ်ဆိုရင် စောစောထွက်ထား၊ ဒီည ရှင်နှင့်ကျွန်မ မျိုးစောင့်ဥပဒေအကြောင်း ပြောကြရအောင်နော်”

“အေးပါကွာ၊ ငါလည်း ဆရာတော်ထံသွားပြီး စာရွက်စာတမ်းလေး တစ်ပတ်လောက် ငှားထားရဦးမယ်လေ။ ဥပဒေစာအုပ်ကိုတော့ သူငယ်ချင်းရွှေနေတစ်ယောက်ထံမှ ငှားခဲ့ပါဦးမယ်။ ပြောတော့ ပြောထားတာပဲ”

“ဟုတ်ပဲ့တော်၊ စကားပြောတယ်ဆိုတာ ခိုင်လုံမှကောင်းတယ်လေ။ ကိုယ့်အမြင်နှင့်ကိုယ်ပြောတာ မှန်ရင်တော့ ကောင်းတာပေါ့။ မမှန်ရင် သူများပြောစရာ ကဲ့ရဲ့စရာ ဖြစ်သွားနိုင်တယ်လေ”

“အေး ဟုတ်တာပေါ့ ဒါ့ကြောင့် လိုအပ်တဲ့စာရွက်စာတမ်းများနှင့် ဥပဒေစာအုပ်များကို သွားငှားဦးမယ်လို့ ပြောတာပေါ့”

ကိုဘထွန်းနှင့်မလှသီတို့လင်မယား နှစ်ယောက် စကားပြောနေစဉ် ပင် သမီးကြီးက

“အဖေတို့ အမေတို့ ထမင်းစားကြရအောင်၊ ထမင်းပွဲပြင်ပြီး

သွားပါပြီ၊ ညီမလေးနှင့် မောင်လေးတို့လည်းလာကြ၊ ထမင်းစားရအောင်” ဟု လှမ်းပြောနေပါသည်။

ကိုဘထွန်းတို့မိသားစုလည်း ညနေစာ ထမင်းစားနေကြပေပြီ။ မိသားစုထမင်းဝိုင်းကား နံနက်ပိုင်းတွင် မဖြစ်သည်ကများ၏၊ အလုပ်သွားသူသွား၊ ကျောင်းတက်သူကတက်နှင့် မဆုံကြပေ။ ညနေထမင်းဝိုင်းတွင်သာ ဆုံတတ်ကြပါသည်။ မိသားစုထမင်းဝိုင်းသည်ကား တိတ်ဆိတ်လှပါ၏။ ဇွန်းသံ ပန်းကန် သံ မကြားကြရ။ စကားပြောသံ မကြားကြရ။ ယနေ့ခေတ်တွင် များသောအားဖြင့် ထမင်းဝိုင်းကျမှ လူစုံသဖြင့် ထမင်းဝိုင်းအပြင် စကား ပြောဝိုင်းလည်း ကျင်းပလေ့ရှိတတ်ကြပါသည်။

အမှန်မှာတော့ ထမင်းစားရင်း စကား မပြောသင့်ကြပါပေ။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် ရဟန်းတော်များ၊ ကိုရင်များအား “ထမင်း(ဆွမ်း)စားရင်း စကားမပြောရ၊ ပြောတဲ့ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ၊ ကိုရင် ဒဏ်သင့်စေ” ရယ်လို့ ဝိနည်းသိက္ခာပုဒ်များ၊ ဥပဒေများ ပြဋ္ဌာန်းပေးပြီး ဆုံးမစကား ပြောဆိုတော်မူခဲ့သည် မဟုတ်ပါလော၊ လူသားများအားလုံး သတိထားပြင်ဆင်ရမည် ဖြစ်ပါသည်။

ကိုဘထွန်းတို့ ထမင်းစားဝိုင်းသည် ထိုသို့မဟုတ် တိတ်ဆိတ်နေသည်။ အဖေဖြစ်သူ က ခေါင်းရင်းကထိုင်သည်၊ အမေဖြစ်သူက အဖေ၏ဘယ်ဘက်က ထိုင်သည်။ သားနှင့်သမီးတို့က ခြေရင်းဘက်က အသီးသီးထိုင်၍ စားသောက်ကြပါသည်။ သားသမီးများကလည်း အဖေ့ပန်းကန် အမေ့ပန်းကန်ထဲ ဦးချပြီးမှ စားသောက်ကြပါသည်။ ယနေ့ ခေတ်တွင်ကား အသက် အငယ်ဆုံးကလေးတွေက ခေါင်းရင်းကထိုင်ပြီး စားသောက်နေကြပေပြီ၊ ဝမ်းနည်းစရာပင်

တည်း။ ကိုဘထွန်းတို့ မိသားစုထမင်းဝိုင်းသည် ကျက်သရေရှိလှသည့် ထမင်းဝိုင်းပင်ဖြစ်သည်ဟု မိမိဆိုချင်ပါသည်။

ကိုဘထွန်းသည် ညနေစာထမင်းစားပြီး ဆရာတော်ကျောင်းသို့သွားခဲ့လေပြီ။ ဆရာတော်များအား အကျိုးအကြောင်းများ လျှောက်ထားပြီး ဩဝါဒခံယူကာ သူငယ်ချင်း ရွှေနေအိမ်သို့ သွားရောက်ခဲ့ပြန်ပါသည်။ ရွှေနေသည်လည်း ကိုဘထွန်း၏သူငယ်ချင်း ဖြစ်နေ၍ သူပိုင်ဥပဒေစာအုပ်ကို လွယ်လွယ် ကူကူပင်ငှားရမ်းလိုက်ပါသည်။

ကိုဘထွန်းသည် သူငယ်ချင်းရွှေနေ ခေါ်ခဲ့ပြီး လက်ဖက်ရည်ဆိုင်သို့ ဝင်ခဲ့ကြပါသည်။ လက်ဖက်ရည်တစ်ခွက် ခပ်သွက်သွက်သောက်ပြီး သူငယ်ချင်းနှစ်ယောက် လမ်းခွဲကြကာ အသီးသီးအိမ်သို့ပြန်ခဲ့ကြပါ သည်။

"ကိုဘထွန်း ရှင်ပြန်လာတာ စောလှ ချေလား"

"စောဆို၊ ငှာရမ်းလာတဲ့စာရွက်စာတမ်းများ စာအုပ်များဖတ်ထားရအောင်လေ"

"ကောင်းပါ့တော်၊ ကောင်းပါ့၊ ကောင်းပါ့"

ကိုဘထွန်းသည် သူ၏စာဖတ်ခန်းထဲတွင် စာရွက်များ၊ စာအုပ်များဖတ်ရှုနေသည်မှာ တစ်နာရီကျော်ကျော်ကြာသွားပေပြီ။ မလှသီသည်လည်း သမီးများနှင့်အိမ်ဆိုင်လေး သိမ်း နေပေပြီ။ သမီးနှစ်ယောက်ကိုပဲ တစ်နေ့တာ ဈေးရောင်းငွေများကို ဂဏန်းတူ အရွက်တူ ရေတွက်ခိုင်းပြီး သားရေကွင်းများနှင့် ပတ်ခိုင်းထားလေသည်။ ပြီးလျှင် စာရင်းစာအုပ်ထဲ ရေးသွင်းထားလိုက်ပါသည်။ ငွေကိုလည်း ဘီဒိုအံဆွဲထဲ၌ သိမ်းထားလိုက်ပါသည်။ မလှသီ၏ တစ်နေ့တာဈေးဆိုင်ကိစ္စများလည်း အဆုံးသတ်လိုက်ပေပြီ။ မလှသီသည် အိပ်ရာထဲ၌ ခေတ္တအနားယူ

လိုက်ပါသည်။

ကိုဘထွန်းသည်လည်း စာဖတ်ခန်းထဲတွင် စာဖတ်နေဆဲပင် ရှိသေးသည်။ သံပတ်ပေးနာရီသံက (၉)ချက်မြည်လာသည်။ ကိုဘထွန်းသည် ကြည့်နေဆဲစာအုပ်ကို အမှတ်အသား စာရွက်လေးများညှပ်ကာ ပိတ်ထားလိုက်သည်။ ကျန်းမာရေးကိစ္စ ဆောင်ရွက်ပြီး သူ့ဇနီးမလှသီအား အသံပေးလိုက်သည်။

"ကဲ-မလှသီရေ (၉)နာရီထိုးသွားပြီ၊ ဒို့စကားဝိုင်းစလိုက်ကြရအောင်၊ ဘာလဲ မင်း နေမကောင်းဘူးလား"

"နေကောင်းပါတယ်တော်၊ အထိုင်များပြီး ကျောအောင့်တာနဲ့ ကျောအောက်က ရွှေခေါင်းအုံးကလေးခံပြီး အကျောဖြေတာပါ။ အဆင်သင့်ပါပဲတော်"

မလှသီသည်လည်း ပြောပြောဆိုဆိုဖြင့် အိပ်နေရာမှ ထထိုင်ကာ ကြိုတင်စီစဉ်ထားသော အရီတောင်းလက်ဖက်အုပ်နှင့် ငါးရံ့ခြောက်အုပ်၊ ရေနွေးကြမ်းအိုးတို့ကို သူတို့စကားပြောမည့်နေရာသို့ သယ်ယူသွားပြီး ချထားလိုက်ပါသည်။ ကိုဘထွန်းသည်လည်း သူတို့ထိုင်ကြမည့်နေရာ၌ စာရွက်စာတမ်းများ ချထားလိုက်ပါသည်။

"ကဲ-ကဲ-မိန်းမရေ၊ ဒို့-ဒီည ဘယ်က စပြောကြမလဲ"။

"မနေ့ညက ရှင်ပဲ ပြောခဲ့တာပဲလေ၊ အမျိုးစောင့်ဥပဒေအကြောင်း ပြောမယ်ဆို"

"အေးပါကွာ ဟုတ်ပါတယ်။ ငါက ဘယ်ကနေစပြောရမယ်ဆိုတာ အစရှာမရသေးလို့ပါ"

"ဩော်-ဒီလိုလား၊ ဒါဆိုကိုဘထွန်းရယ်၊ အမျိုး+စောင့်+ဥပဒေ

လို့ဆိုတဲ့စကားထဲက အမျိုးစောင့်လို့ဆိုတဲ့ စကားကနေ စပြောရရင် မကောင်းဘူးလား"

"အေးအေး ဟုတ်တယ် ဟုတ်တယ်၊ အစရပြီပေ့ါ၊ ဒါကြောင့် ငါ့မိန်မကို အားကိုးရတာ"

"မြှောက်မနေပါနဲ့တော်ရေ၊ ကျုမက ဈေးရောင်းနေတာဆိုတော့ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အဆင့်ပေါင်းစုံ လူတွေနှင့် အချိန်ပြည့်လိုလို ဆက်ဆံနေရတာဆိုတော့ လူတွေရဲ့ စရိုက်ကို အကဲခတ်မိနေတယ်လေ"

"အင်း အင်း ဟုတ်ပါပြီ၊ ဒီလိုဆိုရင် မိန်းမကိုပဲ ကိုယ်မေးရဦးမယ်"

"ဆိုစမ်းပါဦးတော်"

ဒီလိုလေကွာ၊ မိန်းမရဲ့ဈေးဆိုင်မှာ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အဆင့်ပေါင်းစုံ မှ ဈေးဝယ်လာကြတယ်ဆိုတော့ အစ္စလာမ် ဘာသာဝင် လူမျိုးတွေလာဝယ်တာရှိလား"

"ဟုတ်တယ်တော်ရေ၊ အခြားဘာသာဝင်လူတွေ အားလုံးလိုလို လာရောက်ဝယ်ယူကြပေမယ့် ရှင်ပြောတဲ့ အစ္စလာမ်ဘာသာဝင် လူမျိုးတွေ လာဝယ်တာ မရှိပါဘူး"

"အေးကွာ၊ အဲဒါ သူတို့ရဲ့ဘာသာနှင့် လူမျိုးကို စောင့်တာပဲလေ"

"ရှင့်စကားက ဈေးဝယ်တာနှင့်ဘာသာ လူမျိုးစောင့်တာ ဘာဆိုင်လို့လဲ။"

"ကောင်းရော၊ ငါ့မိန်းမ ဒီနေရာမှာ အတွေးအခေါ်ချော်သွားပြီပေ့ါ၊ မင်းနားထောင် ငါပြောပြပေးမယ်" "ကောင်းပါပြီတော်၊

ကဲ ကဲ ဘယ်လိုပဲ ဖြစ်ဖြစ် ကိုဘထွန်းရယ် ၊ အတွေးအခေါ် ချော်ချော်၊ မချော်ချော် ရှင့်အမြင်ကိုသာ ပြောစမ်းပါဦး”

“ကောင်းပြီလေ၊ ဒီလိုကွာ တို့ဗုဒ္ဓဘာသာဝင်တွေ၊ ခရစ်ယာန်ဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေ ရောင်းတဲ့ဆိုင်မှာဆိုရင် အစ္စလာမ်ဘာသာဝင်လူမျိုးတွေက မဝယ်ရဘူး။ ဝယ်တယ်၊ စားတယ်ဆိုရင် သူတို့ရဲ့အစ္စလာမ်ဘာသာဝင်တွေကို စော်ကားတာ ဖြစ်တယ်။ သစ္စာဖေါက်တာဖြစ်တယ်ဆိုပြီး ကြီးလေးတဲ့ အပြစ်တွေ အပေးခံကြရတယ်လေ။ အချို့ဆိုရင် အသက်ပါ ဆုံးရှုံးတဲ့အထိ အပြစ်ပေး ခံကြရတယ်၊ သူတို့ရဲ့ အမျိုး ဘာသာကို မစောင့်တဲ့အတွက်ကြောင့် အပြစ်ပေးခံရခြင်းပါပဲ။

အခြားဘာသာဝင်တွေကတော့ အစ္စလာမ်ဘာသာဝင် လူမျိုးတွေရောင်းတဲ့ ဆိုင် မှာလည်း ဝယ်ယူကြတာပါပဲ။ မရွေးချယ်ကြပါဘူး။ ဒီတော့ဘာဖြစ်သလဲဆိုတော့ သူ့အမျိုး သူ့ဘာသာဝင်တွေကို အားပေးရာ ရောက်တာပေါ့။ ကိုယ့်ဘာသာဝင်တွေ ကိုယ့်လူမျိုးတွေကိုလည်း စောင့်ရှောက်ရာ မကျတော့ဘူး။ ဖျက်ဆီးရာလည်း ရောက်တာပေါ့။ တို့ဗုဒ္ဓဘာသာဝင်တွေ အလေးဂရုပြုကြတဲ့ မြန်မာနိုင်ငံမှာ အစဦးဆုံးပေါ် ပေါက်လာခဲ့တဲ့ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး**ဆိုရင် သူ့ဒကာတွေကို “ဒကာတို့ ဈေးဝယ်ကြတဲ့အခါ ဈေးများရင် များပါစေ၊ ဒို့ ဗုဒ္ဓဘာသာဝင်တွေရောင်းတဲ့ ဆိုင်မှာသာ ဝယ်ယူကြပါ။ ဗုဒ္ဓဘာသာဝင်တွေ ချမ်းသာ တယ်ဆိုရင် ဒို့ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာအတွက် ပြန်လှူကြတာချည်းဖြစ်တယ်။ **အစ္စလာမ်ဘာသာဝင်တွေကျတော့ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာတော်အတွက် လှူရိုးထုံးစံမရှိကြဘူး။ သူတို့ဘာသာ သူတို့သာသနာအတွက်သာ**

လှူကြတာချည်းပါပဲ” ရယ်လို့ ဩဝါဒ စကားမိန့်ကြားတော်မူခဲ့ဖူးပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒ စကားတော်ဟာ အလွန်ပဲ တန်ဖိုးရှိလှပါတယ်။

ဒါကို တို့ဗုဒ္ဓဘာသာဝင်တွေက နားမလည်ကြဘူး။ ဈေးသက်သာတဲ့ဆိုင်မှာသာ ဝယ်ချင်ကြတယ်။ ဒါဟာ စီးပွားရေးနှင့် လူမျိုးကို မစောင့်ကြတာပဲဖြစ်တယ်လေ။ သူတို့ဘာသာဝင်တွေ၊ လူမျိုးတွေကျတော့ သူတို့ဘာသာဝင်တွေ လူမျိုးတွေဆိုင်မှာသာ ဝယ်ယူကြတယ်လေ။ ဒါဟာလည်း သူတို့ ဘာသာ သူတို့လူမျိုးကို ချစ်ကြလို့ စောင့်ရှောက်နေကြတာဖြစ်တယ်လေကွယ်”

“ဩော် ဒီလိုဆိုတော့လည်း ရှင်းပါပြီ၊ ကျမသဘောပေါက်ပါပြီတော်”

“နေဦးကွယ်မိန်းမရဲ့။ အမျိုးဆိုတဲ့အကြောင်း နဲနဲချဲ့ပြောရဦးမယ်”

“တော်ရယ်၊ ကျောင်းဆရာမို့ တော်သေးတယ်။ ရှေ့နေဆိုရင် ပိုရှည်မှာပဲနော်”

“ကျောင်းဆရာရှည်မရှည် မင်း အသိ ဆုံးပါကွာ”။

“လျှာရှည်တာကို ပြောတာပါတော်၊ တခြားမတွေးပါနဲ့။ ရှင်လည်း အတွေးတွေ ချော်သွားပြီနော်၊ သတိထားပြော”

“အေးပါ ဟုတ်ပါတယ်၊ ဒီလိုကွာ. . . အမျိုးဆိုတာ မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ မြန်မာတစ်မျိုးသားလုံးကို ပြောတာလေ။ ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော လို့ဆိုတဲ့ အထက်(၇)ဆက်၊ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆတ်လို့ဆိုတဲ့

အောက်(၇)ဆက်ကို ပြောတာ မဟုတ်ဘူးနော်၊ မြန်မာနိုင်ငံဆိုတော့ မြန်မာတစ်မျိုးသားလုံးကို အမျိုးရယ်လို့ချည်း ပြောတာလေ"

"ရှင်ပြောတာအစကတော့ ရှင်းမလိုလိုနဲ့ အခုတော့ရှုပ်သွားပြီ"

ဩော်. . မိန်းမကလည်း နားဝေးလိုက်တာကွာ။ အေးအေး ရှင်းအောင် ပြောပေးပါ့မယ်။ ဒီလိုကွာရှေးတုန်းက မြန်မာပညာရှိကြီးတွေက-

"မြန်မာသတ္တ၊ မွန်လေးဝ၊ ရှမ်းက သုံးဆယ်ဖြစ်။ ကုလားကခြောက်ဆယ်၊ လူမျိုးသွယ်၊ မှတ်ဖွယ်တစ်ရာ့တစ်" လို့ ဆိုပြီး ကမ္ဘာမှာရှိနေကြတဲ့ လူမျိုးတွေကို သတ်မှတ်ပြခဲ့ကြတယ်လေ။ ကုလားခြောက်ဆယ်မှတစ်ပါး အခြားလူမျိုးတွေကတော့ ဒို့မြန်မာနိုင်ငံမှာရှိနေကြတဲ့ လူမျိုးတွေချည်း ဖြစ်တယ်ပေါ့။ ဒို့မြန်မာနိုင်ငံမျိုးနွယ်စုများကိုလည်း သမိုင်းပညာရှင်များက (၁၃၅)မျိုး ရှိတယ်လို့ ဆိုခဲ့ကြတယ်လေ"

"ကိုဘထွန်း မြန်မာမျိုးနွယ်စု (၁၃၅) မျိုးကို ရှင်သိရင် အကျဉ်းလောက် ပြောစမ်းရှင်"

"ဗမာ(၉)မျိုး၊ မွန်(၁)မျိုး၊ ကချင် (၁၂) မျိုး၊ ကယား(၉)မျိုး၊ ကရင် (၁၁)မျိုး၊ ချင်း (၅၃)မျိုး၊ ရှမ်း(၃၃)မျိုး၊ ရခိုင်(၇)မျိုး အားလုံးဆိုရင် မြန်မာမျိုးနွယ်စု(၁၃၅)မျိုး ရှိတယ် ပေါ့ကွယ်။

"မြန်မာသတ္တဆိုတာ မြန်မာ(ဗမာ) တောင်သူကမ်းယံပျူယော ရခိုင်ထားဝယ် ရယ်လို့ မြန်မာ(၇)မျိုးရှိပါတယ်။"

"မွန်လေးဝဆိုတာကကော"

"မွန်လူမျိုးက(၄)မျိုးရှိတယ်လို့ ဆိုလို ခြင်းပဲ ဖြစ်တယ်လေ"

"မွန်တိ၊ မွန်နန်၊ မွန်ညန်၊မွန်တာ ဤလေးဖြာ၊ မှတ်ပါမွန်လူမျိုး"

လို့ ဆိုတဲ့စကားအရ မွန်တိလူမျိုး၊ မွန်နန်လူမျိုး၊ မွန်ညန်လူမျိုး၊ မွန်တာလူမျိုးတို့ပါပဲကွာ၊"

ရှမ်း(၃၀) ဆိုတာကတော့ "လင်းသက် ကထူး၊ ကရင်ထူး၊ တထူးချင်း ကချင်၊ အကျော်ကသည်း၊ စသည်သီး၊ ရှမ်းကြီးသုံး ဆယ်ပင်" လို့ဆိုတဲ့ စကားအရ လင်းလူမျိုး၊ သက်၊ ကထူး၊ ကရင်၊ချင်း၊ ကချင်၊ အကျော်၊ ကသည်း၊ မြန်၊ ဂင်၊ ဇဝ၊ မျက်နှာမည်း၊ ရေး မီးထွက်၊ ကရက်၊ လဝ၊ လော၊ ပန်းလောင်၊ တရက်၊ ယွန်း၊ ခုံ၊ ရင်၊ မနု၊ ဘအူ၊ ဂနော၊ ယောန်၊ လဝိုက်၊ တရုတ်၊ ယိုးဒယား၊ အနဲ၊ ရှမ်းတို့ပဲ ဖြစ်တယ်"

"ကိုဘထွန်း ဒီလိုဆိုတော့ ကျမတို့ ကရင်လူမျိုးတွေက ရှမ်းလူမျိုးထဲမှာ ပါတာပေါ့နော်"

"အေးကွာ သမိုင်းပညာရှင်အချို့က ကရင်လူမျိုးဟာ မြန်မာ(၇) မျိုးထဲက ကမ်းယံ လူမျိုးဖြစ်တယ်လို့ ဆိုကြပါတယ်။ သမိုင်း ပညာရှင် အချို့ကတော့ ရှမ်းလူမျိုး သုံးဆယ်ထဲက ကရင်လူမျိုး ဖြစ်တယ်လို့ ဆိုကြတယ်လေ။ ဘာပဲဖြစ်ဖြစ် ကရင်လူမျိုးဟာ တိုင်းရင်းသား လူမျိုး တစ်မျိုးပါပဲ။ ဘာလဲ မလှသီ ကြောက်လို့လား၊ မကြောက်ပါနဲ့ မလှသီ မှာ မှတ်ပုံတင်ရှိသားပဲ၊ ဘယ်တိုင်းပြည်ကိုမှ ပြန်မပို့ရပါဘူး"

"တော်ရေ ကျမက အဖေကရင်၊ အမေကရင် ကရင်စစ်စစ် တော်ရေ"

"မသိပါဘူးကွာ မှတ်ပုံတင်အရာရှိ တွေနှင့်ပေါင်းပြီး မှတ်ပုံတင် ရထားတာလားလို့"

"ရှင်ဟာကလည်း ဟို မလွတ်၊ ဒီ မလွတ်နဲ့ စကားပြောတာ ကြည့် ပြော၊ တော်ကြာကျောင်းဆရာ ပင်စင်ကလေးတောင် မရလိုက်ဘဲ ဖြစ်နေ

ဦးမယ်"

"အေး အေး ဟုတ်တယ် ဟုတ်တယ်။ ရှေးစကားတစ်ခွန်း ရှိတယ်"

"တော်တို့ရွာ မှန်တာပြော၊ ရိုက်တတ်တယ်တဲ့တော့လေး"

"ဟယ် ကိုဘထွန်းကလည်း ပိတ်မရ ဆို့မရ အဲဒီအကြောင်း မပြောနဲ့တော့၊ တော်ပြီ ကျုမသိချင်တာမေးရဦးမယ်"

"ဆိုစမ်းပါဦး မလှသီရေ"

"ကရင်လူမျိုး ဘယ်လောက်ရှိသလဲ"

"အင်း အဖေကရင် အမေကရင်ဆို မိန်းမရယ် . . . ကရင် အကြောင်းတောင် မသိပါလား ကိုယ်ပြောခဲ့ပြီးပြီလေ၊ ကရင်မျိုး နွယ်စု(၁၁)မျိုး ရှိတယ်လို့လေ"

"ကရင်(၁၁) မျိုးကို ရေတွက်ပြပါဦးတော်"

"မွန်ပိုးစကော၊ မိုးပွားမောနေ၊ ဘွဲ့ ကလေချီ၊ တလေပွားပကူး၊ ကရင်ဖြူ ကရင်၊ ဆယ်တစ်အင်၊ ကရင်လူမျိုးပေါင်း"လို့ ဆိုတဲ့ စကားအရ မွန်ပိုစကော၊ မိုးပွားမော နေပွား ကလေချီ(ပလေးကြီး) တလေပွား ပကူးကရင်ဖြူ ကရင်နီ၊ ဘွဲ့ကရင်ရယ်လို့ဆိုပြီး ကရင်(၁၁) မျိုးရှိတယ်လို့ဆိုခဲ့ကြပါတယ်။ ယနေ့ခေတ်မှာတော့ ကရင်လူမျိုးပေါင်း (၁၃) မျိုးရှိတယ်လို့ ဘားအံကရင် အမျိုးသား ပြတိုက်မှာ ကရင်စုံတွဲ တွေကို ပြထားတာကို တွေ့ခဲ့ရဖူးတယ်လေ"

"ကုလားခြောက်ဆယ်ဆိုတာကိုကော ရှင်သိပါသလား။ ဗဟုသုတ အဖြစ် ပြောစမ်းပါဦး"

"အေးအေး ကဲကဲ နားထောင်ဗျား။ ကုလားခြောက်ဆယ် ရေတွက်ပြပါ့မယ်။

"ဇမ္ဗူတံဆိပ်ကျမ်းမှာပါတယ်လေ။ ဒါကို သုတေသနပြု ဆရာတော်က သူ့ကျမ်းမှာ ရေတွက်ပြထားတယ်။ ငါဖတ်ပြမယ်နော်"

"သူတယ်၊ ပူရန္တေ၊ အာသံ၊ ရေသူ၊ ပန်းသေး၊ ပဋိက္ခယား၊ နောင်လာ၊ ကုလားဖြူ၊ ဘရင်ဂျီ၊ ဘာလိ၊ လိဝိ၊ သီဟိုဠ်၊ သိန်း၊ စန္ဒာ၊ မောပ၊ ဒေးကိုး၊ နားထိုး၊ စောရာ၊ ပစ္ဆိဟာ၊ ဘောဓ၊ သုတ္တံ၊ ခင်းကျံ၊ ဥမြ၊ ဇိနပတ္တာ၊ ပုရံ၊ သင်းတွဲ၊ စေတုတ္တရာ၊ သက္ကတံ၊ ဝိန်ရိုး၊ မက္ကတိ၊ သူလီ၊ မန္တရာဇ်၊ အော်လံတော၊ အော်လံတစ်၊ ယစ်ပလစ်၊ ဟော်ရတော်၊ ဇဝိ၊ ပသီ၊ ဟိန္ဒူ၊ ကလယ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရှုရှား၊ ကျေးကုလား၊ ဒုံကုလား၊ ဇော်ဂီ၊ မာလီ၊ ဘောရီ၊ သောယုတ်၊ လဟုတ်၊ ဒေါရော၊ ခန္တီ၊ ပသျှူး၊ တပသီ၊ ဟာရီ၊ လာကာ၊ ဝိစ္ဆဒေါလာ၊ ဒေါရဏ၊ ဘင်္ဂါလီ၊ ဗာရာဏသီ လူမျိုးတို့ဟာ ကုလားမျိုးခြောက်ဆယ်ပါပဲ။ အိန္ဒိယ နိုင်ငံမှာဆိုရင် လူမျိုး(၃၀၀) ဘာသာစကား (၃၀၀) ဇာတ် (၂၀၀)ကျော် ရှိတယ်လို့ သုတေသန သရုပ်ပြအဘိဓာန်ကျမ်းပြု ဆရာတော်က မိန့်ဆိုထားတော်မူပါသည်။

"ဒါထက် ကိုဘထွန်း ရှင်ပြောတဲ့ ကုလားခြောက်ဆယ်ထဲမှာ ရိုဟင်ဂျာကုလား လူမျိုးဆိုတာ မပါပါလား"

"မပါဆို ဟိုတုန်းက ရိုဟင်ဂျာလူမျိုး ဆိုတာမရှိဘူးလေ။ ဒါ့ကြောင့် မပါတာပေါ့ကွာ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂလီ ဘင်္ဂါ လူမျိုးတွေဟာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲ ရောက်လာကြပြီး နေထိုင်ကြပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်ရောက်တော့ ဘင်္ဂလားဒေ့ရှ် ကုလားတွေကို ဘင်္ဂလားဒေ့ရှ် နိုင်ငံကို ပြန်ပို့ပေးပါ တယ်။ အိန္ဒိယကုလား လူမျိုးတွေကိုလည်း အိန္ဒိယနိုင်ငံ ပြန်ပို့ပေး တယ်။ ဘင်္ဂလားဒေ့ရှ်ကုလားလူမျိုးတွေက မြန်မာနိုင်ငံထဲ ပြန်ဝင်နေ

လိုတာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ညှိနှိုင်းပြီး ကုလားတွေကို ပြန်လည်လက်ခံလိုက်ရတယ်လေ။ သူတို့ နဂိုနေခဲ့ကြတဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ နေထိုင်ခဲ့ကြပါတယ်။

အဲဒီကုလားလူမျိုးကို ကုလားစကားနဲ့ ရခိုင်စကားနှစ်မျိုး ပေါင်းစပ်ပြီး ရိုဟင်ဂျာရယ်လို့ ခေါ်ဝေါ်လာခဲ့ကြခြင်းပဲဖြစ်တယ်လို့ ဆိုကြတယ်။ အဓိပ္ပါယ်ကတော့ ပြည်တော်ပြန်လို့ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရိုဟင်ဂျာ လူမျိုးဆိုတာ မြန်မာနိုင်ငံမှာ လုံးဝမရှိဘူး ရယ်လို့ ပြောဆိုနေကြခြင်းပဲ ဖြစ်တယ်။ ဒို့ စကားဝိုင်းကို ရှေ့ဆက်ကြရအောင်နော်”

“ကောင်းပါပြီတော် . . . ”

“အမျိုးဆိုတာကို မြတ်ဗုဒ္ဓရဲ့စကားအရ ပြောရမယ်ဆိုရင် ‘ကုလ’လို့ ခေါ်ပါတယ်။ ‘ကုလ’ဆိုတာအမျိုးပေါ့။ ‘ကုလ’အမျိုးတဲ့။ ပြီးတော့ ‘**စောင့်**’ဆိုတဲ့ စကားကို ဆက်ပြောမယ်နော် ဟုတ်လား မလှသီ အိပ်ချင်ပြီလား”

“မအိပ်ချင်သေးပါဘူးတော်၊ ဆက်သာပြောပါ။”

“**စောင့်**ဆိုတဲ့စကားကို အပြည့်အစုံပြောရမယ်ဆိုရင် စောင့်ရှောက်တယ်လို့ဆိုလိုတယ်လေ။ လူတစ်ဦးတစ်ယောက်ကပဲ ဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ဖွဲ့ကပဲဖြစ်ဖြစ်၊ လူတစ်ယောက်၊ အဖွဲ့အစည်းများ၊ ပစ္စည်းပစ္စယများကို ဖျက်ဆီးခြင်း မခံကြရအောင်၊ ပျက်စီးမှုတွေ မဖြစ်ရလေအောင် အကာအကွယ်ပေးပြီး စောင့်ရှောက်နေတယ်။ စောင့်ရှောက်ထားတယ်လို့ အဓိပ္ပါယ်ရောက်တယ်လေ။ ဒါကြောင့်မို့ အချို့က ထိန်းသိမ်းစောင့်ရှောက်တယ်လို့ ဆိုရခြင်းပဲဖြစ်တယ်လေ။

သဒ္ဒါဆရာ ပြောတဲ့အတိုင်း ပြောရမယ်ဆိုရင်တော့တွယ်-

"ဆန်မှကျီးတို့ကို စောင့်ရှောက်ကြကုန်၏။ မုယောစပါးမှ နွားတို့ကို တားမြစ်ကြကုန်၏။ အကာအကွယ်ပေးကြကုန်၏"တဲ့။

အဲဒီစကားများကို သုံးသပ်ကြည့်ရင် စောင့်ရှောက်ကြကုန်၏။ တားမြစ်ကြကုန်၏ဆိုတာ ဆန်များ၊ စပါးများကို အဖျက်အဆီး မခံကြရလေအောင်၊ ပျက်စီးမသွားကြရလေအောင် အကာအကွယ်တွေ ပေးပြီး ထိန်းသိမ်းစောင့်ရှောက်တယ်လို့ ဆိုခြင်းဖြစ်တယ်လေကွယ်။

ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လို့ဆိုတဲ့ မြန်မာစကားများကို အကျဉ်းချုံးပြောမယ်ဆိုရင် "စောင့်ရှောက်" လို့ဆိုတဲ့ စကားတစ်ခွန်း တည်းနဲ့ပဲ ပြည့်စုံသွားပြီလို့ ပညာရှင်ကြီးများ ယူဆတော်မူခဲ့ကြတယ် ကွယ့်။ ဒါကြောင့်ပဲ "အမျိုးစောင့်"ရယ်လို့ သုံးနှုန်းတော်မူလိုက်ကြ ခြင်းပဲ ဖြစ်တယ်လေ။

အဲဒီလိုစောင့်ရှောက်တဲ့နေရာမှာလည်း စောင့်ရှောက်ပုံခြင်း တော့ ကွာခြားတယ်လေ။"အချို့က ကိုယ်ပိုင်၊ အချို့က အဖွဲ့ပိုင်၊ အချို့က အသင်းပိုင်၊ အချို့က ပြည်သူပိုင်၊ နိုင်ငံပိုင်၊ အစိုးရပိုင်၊ စစ်တပ်ပိုင် စသည်ဖြင့် ထားရှိခဲ့ကြပြီး စောင့်ရှောက်ကြတယ်လေ။ တရားသဖြင့် စောင့်ရှောက်တာပဲဖြစ်ဖြစ်၊ မတရားသဖြင့် စောင့် ရှောက်တာပဲဖြစ်ဖြစ် စောင့်ရှောက်တာချည်းပါပဲ မလှသီရယ်"

"ကဲပါတော်၊ ရှင်ပြောနေတဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက် တယ်လို့ဆိုတဲ့စကားကို ကျွန်မသဘောပေါက်ပါပြီ။ ကျွန်မတို့ မွေး ထားတဲ့ သားလေးတွေ၊ သမီးလေးတွေကို သူတစ်ပါးတို့ မနှိပ်စက်နိုင် အောင်၊ မဖျက်ဆီးနိုင်အောင်၊ အကာအကွယ်တွေပေးပြီး ထိန်းထိန်း သိမ်းသိမ်းဖြင့် စောင့်ရှောက်နေရသလိုပေါ့နော် ဟုတ်လား ကိုဘ ထွန်း"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့"

"ရှင့်ဟုတ်ပါ့ကလည်း ငေါ့တော့တော့နဲ့"

"ငေါ့တာ မဟုတ်ပါဘူးဗျာ၊ စိတ်ပါပါနဲ့ထောက်ခံလိုက်ခြင်း ဖြစ်ပါတယ်"

"ကဲ ကဲ- မိန်းမရေ အနီးကပ်ဆုံးနဲ့ လက်တွေ့ပြောရမယ်ဆိုရင် မင်းဈေးဆိုင်ကလေးကိုပဲကြည့်ပေါ့ကွာ။ မင်းကိုယ်တိုင်ပဲ ကုန်ပစ္စည်းတွေ အခိုးမခံရအောင် သေချာသည်ထက် သေချာအောင်ဆိုပြီး တံခါးများကို ကိုယ်တိုင်ပိတ်ထားတယ် မဟုတ်လား"။

"ဟုတ်ပါ့တော်။ သမီးကြီးပိတ်တာ စိတ်မချလို့ ကျွန်မကိုယ်တိုင်ပဲ တံခါးများကို ပိတ်ပါတယ်"

"အဲဒါ မင်းတို့ကိုယ်တို့ ပိုင်ဆိုင်တဲ့ကုန်ပစ္စည်းတွေကို ရန်သူတွေက မဖျက်ဆီးနိုင်အောင်၊ ပျက်စီးမှုမဖြစ်ရလေအောင် အကာအကွယ်ပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းပဲ မဟုတ်လားကွယ့်။ အိမ်တံခါး၊ ဆိုင်တံခါး၊ ခြံတံခါး မလုံခြုံဘူးဆိုရင် အများတကာရဲ့ ဖျက်ဆီးမှုကို ခံရမှာပေါ့။ မသေချာဘူးလား မလှသီ"

"သေချာတာပေါ့တော်၊ ဘယ်နှယ်ပြောပါလိမ့်။ နည်းတောင်နည်းသေးတယ်လို့ပြောမှာ သေချာတာပေါ့။ ကိုဘထွန်းရေ စကားပြောရင်းနဲ့ သတိရမိတယ်။ ဟိုဘက်လမ်းက ရုပ်ရည်အလွန်လှပတဲ့ ကလေးမလေးတစ်ယောက် အခြားမြို့က ကုလားလူမျိုးတစ်ယောက်နဲ့ လိုက်ပြေးသွားသတဲ့တော်ရေ။ ကျွန်မတော့ အဲဒီ သတင်းကြားရတဲ့နေ့က စိတ်မကောင်းဖြစ်မိတယ်လေ။ ကောင်မလေးရဲ့ အမေတလည်း လေဖြတ်ထားတာတဲ့။ ကိုယ်မွေးထားတဲ့ သမီးတလေး နှစ်ယောက်ကိုလည်း စိတ်မချဖြစ်ပြီး သောကပွားမိသေးတယ်

တော်ရေ။"

"အဲဒါကြောင့် မန်လည်ဆရာတော်ကြီးက ပြောတာပေါ့ မိန်းမရယ် . . .

**" ကိလေသာဟူ၊ မိုက်သွေးဆူက၊**

**လူသောခွေးသော၊ ကျွန်ကျေးသောဟု၊**

**သဘောမထင်၊ မဆင်ခြင်ဘဲ၊**

**အမြင်မဖြောင့်၊ မျိုးမစောင့်တည်း"** ရယ်လို့ မဃဒေဝမှာ ရေးသားစပ်ဆိုဆုံးမတော်မူခဲ့တယ်လေကွယ်။

ကိလေသာစိတ်တွေမွှန်လာပြီဆိုရင် အမြင်မှန်မရှိတော့ဘူး။ လူရယ်ခွေးရယ်လို့ ခွဲခြားပြီးမသိတော့ဘူး။ ကျွန်ရယ်အခိုင်းအစေရယ်လို့ ဘာမှမသိတော့ဘူးလေ။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်နိုင်ငံကို ဖျက်မည့်သူလားဆိုတာ ဘာမှမသိတော့ဘူး။ ကိလေသာစိတ်ဖြေဖျောက်နိုင်ရန်အတွက်လောက်သာကြည့်ပြီး လင်ယူကြ၊ မယားယူကြ ဖြစ်ကုန်ကြတော့တာပါပဲ။ အဲဒီလူဟာ အမျိုးမစောင့်တဲ့ လူပဲဖြစ်တယ်လေ။

အစ္စလာမ်ဘာသာဝင် အမျိုးသမီးများဟာ အစ္စလာမ်ဘာသာဝင် အမျိုးသားများနှင့်သာ အိမ်ထောင်ပြုကြရမယ်။ အကယ်၍ အခြားဘာသာဝင် အမျိုးသားများနှင့် အိမ်ထောင်ပြုတယ်ဆိုရင် သတ်ပစ်ရမယ်တဲ့လေ။

မိန်းမရေ တို့လင်မယားချင်းမို့ ပြောရဦးမယ်။ မကြာမီရက်က လက်ဘနွန်းနိုင်ငံမှာ အစ္စလာမ်အမျိုးသမီးနှင့် အခြားဘာသာဝင် အမျိုးသားတစ်ယောက် အိမ်ထောင်ပြုလိုက်ကြတယ်။ မင်္ဂလာဆောင်ပြီးတဲ့ညနေပိုင်းမှာပဲ မိန်းကလေးရဲ့မောင်ဖြစ်သူတွေက ယောက်ဖကို

ချော့ခေါ်သွားပြီး တုပ်နှောင်ထားကြပြီး အဲဒီယောက်ျားလေးရဲ့ လိင်တံကို သူတို့ရဲ့ပါးစပ်နှင့် ကိုက်ဖြတ်ပစ်လိုက်ကြတယ်လေ။ အဲဒါကိုသာ ကြည့်ပေတော့ မိန်းမရယ်။ အတော်ယုတ်မာတဲ့လူတွေပါပဲ"

"အေးတော်၊ သူတို့ အဖမ်းမခံကြရဘူးလား။"

"တိုင်တော့တိုင်ထားပါသတဲ့။ တရားသူကြီးက ပြောတယ်။ ဘယ်ဥပဒေနှင့် တရားစွဲရမှန်းတောင် မသိဘူးတဲ့။ တို့မြန်မာနိုင်ငံက တရားသူကြီးတွေနဲ့တော့ကွာပါ့ကွာ။ အစ္စလာမ်ဘာသာဝင်တွေချည်းဖွဲ့စည်းထားတဲ့ (၅၇) နိုင်ငံပါဝင်တဲ့ (အိုအိုင်စီ) အဖွဲ့တွေကလည်း ဒါလောက်မိုက်ရိုင်းတဲ့သူကိုကျတော့ လူ့အခွင့်အရေး ချိုးဖောက်တယ်၊ အကြမ်းဖက်တယ်လို့ မပြောကြဘူးလေ။ မန္တလေးက ဝီရသူဆရာတော်ကိုတော့ အကြမ်းဖက်ဘုန်းကြီးတဲ့။ မြန်မာဘင်လာဒင်လို့တောင် လူယုတ်မာနှင့်နှိုင်းပြီးပြောဆိုခဲ့ကြ၊ စွပ်စွဲခဲ့ကြတယ်လေ။

အစ္စလာမ်ဘာသာဝင်တွေဟာ သူတို့ကိစ္စဆိုရင် လူ့အခွင့်အရေးတို့၊ ဥပဒေတို့ဆိုတာ တစ်ခုမှုမရှိကြတော့ဘူး။ သူများကိစ္စဆိုရင် လူ့အခွင့်အရေးချိုးဖောက်တယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို မလိုက်နာကြဘူး။ ဖောက်ဖျက်ကြတယ်ဆိုပြီး အမျိုးမျိုးအကြောင်းတွေပြပြီး စွပ်စွဲကြတယ်လေ။ ကမ္ဘာမှာ အစ္စလာမ်ဘာသာဝင် နိုင်ငံတွေများနေတာဖြစ်တာမို့ တစ်နိုင်ငံကပြောတယ်ဆိုရင် ကျန်နိုင်ငံတွေက ဝိုင်းပြီးအော်ဟစ်ထောက်ခံလာကြတယ်လေ။ ကျီးကန်းများလိုပါပဲ။ ကုလသမဂ္ဂနိုင်ငံများထဲမှာလည်း အစ္စလာမ်ဘာသာဝင်နိုင်ငံတွေပဲများနေတာလေ"

"ဟုတ်ပါ့တော်၊ ဒီလိုလုပ်၊ ဒီလိုပြောနေကြတဲ့သူတွေကို ကုလသမဂ္ဂအဖွဲ့ကြီးက ပြင်းထန်စွာ အရေးမယူဘူးဆိုရင် ကမ္ဘာမှာ

အကြမ်းဖက်တွေများလာကြလိမ့်မယ်လို့ ကျွန်မထင်တာပဲ ကိုဘထွန်း”

“အေး-အေး-ဟုတ်တယ်မိန်းမရေ၊ သူ့အမျိုးကို သူတို့ အကြမ်းဖက်ပြီး စောင့်ရှောက်နေကြတာလေ။ ဒို့ဗုဒ္ဓဘာသာဝင် တွေကတော့ သူတို့လို အကြမ်းဖက်တဲ့ စောင့်ရှောက်ခြင်းမျိုး မဟုတ်ဘူးလေ။ မလုပ်ကြရဘူးလေ။ နိုင်ငံတော်အစိုးရရဲ့ ဥပဒေနှင့်အညီသာ စောင့်ရှောက်ခြင်းမျိုးတွေကို လုပ်ကြမလို့ တာစူနေရုံလေး ရှိပါသေးတယ်။ ပြည်ပကတစ်မျိုး၊ ပြည်တွင်း ကုလားအထောက် အပံ့ခံလူတွေ အဖွဲ့အစည်းတွေကတစ်ဖုံနဲ့ ဝိုင်းပြီးကန့်ကွက် နေလိုက်ကြတာ။ ဘုန်းကြီးတွေက ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး။ တို့ကတော့ ဘုရားဟောမှ ယုံတယ်၊ လက်ခံတယ်ဆိုပြီး ပြောဆိုစွပ်စွဲကြတယ်လေ”

“ ကျွန်မသဘောပေါက်ပါတယ် ကိုဘထွန်းရယ်။ ဘာပဲဖြစ်ဖြစ် ဥပဒေနှင့်အညီလုပ်တာဟာ အကောင်းဆုံးပါပဲ”

“အေးပေါ့ကွာ ဒါကြောင့်မို့လည်း ဆရာတော်ကြီးများ ဦးဆောင်ပြီး ဥပဒေပညာရှင်ကြီးများနှင့်တိုင်ပင်ပြီး အမျိုးစောင့် ဥပဒေကို ပြဋ္ဌာန်းနိုင်ရေး အလေးပေး ဆောင်ရွက်နေကြခြင်းပဲ ဖြစ်တယ်လေကွယ်။ ဒါကိုဒို့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ အားလုံး အမြင်ကျယ်ကျယ်နဲ့ လုပ်ကြရမယ်နော်၊ ဟုတ်လားမလှသီ။”

“ဟုတ်ပါတယ်တော်၊ ကိုယ့်လင်ပြောလို့ မယားဖြစ်သူက ထောက်ခံတာဘာဖြစ်သလဲ။”

“ဒီလိုမြင်ထားရင် ဘယ်မှာအမှန်ရနိုင်မလဲ။ ကိုယ့်အဖွဲ့ခေါင်းဆောင်က လက်မခံလို့ အဖွဲ့ဝင်တွေက လက်မခံဘူး။ အဖွဲ့ဝင်တွေက လက်မခံလို့ ခေါင်းဆောင်ကလက်မခံဘူးဆိုရင် ဘယ်မှာ

အမှန်ရနိုင်ပါ့မလဲမိန်းမရယ်။ ပြီးတော့ခေါင်းဆောင်ကို ကြောက်နေတယ်ဆိုရင်လည်း ဘယ်မှာ အမှန်ဖြစ်နိုင်ပါ့မလဲ။ တခြားတိုင်းပြည်တွေကို မကြည့်နဲ့၊ တို့တိုင်းပြည်ကိုသာကြည့် ဘယ်လောက်ကြာခဲ့ပြီလဲ။ နှစ်ပေါင်း(၄၀)ကျော်ခဲ့လေပြီနော်”

“အင်း အင်း ဟုတ်ပါ့တော်။ ရှင်ပြောလို့သတိရတယ်။ ဟိုတုန်းကအစည်းအဝေးတစ်ခုကို ကျွန်မတက်ရောက်ခဲ့ဖူးတယ်။ အဲဒီအစည်းအဝေးမှာ အပေါ်ကခေါင်းဆောင်တွေက တစ်ယောက်ပြီးတစ်ယောက်ပြောနေလိုက်ကြတာ။ ကျွန်မတို့အောက်ကလူတွေက လက်ခုပ်လက်ဝါးတီးလိုက်ကြရတာ လက်ဖဝါးတွေတောင် နာလာတယ်။”

“ဒီလိုဆိုတော့လည်း မလှသီရဲ့ဘဝနှင့် ကိုယ်တို့ကျောင်းဆရာဝန်ထမ်းဘဝဘာများထူးသလဲ။ အတူတူပါပဲကွယ်။ အားမငယ်ပါနဲ့”

ကိုဘထွန်းနှင့် မလှသီတို့သည် သူတို့ငယ်စဉ်က တွေ့ကြုံခဲ့ရသည့် အစည်းအဝေးအကြောင်းများကို အားပါးတရပြောဆိုနေကြပါသည်။ အိပ်ချင်ပြေ လက်ဖက်သုပ်များကို စားနေကြပါသည်။ ရှေ့စကားဆက်ရန် ကိုဘထွန်း ပြင်ဆင်နေပါသည်။

“အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အင်းစိန်ရွာမဆရာတော်ကြီးရဲ့ ‘နိုင်ငံ့သစ္စာစောင့်သိသူ(၁)မှ ကာကွယ်စောင့်ရှောက်နည်းများ အပိုင်းကို မင်းကို ကိုယ်ဖတ်ပြပေးမယ်နော်”

“ဖတ်စမ်းပါဦးတော်”

“အမျိုး ဘာသာ သာသနာစောင့်ရှောက်နည်းများ၊ ဘာသာခြားများသည် စီးပွားရေးဖြင့်တစ်မျိုး၊ လူဦးရေများအောင် လုပ်ခြင်းဖြင့်

တစ်ဖုံ၊ အနိုင်ကျင့်နည်းဖြင့်တစ်သွယ် စသည်စသည် နည်းအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ၏ အမျိုးဘာသာ သာသနာကို ဝါးမျိုနေကြသည်။ ဤနည်းများဖြင့် ဝါးမျိုခံခဲ့ရသော အင်ဒိုနီးရှား၊ မလေးရှား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်စသော နိုင်ငံများ၌ ဗုဒ္ဓဘာသာပျောက်ကွယ် သွားခဲ့ရခြင်းမှာ သာဓကပင်ဖြစ်သည်။ ရခိုင်ဒေသ၌ လူဦးရေဖြင့် ဝါးမျိုနေသည်၊ စီးပွား ရေးချို့တဲ့သော အမျိုးသမီးများကို စီးပွားရေးဖြင့် ဝါးမျိုနေကြသည်။

ဤနေရာ၌ စီးပွားရေးဖြင့် အမျိုးဘာသာ သာသနာကို ကာကွယ် စောင့်ရှောက်နည်းများကို အဓိကပြောလိုပါသည်။ ဘာသာခြားများ၏ စီးပွားရေးကိုအားပေးလျှင် သူတို့ဘာသာကို အားပေးရာရောက်ရုံမက ကိုယ့်ဘာသာအားနည်းအောင် ပြုလုပ်ရာလည်းရောက်သည်။ အမျိုး ဘာသာ သာသနာအတွက် သစ္စာဖောက်သူများလည်း ဖြစ်ကြသည်။

ထို့ကြောင့် ကိုယ့်ဘာသာဝင်များ၏ စီးပွားရေးကိုသာ အားပေးကြရမည်။ ကိုယ့်ဘာသာဝင်များ ရောင်းဝယ်သည့် အစားအစာများ၊ ပစ္စည်းများကို ဝယ်ယူစားသုံးခြင်း၊ အားပေးခြင်းဟာ **ထိရောက်သော အမျိုး ဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ခြင်း တစ်မျိုးဖြစ်သည်။**

ကိုရီးယားနိုင်ငံ၌ ဤနည်းဖြင့် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ခဲ့ခြင်းကြောင့် အစ္စလာမ်မွတ်ဆလင်တို့ ချုပ်ငြိမ်းခဲ့ဖူးသော သာဓကရှိခဲ့သည်။

ဗုဒ္ဓဘာသာဝင်ဓနရှင်များကလည်း မိမိဘာသာဝင်များကို ဈေးတင်မရောင်း ခြင်း၊ ဘာသာခြားများထံမှာသာ ရနိုင်သည့် ပစ္စည်း

များကိုလည်း ကိုယ်တိုင်သော်လည်းကောင်း၊ အရင်းအနှီး စိုက်ထုတ်ပေး၍သော်လည်းကောင်း၊ မိမိတို့ဘာသာဝင်များ၊ တိုင်းရင်းသားများ လွယ်လွယ်ကူကူ ဝယ်ယူသုံးစွဲ နိုင်ရန် လုပ်ဆောင်ပေးခြင်းဖြင့်လည်း အမျိုးဘာသာ သာသနာကို ကာကွယ်အားပေးရာ ရောက်သည်။ **အလွန်ထူးမြတ်သည့် သာသနာပြုနည်း တစ်မျိုးလည်းဖြစ်သည်။**

ကျောင်းဆောက်၊ ဘုရားတည် စသည်လောက်သာ သာသနာပြုနည်း ထင်မှတ်ပြီး ဘာသာဝင်များအတွက် စီးပွားရေး၊ ပညာရေး စသည် အားမပေးခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံ၌ အန်ကောဝပ်ကျောင်း ဆောင်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ၌ ဗောရောဗုဓောဘုရားကြီး စသည်တို့သည် ကမ္ဘာလှည့်ခရီးသွားများ ကြည့်ရှုရာ ရှေးဟောင်း အမွေအနှစ်အဖြစ်သာ ကျန်တော့သည်။ ဘာသာအတွက် အကျိုးမများတော့တဲ့ မလှသီရေ-"

"ဩော် ဆရာတော်ကြီးများ သက် တော်ကြီးရင့်တော်မူနေကြပြီ ဖြစ်ပေမယ့် အေးအေးဆေးဆေး မနေကြရပါလားနော်။ ဆရာတော်ကြီးရဲ့ စာအုပ်ကလေး ကျမကို ပေးထားစမ်းပါတော်။ ဈေးရောင်းရင်းဖတ် ကြည့်ဦးမယ်။ ကျမတို့ မိန်းမတွေကလည်း ညံ့ကိုညံ့ပါတယ်တော်။ ဘာသာရေး ဗဟုသုတလည်း မရှိ အလှပြင်ဖို့လောက်၊ ကြွားဖို့လောက် ပြိုင်ဖို့လောက်သာများနေကြတာ"

"ဟော့- မလှသီရေ၊ မင်းတို့မိန်းမတွေ ညံ့တယ်လို့ ငါမပြောဘူးနော်။ မင်းဘာသာ မင်းပြောတာ။ တော်ကြာ ဒို့မြန်မာပြည်တွင်းက ဒေါ်လာစားအမျိုးသမီးအဖွဲ့တွေက ဒို့ယောက်ျားတွေ မိန်းမတွေရဲ့ အခွင့်အရေးကို ချိုးဖောက်တယ်လို့ အစွပ်အစွဲခံနေရပါဦးမယ် မလှသီရယ်၊ ကြည့်ပြီးတော့လည်း ပြောပါဦး"

"အမျိုးစောင့်အကြောင်း မသိကြသူတွေကတော့ အပြစ်ပြော ကြမှာပေါ့တော်။ ဒါတွေကို ဂရုစိုက်နေမယ်ဆိုရင် ဆရာတော်ကြီး ပြောသလို လူမျိုးပျောက်ရုံတင်မကတော့လည်း နိုင်ငံပါပျောက်သွား နိုင်တယ် မဟုတ်လားတော့"

"အေးပေါ့ကွယ်၊ ဒါကြောင့်မို့လည်း ဆရာတော်ကြီးများက အဆင်းရဲခံ၊ အပင် ပန်းခံ၊ အလုပ်ပျက်ခံ၊ အမုန်းခံပြီး၊ ဥပဒေ ပေါ် ပေါက်လာရေးကို တစိုက်မတ်မတ်နဲ့ လုပ်နေခြင်းပဲ ဖြစ်တယ်လေ ကွယ်"

"ဒါထက် ကိုဘထွန်းရေ မေးရဦးမယ် အမျိုးစောင့်အဖွဲ့ထဲမှာ ဘယ်ဆရာတော် ကြီးတွေပါကြသလဲ။ ရှင်သိသလား"

"ငါ ဆရာတော့်အစည်းအဝေးဖိုင် ယူလာခဲ့တယ်၊ အဲဒီဖိုင်ထဲ မှာ အားလုံးပါတယ်၊ အင်းစိန်ရွာမ ဆရာတော်ကြီးက ဥက္ကဋ္ဌ၊ သီတဂူ ဆရာတော်ကြီးက ဒုတိယဥက္ကဋ္ဌ၊ စသည်ဖြင့် တိုင်းနှင့်ပြည်နယ်များမှ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်တဲ့အဖွဲ့၊ စာသင်တိုက်ဆရာတော် များပါဝင်တဲ့ ဦးဆောင်တဲ့အဖွဲ့၊ တိပိဋကဆရာတော်များပါဝင်တဲ့ ဦးဆောင်တဲ့ အဖွဲ့၊ ဓမ္မကထိကနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များပါဝင်တဲ့ ဦးဆောင်တဲ့အဖွဲ့၊ ဒေါက်တာဘွဲ့ရဆရာတော်များပါဝင်တဲ့ ဦးဆောင်အဖွဲ့ ဆရာတော် များပဲလေ။ မလှသီ တစ်ပါးချင်း သိချင်သေးတယ်ဆိုရင်တော့ မနက်ကျမှ အားတဲ့အချိန်မှာ ဒီဖိုင်ကို ဖတ်ကြည့်ပေတော့နော်"

"ကောင်းပါပြီတော်၊ သီတဂူဆရာတော်ကြီးတို့ တိပိဋကရေ ဆရာတော်ကြီးတို့တောင် ဒီအဖွဲ့ထဲမှာ ပါလာတာဆိုတော့ အတော် အရေးကြီးလို့ ဖြစ်မှာပဲနော် ကိုဘထွန်း"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကြီး နဲ့လားလို့ မေးနေသလို ဖြစ်နေပြီလေ မိန်းမရယ်။ **မြေမျို၍ လူမျိုးမပျောက်နိုင်၊ လူမျို၍ လူမျိုးပျောက်နိုင်သည်လို့**ဆိုတဲ့ ရှေးဆရာကြီးများ ပြောဆိုခဲ့ကြတဲ့ အတိုင်းပေါ့ကွာ၊ မြန်မာလူမျိုးတွေကို ဘာသာခြားတွေက မျိုနေကြပြီလေ၊ ရခိုင်ပြည်နယ်က ဘူးသီးတောင်၊ မောင်တောမြို့နယ်များကို ကြည့်ပေါ့ကွာ . . .၊ ယနေ့ (၉၆) ရာခိုင်နှုန်းဟာ အစ္စလာမ်ဘာသာဝင် ကုလားလူမျိုးတွေ ဖြစ်ကုန်ပြီလေ"

"သတိမထားမိတော့ မသိကြဘူးပေါ့တော်၊ ယခုတော့မှ သိလာကြရတယ်လေ. .၊ မျိုးစောင့်ဥပဒေဖြစ်ပေါ် လာရေးလုပ်တာ နောက်တောင်ကျသွားပြီပေါ့နော်"

"အေးပေါ့ကွာ၊ ဒါကြောင့်လည်း မြန်မာတစ်ပြည်လုံးမှာ ရှိနေကြတဲ့ ဆရာတော်ကြီးများ၊ ပြည်ပသို့ရောက်နေကြတဲ့ ဆရာတော်ကြီးများ အားလုံးပါဝင်ကြပြီး တညီတညွတ်တည်း လုပ်လာခဲ့ကြခြင်းပဲ ဖြစ်တယ်လေ"

"ကိုဘထွန်း အဲဒီမျိုးစောင့်ဥပဒေ ပေါ်ပေါက်လာရေးကိစ္စ ဆရာတော်ကြီးများ ဘယ်မှာဖွဲ့စည်းတော်မူခဲ့ကြတာပါလဲ"

"ရှေးဦးစွာ (၁၃/၁၄-၆-၂၀၁၃)ရက် က မော်ဘီမြို့၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်မှာ သံဃာတော်(၂၂၇)ပါး ကြွရောက်တော်မူခဲ့ကြပြီး အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့တယ်လို့ ဆိုပါတယ်။ အစည်းအဝေးပွဲရက်ကတော့ (၂)ရက်တိုင်တိုင်ပဲ ဖြစ်တယ်လေ။ ဒုတိယအကြိမ် သံဃာ့ညီလာခံကိုတော့ (၂၆/၂၇-၆-၂၀၁၃) ရက် က အင်းစိန်ရွာမ အောင်ဆန်းတောရ တပ်ဦးကျောင်းမှာ ကျင်းပခဲ့ကြပါတယ်။ (၂) ရက်တိုင်တိုင်ပဲ ဖြစ်ပါ

တယ်။ အဲဒီသံဃာ့ညီ လာခံပွဲကြီးသို့ ပြည်တွင်းပြည်ပမှ ဆရာတော်များ အားလုံး (၁၅၃၀) ကျော် ကြွရောက်တော်မူလာကြတယ်လို့ မှတ်တမ်းအရ သိရတယ်လေ။ နိုင်ငံတော်က ကျင်းပတဲ့အစည်းအဝေးပွဲကြီးမှာတောင် ဒီပွဲလောက်သံဃာတော် မများဘူး မလှသီရေ၊ ဆရာတော်များ ဒီကိစ္စဘယ်လောက်များ စိတ်ဝင်စားလဲ ဆိုတာ အကဲခတ် မိနိုင်ကြပါတယ်"

"ပြည်ပက ပီနန်ဆရာတော်ကြီးအမှူး ပြုတဲ့ ဆရာတော်များ၊ ပြည်တွင်းက ဟင်္သာတမိုးကောင်း ဆရာတော်ကြီး၊ သီတဂူ ဆရာတော်ကြီး၊ ရွှာမဆရာတော်ကြီးစတဲ့ ဆရာတော်ကြီးများ ကိုယ်တိုင် ကြွရောက်တော်မူခဲ့ကြပြီး အသက်ထက်ဆုံးလိုက်နာကြရမည့် သာရဏီယသြဝါဒစကားများကို စိတ်ပါဝင်စားစွာဖြင့် မိန့်ကြားတော်မူခဲ့ကြတယ်လေ၊ ဆရာတော်ကြီးတွေရဲ့ သြဝါဒစကား တွေကို နောက်ပိုင်းကျမှ ပြောပြပေးဦးမယ်နော်၊ ဒေါက်တာအရှင်သောပါကက ဆရာတော်ကြီးတွေရဲ့ သြဝါဒကထာများကို စုပေါင်းပြီး စာအုပ်တစ်အုပ်ထုတ်ဖို့ စီစဉ်နေတာ ထွက်နေပြီ၊ မလှသီတို့ ဖတ်ကြပေတော့ဗျား . . ."

"ကောင်းပါပြီတော်၊ စာအုပ်ဖတ်ပြီး သူများတွေကိုလည်း တစ်ဆင့် တရားဟော ပေးရတာပေါ့တော်"

"ငါ့မိန်းမကတော့ အားကိုးရပြီဟေ့၊ မိန်းမရေ တကယ်တော့လေ အမျိုးသမီးများနှင့် ဆရာတော်များ၊ ဘုန်းတော်ကြီးများမှာ အမျိုးစောင့်အိမ်ထောင်ရေးကိစ္စတွေ ပြောဆိုကြဖို့ဆိုတာ မလွယ်ဘူးကွ၊ သီလရှင်များ နှင့် အမျိုးသမီးများကသာ အချင်းချင်း ပြောဆိုလို့လွယ်တာ၊ ကောင်းတာပေါ့ကွာ. . .၊ ဒါကြောင့် မိန်းမအနေနဲ့ ဥပုသ်နေ့

တွေ့ကျရင် သီလရှင်ကျောင်းတွေကိုသွားပြီး သီလရှင်တွေကို အကြံပြု တရားဟောပေးကွာ၊ အမျိုး သမီးများ အချင်းချင်းတရားဟောတာ ပို သင့်လျော်တယ်ကွ”

သီလရှင်တွေကို တရားဟောတာကတော့ အကြောင်း မဟုတ်ပါဘူးတော်၊ မိန်းမတွေကို ပြောရမှာခက်တယ်။ အချို့အမျိုး သမီးတွေက အမျိုးသမီးအဖွဲ့တွေထဲမှာ ပါနေကြတယ်လေ။ သူတို့က ဘုန်းတော်ကြီးတွေကိုတောင် လူ့အခွင့်အရေးချိုးဖောက် တယ်၊ သူတို့ လက်မခံနိုင်ဘူး၊ သူတို့ကတော့ ဘုရားဟောတာမှ လက်ခံနိုင်တယ်လို့ တောင် ပြောဆိုနေကြတာဆိုတော့ ကျမက သူတို့နှင့်ယှဉ်ပြီး စကား ပြောရမှာ တယ်မလွယ်ဘူးတော်ရေ”

“ဒါကတော့ကွာ၊ အလုပ်က သင်သွားမှာပါ။ လူ့အခွင့်အရေး ချိုးဖောက်တယ်လို့ ပြောလာရင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင် ဘုန်းတော် ကြီးများက ချိုးဖောက်ခြင်းမရှိ၊ သူတို့ အစ္စလာမ်ဘာသာဝင်တွေ ကသာ ချိုးဖောက်နေကြတာ။ ကမ္ဘာနှင့်အဝန်း မျက်စိဖွင့်ကြည့်မယ် ဆိုရင် မြင်နိုင်ပါတယ်။ နားစွင့်ပြီး နားထောင်နေမယ်ဆိုရင် ကြားနိုင် ပါတယ်လို့သာ ပြောလိုက်ရုံပေါ့ကွာ။

ပြီးတော့ ဘုရားဟောတာမှ လက်ခံတယ်ဆိုရင်လည်း ဂေါတမ မြတ်စွာဘုရား ကိုယ်တော်တိုင် သိင်္ဂါလသတို့သားကလေးကို ဟောကြားဆုံးမတော်မူခဲ့တဲ့ သားသမီး တို့ရဲ့ ဝတ္တရားငါးပါးထဲမှာပါတဲ့ **တုလဝံသံ ဌပေဿာမိ- အမျိုးအနွယ်ကို စောင့်ပါ၏။ စောင့်ပါလေ** လို့ ဟောခဲ့ပါတယ်။ “စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ” လို့ဆိုတဲ့စကားကို အများနားလည်အောင် သင်္ဂဟ ဆရာတော်စတဲ့ ရှေးဆရာတော်ကြီးတွေ ရေးသားဆုံးမတော် မူခဲ့

တယ်။ ဆရာတော်များ၊ ဘုန်းကြီးများ ယခုမှ ထွင်ပြီး ဟောတာ မဟုတ်ပါဘူး။ အခြားသုတ္တန်တရားတော်များလည်း ရှိပါသေး တယ်လို့ လောက်သာ ပြောပြလိုက်ပေါ့ကွာ။ သူတို့ လောလောဆယ်မှာ ဒေါ်လာအဆိပ်တက်နေသေးတာ ဆိုတော့ လက်ခံဦးမှာ မဟုတ်သေးဘူးလေ။ နောက်ပိုင်း ကြာလာရင် လက်ခံကြမှာ သေချာပါတယ် မလှသီရာ မစိုးရိမ်ပါနဲ့"

"ကိုဘထွန်းရေ ည(၁၂)နာရီ ကျော် သွားပြီလေ။ ဒီညတော့ အမျိုးစောင့်လို့ဆိုတဲ့ စကားနဲ့ပဲ အဆုံးသတ်လိုက်ကြရအောင်လေ။ မနက်ဖြန်ညကျမှ ဥပဒေအကြောင်း ဆက်ပြောကြတာပေါ့ရှင်"

"ကောင်းပါပြီကွာ၊ ကောင်းပါပြီ၊ ကောင်းပါပြီ။ ဒါပေမယ့် ဒို့ဆရာတော်ကြီး နှစ်ပေါင်း (၃၀) ကျော်လောက်က ဆုံးမတော်မူထားတဲ့ နံရံကပ်အဆုံးအမစကားနဲ့ အဆုံးသတ်လိုက်ရင် မကောင်းဘူးလား မလှသီရေ"

"ကောင်းတာပေါ့တော်ရေ၊ ဆိုစမ်းပါ ဦးရှင့်"

(၁) ဘာသာမတူ၊ အိမ်ထောင်မူ၊ အယူ ပျက်လိမ့်မည်။
(၂) အယူပျက်ရာ၊ ထိုအခါ၊ မြတ်စွာဘုရား ကွယ်လိမ့်မည်။
(၃) ဘုရားကွယ်ရာ၊ ထိုအခါ၊ ချမ်းသာ ပျောက်လိမ့်မည်။
(၄) ချမ်းသာပျောက်ရာ၊ ထိုအခါ၊ မျိုးပါ ပျောက်လိမ့်မည်။
(၅) လူမျိုးပျောက်ရာ၊ ထိုအခါ၊ ပြည်ပါ ပျောက်လိမ့်မည်။
(၆) ပြည်မပျောက်ရေး၊ အိမ်ထောင်ရေး၊ မနှေးရှောင်ရမည်။
(၇) လူမျိုးမပျောက်ရေး၊ အိမ်ထောင်ရေး၊ မနှေးရှောင်ရမည်။
(၈) ချမ်းသာမပျောက်ရေး၊ အိမ်ထောင် ရေး၊ မနှေးရှောင်ရမည်။
(၉) ဘုရားမကွယ်ရေး၊ အိမ်ထောင်ရေး မနှေးရှောင်ရမည်။

(၁၀) အယူမပျက်ရေး၊ အိမ်ထောင်ရေး မနှေး ရှောင်ရမည်။

"ဆရာတော်ကြီးရဲ့ အဆုံးအမဩဝါဒ စကားတော်ကလည်း ရှင်းနေတာပဲ၊ ထပ်ရှင်း ပြပေးနေစရာ မလိုတော့ပါဘူး ကိုဘထွန်း ရယ်"

ကိုဘထွန်းတို့ လင်မယားစကားဝိုင်းသည်လည်း ဒုတိယည တွင် အဆုံးသတ်လိုက် ကြပေပြီ။ တတိယညကျမှ ဥပဒေအကြောင်း ပြောဆိုကြမည်ဖြစ်၍ သူတို့လင်မယားနှစ်ယောက်စလုံး မျိုးစောင့် ဥပဒေ စာအုပ်ကလေးကို ဖတ်ထားကြဖို့ ပြောဆိုနေကြပါသည်။ ကျန်ရှိနေသေးသော လက်ဖက်သုပ်နှင့် ငါးရံ့ခြောက်ကို အဆာပြေ စားသောက်ကြပြီး အိပ်စက်လိုက်ကြပေပြီတည်း။

-----

"ကိုဘထွန်း ဒီကနေ့ကျောင်းက ပြန်လာတာ စောလှချည်လား တော့်၊ ဘာလဲ နေမကောင်းဘူးလား"

"နေကောင်းပါတယ်ကွာ၊ ပညာရေးမှူးက ကိစ္စရှိလို့ ဒီကနေ့ ညနေကျောင်းက ပြန်ရောက်ရောက်ချင်း ရုံးကိုလာခဲ့ပါဆိုလို့ ဖုန်း ဆက်ပြီးတော့ ပြောထားလို့ စောစောကျောင်းကလွှတ်ပြီး ပြန်ခဲ့ တာလေ"

"ကဲ-ရှင်ခဏနားပြီး ရေမိုးချိုးသွားပေါ့၊ ပြန်လာမှ ထမင်းစား ကြမယ်၊ ဒီကနေ့ ညနေစာ ဂုန်မင်းဟင်းခါးနှင့် ရှောက်သီးသုပ် စီစဉ် ထားမယ်လေ . . ."

"အေးကွာ မင်းလည်းအလုပ်များပါတယ်၊ အစားအသောက်နှင့် တာဝန်မကြီးပါစေနဲ့၊ ငါ ချေးမများပါဘူးကွာ"

"တာဝန်ကြီးတယ်လို့တော့ ဘယ်ဟုတ်မလဲတော် .၊ ဇနီး

မယားတို့ရဲ့တာဝန်ပဲ မဟုတ်လားတော့်”

“တာဝန်တော့ တာဝန်ပေါ့ကွ . . ၊ ငါက တာဝန်မကြီးစေချင်လို့ ပြောတာပါ။ အေး . . အေး . . . မင်းသဘော မင်းသဘော၊ အဆင်ပြေသလိုသာလုပ်၊ ငါချေးမများပါဘူးကွာ . . . ”

ကိုဘထွန်းတို့လင်မယားနှစ်ယောက်သည် သူတို့၏လက်များက အလုပ်ကိုယ်စီဖြင့် လုပ်ကိုင်နေရင်း ပါးစပ်ကတော့ စကားပြောကြားလျက် ရှိနေကြသည်။ သူတို့၏ ပြောစကားသံများသည်ကား လင်ကောင်း မယားကောင်းတို့၏ စကားသံများပင် ဖြစ်သည်ဟု သုံးသပ်မိပါသည်။ ကိုဘထွန်းသည် ခေတ္တအနားယူပြီးနောက် ရေမိုးချိုးကာ ပညာရေးမှူးရုံးသို့ သွားရောက်ခဲ့ချေပြီ။

မိန်းမဖြစ်သူက-

“ကိုဘထွန်း မီးက လာလိုက်မလာလိုက်နဲ့၊ ဓာတ်မီးယူသွားဦးနော် . . . ” ဟု သတိပေးစကား ပြောကြားလိုက်သည်။

ကိုဘထွန်းသည်လည်း ဇနီးမယား ဖြစ်သူ မလှသီ၏ ပြောစကားကို ကြားလိုက် ရတော့မှ ဓာတ်မီးကို သတိရပြီး သားငယ်ကလေးအား ဓာတ်မီးယူပေးရန် ပြောလိုက်ရသည်။ ကိုဘထွန်းသည် သားငယ်ကလေး၏ လက်ထဲမှ ဓာတ်မီးကိုယူပြီး ခါးကြားထိုးကာ ပညာရေးမှူးရုံးသို့ သွားရောက်ခဲ့ပေပြီ။

ကိုဘထွန်း ပညာရေးမှူးရုံးသို့ ရောက်သောအခါ ပညာရေးမှူးနှင့် တွေ့ဆုံပြီး ပညာရေးမှူး၏ ပြောစကားများကို နားထောင်နေပါသည်။ ပညာရေးမှူးက ကိုဘထွန်းအား ကျေးရွာတစ်ရွာတွင် ကျောင်းသားမိဘများနှင့် ကျောင်းဆရာဆရာမများ ပြဿနာ ဖြစ်နေ၍ သွားရောက်ရှင်းလင်းပေးရန်အတွက် မနက်ဖြန် သူနှင့် လိုက်ခဲ့ဖို့

အကြောင်း ပြောပြနေသည်။ ကိုဘထွန်းသည်လည်း ပညာရေးမှူး၏ လိုလိုလားလား ခေါ်ဆောင်မှုကြောင့် လိုက်ပါမည့်အကြောင်း ပြောဆိုခဲ့ရသည်။ ကိုဘထွန်းသည် ပညာရေးမှူးနှင့် တစ်နာရီခန့် စကားပြောပြီး ပြန်လာခဲ့ပါသည်။

"ကိုဘထွန်း ရှင်ပြန်လာပြီနော်၊ ကျွန်မ ရှောက်သီးသုပ်လိုက်ဦးမယ်၊ ဂုန်မင်းဟင်းခါးကတော့ ချက်ပြီးပါပြီ။ ခဏလောက် စောင့်ဦးနော်"

"အေးပါကွာ၊ ဖြေးဖြေးသာလုပ်၊ ပညာရေးမှူးက လက်ဘက်ရည်တိုက်လိုက်လို့ မဆာသေးပါဘူးကွာ"

"ဘာပြောတယ် ကိုဘထွန်း၊ ပညာရေးမှူးက ရှင့်လို ကျောင်းဆရာကို လက်ဘက်ရည်တိုက်လိုက်တယ် ဟုတ်လား . . .၊ ကျွန်မတော့ ရှင်ပြောလို့သာ ကြားလိုက်ရတယ်၊ တယ်မယုံဘူးတော်ရေ"

"ဟုတ်ပါတယ်ကွာ၊ ပညာရေးမှူးက ငါ့ကို လက်ဘက်ရည်တိုက်လိုက်တာပါ"

"ဒီလိုဆိုတော့လည်း သာဓုခေါ်ပါတယ်တော်"

ကိုဘထွန်းတို့ မိသားစု(၅)ယောက်စလုံး ထမင်းဝိုင်းတွင် လက်ဆုံထမင်းစားနေကြလေသည်။ ဂုံမင်းဟင်းခါးနှင့် ရှောက်သီးသုပ်ဟင်းလျာသည် ထမင်းမြိန်လှသည်။ ထမင်းဝိုင်းတွင်တော့ စကားပြောခြင်း လုံးဝ မရှိကြပေ။ ကိုဘထွန်းသည် ညနေစာထမင်းစားပြီး စာဖတ်ခန်းထဲသို့ ဝင်သွားတော့သည်။ တရားရုံးချုပ်ရှေ့နေဦးမြစိန်ရေးသားခဲ့သည့် "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစာအုပ်ကြီး"ကို ဖတ်ရှုနေပါသည်။ အစ အဆုံးတစ်ကြိမ်ဖတ်ထားပြီး ဖြစ်ပါသော်လည်း စာရွက်များကြားညှပ်ကာ မှတ်သား ထားသောနေရာများကို

ပြန်လည်ဖတ်ရှုနေခြင်းသာ ဖြစ်ပါသည်။

ပြီးလျှင် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ ထုပ်ပြန်ဝေငှထားသော စာတမ်းများ၊ ဥပဒေမူကြမ်းများကို လည်း ပြန်လည်ဖတ်ရှုနေပါသည်။ ပြီးလျှင် ခေတ္တအနားယူပြီး စဉ်းစားခန်းဝင်လိုက်သည်။ မကြာမီ ည(၉)နာရီထိုးသံကြား လိုက်ရ သည်။ ကိုဘထွန်းသည် ကျန်းမာရေး ကိစ္စပြီးသည်နှင့် စာအုပ် စာတမ်းများ ယူပြီး မလှသီခင်းပေးထားသော ဖျာကလေးပေါ်၌ ထိုင်ချလိုက်ပါသည်။ မလှသီကလည်း ကျုံပျော်ချင်းသုပ်၊ ရေနွေး အိုးများ လာရောက်ချထားပြီးဖြစ်သည်။

"ကိုဘထွန်း ရှင့်စာအုပ်ကြီးကလည်း ထူလှချေလား၊ ဘာ စာအုပ်ကြီးလဲ"

"မြန်မာ့လေ့ထုံးတမ်းဥပဒေစာအုပ် လေကွယ်၊ ဥပဒေဆိုတာ ခိုင်ခိုင်မာမာ တိတိကျကျ ပြောရမယ်မဟုတ်လားမလှသီ"

"ကဲကဲ ဆိုစမ်းပါဦးတော်ရေ"

"ဒီဥပဒေစာအုပ်ထဲမှာ အခန်းကြီး (၂၀)ပါတယ်၊ နောက်ဆက် တွဲနှင့်ဆိုရင် စာမျက်နှာ (၆၂၃) မျက်နှာရှိတယ်၊ အဲဒီအခန်း (၂၀) ထဲမှာ အမျိုးသားနှင့် အမျိုးသမီး ထိမ်းမြားလက်ထပ်ရေးဆိုတဲ့ အခန်း တစ်ခန်း ပါရှိပါတယ်၊ အဲဒီအခန်းထဲမှာ အကြောင်းအရာက (၂၇) ချက် ပါဝင်တယ်လေ၊ အဲဒီထဲက လိုအပ်တာလောက်သာ ပြောပြ ပေးမယ်နော်"

"ကောင်းတာပေါ့၊ လိုအပ်တာကို ပြောပေတော့ ကိုဘထွန်း ရေ"

"ကဲဗျာ ဒီလိုဆိုနားထောင်ပေတော့ မိန်းမရေ မင်းမောင်ကြီး

ပြောပြတာကိုလေ"

"ရှင့်ဟာကလည်း နှစ်ပါးသွားမှာကျနေတာပဲ၊ တကယ်ပဲတော်၊ အခုဥပဒေအကြောင်း ပြောမှာမဟုတ်လားတော့၊ ရှင်ဟာက ဘာရာဇာသီချင်းနေလိုက်တာ . . ."

"အေးပါကွာ၊ ဟုတ်ပါတယ်၊ ဥပဒေအကြောင်းပြောမှာပါ"

"ငါကလည်း စာရှာရသေးတယ်လေ။ ကဲဗျာ နားထောင်ပေတော့"

ထိမ်းမြားမှုသည် လူမှုရေးဖြစ်သည်၊ အခမ်းအနားမလို၊ လင်မယားဖြစ်ရာသော အကြောင်းသုံးပါး၊ ယောကျ်ား၏အသက်၊ မိန်းမ၏အသက် သဘောတူညီမှု၊ ပေါင်း သင်းစပ်ယှက်မှု၊ တရားရုံးတွင် ထိမ်းမြား လက်ထပ်မှု၊ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်မှု၊ မိန်းမ၌ တရားဝင်လင်မရှိစေရ၊ ဆွေမျိုးတော်စပ်မှု၊ မွေးစားသမီးကို မယား အဖြစ်ပေါင်းသင်းမှု၊ တရားဝင် လင်မယား ဖြစ်ရန် လိုအပ်ချက်များ၊ ဘာသာကူးပြောင်း မှု၊ လင်မယားဖြစ်ကြောင်း ထင်ရှားစေရန်၊ ဟန်ဆောင်ထိမ်းမြားမှု၊ ကွာရှင်းပြီးနောက် ပြန်လည်ပေါင်းသင်းခြင်း၊ မယားကြီး မယားငယ် ပြဿနာ၊ ဘာသာခြားနှင့်ထိမ်းမြားရေး၊ မဟာမေဒင်ဘာသာဝင်တို့နှင့် ထိမ်းမြားရေး၊ ဟိန္ဒူဘာသာဝင်တို့နှင့် ထိမ်းမြားရေး၊ ခရစ်ယာန်ဘာသာဝင်တို့နှင့်ထိမ်းမြားရေး၊ တရုတ်နှင့် ထိမ်းမြားရေး၊ ၁၉၅၄-ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၊ မြန်မာဗုဒ္ဓဘာသာ အမျိုးသားနှင့် ခရစ်ယာန်အမျိုး သမီးတို့၏ ထိမ်းမြားမှု၊ မြန်မာနိုင်ငံသား အမျိုးသမီးသည် မည်သည့်နိုင်ငံခြားသား နှင့်မျှ ထိမ်းမြားလက်ထပ်ခွင့်မရှိလို့ဆိုပြီး ခေါင်းစီးများ (၂၇) မျိုးခွဲခြားပြီး ဆိုထားတာကို တွေ့ရပါသည်။

အဲဒီ (၂၇)မျိုးထဲက လို အပ်တာလောက်ကိုသာ ပြောပြပေးမယ်ကွာ"

"ဖတ်ပြတာကောင်းပါတယ်၊ တော်ကြာရှေ့နေကြီးရဲ့ အာဘော်နှင့် မကိုက်ညီ ဘူးဆိုရင် ရှင်တရားစွဲခံနေရဦးမယ်"

"ကဲကဲ မိန်းမရေ၊ မင်းသေချာစွာ နားထောင်ထားနော်၊ အေးကွယ်နားထောင်လို့ဆိုတော့ ကမ္ဘာ့ကုလသမဂ္ဂ တတိယမြောက် အတွင်းရေးမှူးချုပ်ဟောင်း ပန်းတနော်သား ဦးသန့်ဟာ သူငယ်စဉ်ကတည်းက သူတစ်ပါးတွေပြောပြနေတဲ့ ပြောစကားများကို သေသေချာချာ နားထောင်တတ်တဲ့ အလေ့အကျင့်ကောင်းတစ်ခုရှိတယ်တဲ့ . . .၊ ဒါကြောင့်မို့လည်း ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ် ယောက်ဖြစ်ခဲ့တာပေါ့"

"ဟုတ်တယ်၊ ရှင်ပြောတာ ကျွန်မလက်ခံတယ်၊ ဒီနေ့ခေတ်လူတွေဟာ သူများပြောတာကို နားထောင်တတ်တဲ့အလေ့အကျင့် မရှိတတ်ကြဘူး၊ ကျွန်မတို့မိန်းမတွေ ပိုဆိုးတယ်၊ ကဲပါတော်၊ ဒါတွေထားလိုက်ပါတော်၊ ရှင်ပြောမယ့် ဥပဒေစကားကိုပဲ ပြောရှင်"

"ထိမ်းမြားလက်ထပ်ရေးလို့ဆိုတဲ့ ဥပဒေစကားကို ရှေးဦးစွာငါဖတ်ပြမယ် . . .၊

ဗုဒ္ဓဘာသာ တရားတော်မှာ ကာမဘုံမှ လွတ်မြောက်ရေးကို ရှာကြံကြိုးပမ်းမည့် တရားပင်ဖြစ်ရာ ထိမ်းမြားလက်ထပ်မှုမှာ ဘာသာရေးနှင့် လုံးဝမစပ်လျဉ်းသည့် လောကီရေးသက်သက်ဖြစ်ကြောင်း ထင်ရှားလှသည်။ ခရစ်ယာန်ဘာသာနှင့်ဟိန္ဒူဘာသာတို့အရ ထိမ်းမြားလက်ထပ်ရေးမှာ ဘာသာ ရေးအခမ်းအနားတစ်ရပ်ဖြစ်ရာ မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ရေးနှင့် အခြေခံအားဖြင့် ဆန့်ကျင်ကြောင်းတွေ့ရသည်။ မဟာမေဒင်ဘာသာအရ

ထိမ်းမြားလက်ထပ်ရေးမှာမူ ပဋိညာဉ်ကို မူတည်၍ ဆောင်ရွက်ခြင်းဖြစ်ရာ ယင်းကိစ္စ တွင်မူ မြန်မာဗုဒ္ဓဘာသာ ထိမ်းမြားလက်ထပ်မှုနှင့် အနည်းငယ်တူညီသလိုရှိပေသည်" လို့ဆိုထားတာကို တွေ့ရပါတယ်၊ ဒီအကြောင်းကို မလှသီ သဘောပေါက်တယ်နော်"

"မြန်မာလိုရေးထားတာပဲတော်၊ သဘောပေါက်ပါတယ်"

"အေး ဟုတ်ပြီ၊ နောက် ထိမ်းမြားမှုသည် လူမှုရေးဖြစ်သည်လို့ ဆိုတဲ့စကားကို ဆက်ကြရအောင်ကွာ၊

ထိမ်းမြားလက်ထပ်မှုသည် ဘာသာ ရေးနှင့် သက်ဆိုင်သလော (သို့မဟုတ်) လူမှုရေးသက်သက်သာဖြစ်သလောဟူသည့် ပြဿနာကို တရားလွှတ်တော် စီရင်ထုံးဟောင်းများတွင် ဆုံးဖြတ်ထားခြင်းမရှိပေ။ တရားရုံးချုပ်မှ (၁၉၆၅) ခုနှစ်မှစ၍ စီရင်ဆုံး ဖြတ်သည့်အမှုများ၌ ဤပြဿနာကို အလေး အနက်စိစစ်ဝေဖန်ပြီးနောက် ထိမ်းမြားလက်ထပ်မှုသည် သိမ်မွေ့၍ အရေးကြီးသော လူမှုရေးကိစ္စတစ်ရပ် ဖြစ်သည်ဟု အတိအကျအဆုံးအဖြတ် ပေးထားကြောင်း တွေ့ရသည်။

ထိမ်းမြားလက်ထပ်မှုမှာ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြရန် ရည်ရွယ်ချက်ဖြင့် ကတိ ပဋိညာဉ်ပြုလုပ်မှုအပေါ် မူတည်နေသည်ဟု စီရင်ထုံးများတွင် တညီတညွတ်တည်း ပြဆိုခဲ့သည်။ ပဋိညာဉ်ဆိုသည့်စကားနှင့်ပတ်သက်၍ ပဋိညာဉ်အက်ဥပဒေ၌ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ကောက်ယူရမည်ဟုနား လည်ခဲ့ကြသည်။ သို့ရာတွင် (၁၉၆၅) ခုနှစ် မောင်ကိုကြီးနှင့် ဒေါ်အုန်းခင်အမှုတွင် တရားသူကြီးစုံညီခုံမှ မြန်မာဗုဒ္ဓဘာသာ ထိမ်းမြား လက်ထပ်မှုနှင့် ပတ်သက်သည့် အခြေခံသဘောတရားများကို အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာမြန်မာအချင်းချင်း ထိမ်းမြားလက်ထပ်ခြင်း၊ ပေါင်းသင်းနေထိုင်ခြင်း စသည်တို့နှင့် ပတ်သက်သော ကျွန်ုပ်တို့ ရှေ့မှောက်သို့ရောက်လာသည့် ပြဿနာမျိုးတွင် မြန်မာထုံးတမ်းစဉ်လာ ဥပဒေကို ဦးစွာလေ့လာသုံးသပ်ရန်လိုပါသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထိမ်းမြားလက်ထပ်ရန်ကတိပြုခြင်းကို ကုန်ရောင်းကုန်ဝယ် ပြုခြင်းနှင့် ကတိပဋိညာဉ်ပြုခြင်းမျိုးနှင့် တစ်ပြေးတည်းထား၍ စဉ်းစားရန် သင့်တော်သည် မဟုတ်ချေ။ ယဉ်ကျေးသော မည်သည့်နိုင်ငံတွင်မဆို ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင်တည်ထောင်ခြင်း စသည် ကုန်ရောင်းကုန်ဝယ် ဆက်ဆံကူးလူးခြင်းများနှင့် အတူမထားကြချေ။ သိမ်မွေ့၍ အရေးကြီးသော လူမှုရေးကိစ္စတစ်ရပ်ဟူ၍ လက်ခံကျင့်သုံးကြသည်။

ဤကိစ္စမျိုးသည် ထိမ်းမြားလက်ထပ် အိမ်ထောင်တည်ဆောက်ကြသူများနှင့် အဓိကအားဖြင့် သက်ဆိုင်သည် မှန်ကန်သော်လည်း ၎င်းတို့နေထိုင်ကြသော လူ့အဆောက်အဦးနှင့်လည်း ပတ်သက်နေသည်။ ထို့ကြောင့် ပုဂ္ဂလိကရေးရာ သက်သက်မျှသာမဟုတ်၊ လူ့အဆောက်အဦးနှင့် သက်ဆိုင်နေသောကိစ္စလည်း ဖြစ်သည်ဟု လက်ခံကြသည်။

ထို့ကြောင့် ထိမ်းမြားလက်ထပ်သောအခါ နှစ်ဦးတရားဝင်လင်မယားမြောက်သည်။ အိမ်ထောင်ဖျက်သိမ်း၍ ကွာရှင်းလိုကြလျှင်မည်သို့သောအကြောင်းများ ခိုင်ခိုင်လုံလုံရှိရမည် စသည်တို့ကို လူ့အဆောက်အဦးက စည်းကမ်းများသတ်မှတ်၍ပေးသည်။ ထိုစည်းကမ်းများသည် ကုန်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ရာတွင် သတ်မှတ်ကျင့်သုံးကြသော စည်းကမ်းများနှင့်ထပ်တူမဟုတ်ကြပေ။ လူမှု

ရေး စည်းကမ်းများဖြစ်သဖြင့် သီးခြားထားရှိကာ ပိုမိုသိမ် မွေ့တတ်သည်။ အဲဒီလို ဥပဒေတစ်ရပ်ကို နှိုင်းနှိုင်းချိန်ချိန်နှင့် ဆုံးဖြတ်ကြရန် ဖြစ်တယ်လို့ ညွှန်ပြခဲ့ကြတယ်လေ။ ဘယ့်နှယ်မလှသီ သဘောပေါက်ရဲ့လား"

"အိမ်ထောင်ပြုကြတဲ့အခါ ဒါမှမဟုတ် လင်နှင့်မယား သဘောထားချင်း မတိုက်ဆိုင်ကြတဲ့အခါ ကွာရှင်းကြမယ်ဆိုရင် လွယ်လွယ်မလုပ်ကြဖို့ သတိပေးတဲ့ ဥပဒေတစ်ရပ်ပဲ ဆိုရမှာပေါ့နော် ကိုဘထွန်း"

"ဟုတ်ပါတယ် ထိမ်းမြားလက်ထပ်တယ်ဆိုတာ သိမ်မွေ့ပြီး အရေးကြီးလှတဲ့ လူမှုရေးကိစ္စရပ်များဖြစ်တာမို့ သတိထား ကြဖို့ ကောင်းတယ်လေ၊ ရှေးပညာရှိများက 'အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ အဲဒီသုံးမျိုးကို သတိထားပြီး လုပ်ရမယ်'လို့ ဆုံးမစကားမျှားဆိုခဲ့တယ် မဟုတ်လားကွယ့်၊ ကိုယ်နဲ့မလှသီတို့ အိမ်ထောင်ပြုတော့မယ်ဆိုတော့ အသေးစိတ်တိုင်ပင်ခဲ့ကြတယ်၊ သစ္စာတွေဆိုခဲ့ကြတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီလိုမှ မတိုင်ပင်ရင် ကတိသစ္စာတွေ မဆိုခဲ့ကြဘူးဆိုရင် ပြဿနာဖြစ်လာရင် တစ်ယောက်နဲ့တစ်ယောက် အမြင်တွေဘယ်ရှင်းတော့ပါမလဲ ကိုဘထွန်းရယ်၊ သစ္စာအားပဲ မဟုတ်လားတော် . . ."

"ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ . ."

-----

ယနေ့ညနေ ကိုဘထွန်းတစ်ယောက် ကျောင်းမှပြန်ရောက်လာချေပြီ။ ခေတ္တအနားယူပြီး ရေမချိုးမီ အိမ်မှုကိစ္စများကို လုပ်တိုင်

လျက်ရှိနေပါသည်။ ရေမိုးချိုးပြီး ထမင်းစားရန် အချိန်စောနေသေးသဖြင့် စာဖတ်ခန်းတွင် စာဖတ်နေသည်။ သမီးကြီး ထမင်းပွဲပြင်ပြီးဖြစ်၍ အမေနှင့် အဖေ၊ ညီမကလေး မောင်ကလေးတို့အား ထမင်းစားကြရန် ပြောကြားလာပါသည်။ ကိုဘထွန်းတို့မိသားစုသည် ညနေစာ ထမင်းစားသောက်နေကြပါသည်။ ကိုဘထွန်းသည် ညနေစာ ထမင်းစားသောက်ပြီးနောက် ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်သို့ သွားခဲ့သည်။ မကြာမီ အိမ်သို့ ပြန် ရောက်လာပါသည်။

"ကိုဘထွန်း ဒီကနေ့ည ကျမတို့ဥပဒေ ပိုင်းဆိုင်ရာစကားကို ဆက်ပြောကြရမှာနော်"

"ဥပဒေပိုင်းဆိုင်ရာ စကားတွေကတော့ ပြောလို့မကုန်နိုင်ပါဘူးကွာ"

"မနေ့ညက ရှင်ပြောခဲ့ တဲ့စကားထဲမှာ အမျိုးသမီးအသက်က (၁၅)နှစ်၊ (၁၆)နှစ် ရှိရမယ်၊ အမျိုးသားအသက်က (၁၈)နှစ်ရှိရမယ်၊ အမျိုးသမီးရဲ့ အသက်(၁၅)နှစ်နှင့် အသက် (၂၀) အတွင်းမှာ ထိမ်းမြားလက်ထပ်မယ်ဆို ရင် မိဘနှစ်ပါးရဲ့ သဘောတူခွင့်ပြုချက်ရယူရမယ်၊ မိဘနှစ်ပါး သဘောမတူဘူး ခွင့်မပြုဘူးဆိုရင် ထိမ်းမြားလက်ထပ်လို့မရဘူး၊ အမျိုးသမီးက အသက်(၂၀)ပြည့်သွားပြီးရင်တော့ မိဘနှစ်ပါးသဘောမတူ ခွင့်မပြုလို့ ဆိုပေမယ့် ကိုယ့်သဘောအတိုင်း ထိမ်းမြားလက်ထပ်နိုင်တယ်လို့ ပြောခဲ့တယ်မဟုတ်လား ကိုဘထွန်း"

"ဟုတ်တယ်လေ၊ မလှသိ ပြောတဲ့အတိုင်းပါပဲ၊ မြန်မာဓလေ့ထုံးတမ်းဥပဒေစာအုပ် စာမျက်နှာ(၃၅)မှာလည်း 'မိဘများနှင့် အုပ်ထိန်းသူများသတိပြုစေရန်၊ တစ်ခုမှာ ယောကျ်ားလေးက အသက်(၁၈)နှစ်၊ မိန်းကလေးအသက် (၁၄)နှစ် အသီးသီးမပြည့်သေးမီ ထိမ်း

မြားလက်ထပ်ရန် မိဘများက သဘောတူညီချက်ပေးပါက ကလေးသူငယ်များ ထိမ်းမြားမှုတားမြစ်ရေး အက်ဥပဒေအရ အပြစ်ပေးခံကြရမည်ဖြစ်သည်’ရယ်လို့ ဥပဒေပြဋ္ဌာန်းခဲ့ကြတယ်လေ”

“အေးကွာ တစ်ဆက်တည်းပဲ ပြောရဦးမယ်၊ ‘ယောကျ်ားကလေး မိန်းကလေးနှစ်ဦး စလုံး အသက်ပြည့်ကြလို့ တရားရုံးတရားသူကြီးရဲ့ ရှေ့မှောက်မှာ လင်မယားအဖြစ်နေထိုင်ရန် ရည်ရွယ်ကြောင်း ကတိပြုပေါင်းသင်းကြတဲ့ဓလေ့ထုံးစံကို လိုက်နာဆောင်ရွက်တဲ့ အခါမှာ မည်သို့မည်ပုံ ကတိသစ္စာပြုရမယ်ဆိုတာ ဥပဒေအရ ပုံစံ သတ်မှတ်ထားခြင်းမရှိဘူး’ ရယ်လို့ ထုံးတမ်းဥပဒေ စာမျက်နှာ (၄၀) မှာ ဆိုထားတာ တွေ့ရတယ်ကွာ”

“ပြီးတော့ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ထက် ပိုယူလို့ရတယ်တဲ့၊ အပြစ်မရှိဘူးတဲ့ဗျာ၊ အဲ . . မိန်းကလေးတစ်ယောက်က ယောကျ်ားတစ်ယောက်ထက် ပိုယူခွင့်မရှိဘူးတဲ့၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၉၄)အရ အပြစ်တောင် ခံရဦးမယ်တဲ့လို့ဆိုထားသေးတယ်ကွာ၊ တို့လင်မယားနှစ်ယောက်မှာ ကိုဘထွန်းက မလှသီလို မယားရှိနေပေမယ့် နောက်မိန်းမကို ထပ်ယူလို့ရတယ်၊ မလှသီတို့လို မိန်းကလေးတွေကျတော့ လင်ယောကျ်ားရှိနေတဲ့အတွက် နောက်လင် ထပ်ယူလို့မရဘူး၊ ယူရင် အပြစ်ပေးခံရမယ်လို့ဆိုထားပါသေးတယ်”

“ဟာ ကိုဘထွန်းကလည်း ရှင့်ဥပဒေက မျက်နှာလိုက်တာပဲနော်၊ ဟုတ်မှဟုတ်ရဲ့ လားတော်”

“ဟုတ်ပါတယ် မလှသီရယ်၊ ဥပဒေရဲ့ အပေါ်မှာ ဘယ်သူမှ မရှိဘူး၊ မျက်နှာလိုက်တယ်ဆိုတာလည်းမရှိဘူး၊ ထုံးတမ်းဥပဒေစာ

အုပ် စာမျက်နှာ(၄၅)မှာ ပါတယ်၊ ကိုဘထွန်း ဖတ်ပြပေးမယ် နားထောင်"

"ဖတ်ပြစမ်းပါဦးတော်"

"ယောကျ်ားတစ်ဦးသည် မိန်းမတစ်ယောက်ထက် ပိုယူသည့် ဓလေ့ထုံးတမ်းမှာ မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သည်ဖြစ်ရာ ယခုခေတ်စီရင်ထုံးများကလည်း ထိုဓလေ့ကို အတည်ပြုထားကြပြီး ဖြစ်ပေသည်။

သို့ရာတွင် မိန်းမတစ်ယောက်က ယောကျ်ားအများယူသည့် ဓလေ့ထုံးတမ်းမှာ မြန်မာနိုင်ငံ၌ လုံးဝမရှိပေ။ သို့ရာတွင် တရားဝင်လင်ရှိ မိန်းမတစ်ယောက်သည် အခြားယောကျ်ားတစ်ယောက်နှင့် ထိမ်းမြား လက်ထပ်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၉၄) အရ အပြစ်ပေးခံရပေမည်"

"အေးတော်၊ ဒါတော့ ဥပဒေရေးသားခဲ့ကြတဲ့ ဥပဒေပညာရှင်ကြီးတွေ မတရားဘူး၊ ကျမတို့ မိန်းမသားတွေစုပြီး ကျား/မ မခွဲခြားဘဲ အခွင့်အရေးတွေ တောင်းဆိုကြရင် မကောင်းဘူးလား ကိုဘထွန်း"

"ကောင်းပါတယ်၊ တောင်းဆိုကြည့်ကြပေါ့၊ မရတော့လည်း အရင်းပေါ့၊ ရတော့လည်း အမြတ်ပေါ့ မလှသီရာ ဟဲ. . ဟဲ"

"ဘာ ဟဲ. ဟဲ. လဲကိုဘထွန်း၊ မကျေနပ်လို့လား ဖြေစမ်းပါဦး"

"မကျေနပ်လို့ မဟုတ်ပါဘူးကွာ၊ မကျေနပ်ကြရင် ဒီကနေ့ခေတ်က အော်ကြမြဲမို့ ပြောတာပါ၊ အော်ကြည့်ကြပေါ့"

"အော်ကြည့်ရဦးမယ်တော်ရေ"

"သဘောတော်အတိုင်းပါပဲဗျား၊ ကဲ ကဲ ထားလိုက်တော့၊ တို့မယားကြီး၊ မယားငယ် အကြောင်းပြောရဦးမယ်"

"ဘာလဲ ရှင်က မယားငယ်တွေနဲ့လား"

"မဟုတ်ပါဘူးကွာ၊ တို့တိုင်းပြည် တို့ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်ဗုဒ္ဓရဲ့လမ်းစဉ်အတိုင်း တစ်လင်တစ်မယားချည်းပါပဲ၊ အနောက်နိုင်ငံသားတွေ ဝင်ရောက်လာတော့မှ တို့မြန်မာနိုင်ငံသားတွေ ဗုဒ္ဓဘာသာဝင်တွေ ပျက်စီးလာခဲ့ကြတာပဲ"

"ကဲ. . . ကဲ ရှင်ပြောတဲ့ မယားကြီး မယားငယ်အကြောင်း ဆိုစမ်းပါဦး"

"ယောက်ျားမိန်းမနှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် အချစ်တူကြလို့ တရားဝင်ပေါင်းသင်းနေထိုင်ကြတယ်ဆိုရင် အဲဒီမယားကို မယားရယ်လို့ ခေါ်တယ်လေ၊ အဲဒီယောက်ျားဟာ နောက်မိန်းမတစ်ယောက်ကို ထပ်ယူလိုက်တယ်ဆိုရင် အဲဒီမိန်းမကိုတော့ မယားငယ်ရယ်လို့ ဖြစ်လာရခြင်းပါပဲ"

"ဒါ့ထက် ကိုဘထွန်း မယားငယ်နှင့် မယားပြိုင် မတူဘူးလား"

"အေးပေါ့ကွာ၊ ပထမ မယားရှိနေပေမယ့် တိတ်တိတ်ပုန်းကြိုက်နေတဲ့မိန်းမကို မယားငယ်၊ အမြှောင်မယားလို့ ရှေးတုန်းက ပြောကြတာပဲ၊ ယခုခေတ်ရောက်လာတော့ မယားငယ်၊ အမြှောင်မယားကနေ မယား ပြိုင်မယားဆိုပြီး ခေါ်လာခဲ့ကြခြင်းပါပဲ၊ မလှသီတို့လို မိန်းမတွေလည်း လင်ကြီးလင်ငယ် လင်ပြိုင်ဆိုပြီး ယူလို့ရတာပေါ့"

"ကိုဘထွန်းကလည်း ပြောရော့မယ်၊ ဒီမှာ ကိုဘထွန်း တစ်ယောက်တည်းတောင် ကောင်းကောင်းမနေရ၊ ကောင်းကောင်း မအိပ်ရနဲ့၊ ဟိုမှာ သမီးတွေ သားတွေ စာဖတ်နေကြတယ်"

"အေးကွာ၊ ဒါကြောင့် လောကနီတိဆရာက ပြောတာပေါ့၊ လင်ရယ်မယားရယ်လို့ ဖြစ်လာကြပြီဆိုရင် အထူးသဖြင့်တော့ သား

သမီးတွေ ဖြစ်လာကြပြီ ရလာကြပြီဆိုရင် အဖက်ဖက်က သတိထားကြရမယ်တဲ့”

“ဆိုစမ်းပါဦးတော်၊ လောကနီတိဆရာ ရဲ့ အဆိုကို”

“သားသမီးတွေရဲ့ ကိုယ်အမူအရာဟာ ဖခင်ဖက်ကို လိုက်တတ်တယ်တဲ့၊ နှုတ်အမူအရာကတော့ အမေဖက်ကို လိုက်တတ်တယ်တဲ့ဗျား၊ ဖခင်ရဲ့ကိုယ်အမူအရာဟာ ကြမ်းတမ်း ခက်ထန်တယ်ဆိုရင် သားသမီးတွေရဲ့ ကိုယ်အမူအရာကလည်း များသောအားဖြင့် ကြမ်းတမ်းခက်ထန်ကြသတဲ့၊ မိခင်အမေရဲ့ နှုတ်အမူအရာဟာလည်း ကြမ်းတမ်းခက်ထန်တယ်၊ သားသမီးတွေရဲ့ နှုတ်အမူအရာကလည်း များသောအားဖြင့် ကြမ်းတမ်းခက် ထန်ကြသတဲ့၊ ဒါကြောင့် ပြောတာလေ”

“အေးတော့် ကျမတို့ မိခင်တွေပိုပြီး သတိထားကြရမှာပေါ့နော်၊ သားတွေ သမီးတွေဆိုတာက မိခင်နှင့်သာ အတူနေကြရတာ များကြတယ်မဟုတ်လားတော့်”

“ဟုတ်တာပေါ့၊ ဒါ့ကြောင့် မလှသီကို ကိုဘထွန်း ပြောခဲ့ဖူးတယ်လေ”

“ဘာများလဲ ကိုဘထွန်း”

“မလှသီမှာ သမီးကြီးကိုယ်ဝန်ရလာပြီ၊ အနေအထိုင်အပြောအဆို သတိထား၊ စကားပြောမကြမ်းတမ်းနဲ့၊ သိမ်သိမ်မွေ့မွေ့နေ၊ နူးနူး ညံ့ညံ့စကား ပြောလို့လေ”

“အင်း. . အင်း သတိရပြီကိုဘထွန်း ရေ၊ ဒါထက် ဘာဖြစ်လို့ မိန်းမကို မယားရယ်လို့ ခေါ်ရတာပါလဲ။ ပြီးတော့ ယောကျ်ားကိုကော ဘာဖြစ်လို့ လင်ရယ်လို့ခေါ်တာပါလဲ။ ကိုဘထွန်းသိရင် ပြောပြ

စမ်းပါဦးတော် ဗဟုသုတရတာပေါ့”

“အေးပါကွာ မိန်းမဆိုတာကတော့ မိန်းမတွေအားလုံးတို ခေါ်တာပါပဲ။ အဲဒီ မိန်းမတွေထဲက မိန်းမတစ်ယောက်ကို ယောကျ်ား တစ်ယောက်က စွဲစွဲမြဲမြဲယူထားတဲ့အတွက် မယားရယ်လို့ ခေါ်ရခြင်း ဖြစ်တယ်လေ”

“မယားလို့ဆိုတဲ့ အခေါ်အဝေါ်ကို ဆရာကြီးဦးဖိုးလတ် ရေးသားခဲ့တဲ့ မြန်မာစကား အဖွင့်ကျမ်း ဒုတိယတွဲစာမျက်နှာ (၄၈၂/ ၄၈၅) မှာ လာတဲ့အတိုင်း ပြောပြပေးမယ်နော်”

“ကောင်းပါပြီတော်”

“မယားဟူသောစကားကို ‘ဒရ’ဟူသော ပါဠိမှ ဆင်းသက်လာ သော မြန်မာစကားတစ်ရပ်ဖြစ်သည်ဟု ပညာရှင်များက ဆိုကြပါ သည်။ ရှေးရှေးကျောက်စာတို့တွင် ကား ‘မိယာ မိယပ်၊ မိယျာ၊ မယာ၊ မျာ၊ မီယာ’ ဟူ၍ အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ယင်းဝေါဟာရများ ထဲတွင် ‘မယာ’ဟူသော ကျောက် စာစကားမှ ‘မယား’ဟူသော မြန်မာ စကားတစ်ရပ် ဖြစ်ပေါ်လာခြင်းဖြစ်သည်”

‘မ’ဟူသည်မှာ ဣတ္ထိလိင်(အမ) ဟော ပစ္စည်းတစ်ခုဖြစ်သည်။ ‘ယာ’ ဟူသည်မှာ မိမိစွဲစွဲမြဲမြဲထားခြင်းဟု အဓိပ္ပါယ်ရပါသည်။ ‘ယား’ ဟူသည်မှာ ‘ယာ’ဟူသော အသံရင်းမှ အနုတ်ဒီဃရီတိုးစေလို၍ ဝိသဇ္ဇနီ ဝစ္စပေါက်သံဖြင့် ‘ယား’ ဟူ၍ဆိုလိုခြင်းဖြစ်ပါသည်။ ‘မယား’ ၏ အဓိပ္ပါယ်မှာ ယောကျ်ား၏ စွဲစွဲ မြဲမြဲ ယူထားခြင်းခံရသော မိန်းမ ဟူ၍ ဖြစ်ပါသည်”

“လင်ဆိုတာကကော ဘယ်လိုသဘောလဲ ကိုဘထွန်း”

“လင်အကြောင်းကိုလည်း ဆရာကြီး ဦးဖိုးလတ် ရေးသားခဲ့တဲ့

မြန်မာစကားအဖွင့်ကျမ်း ပထမတွဲ စာမျက်နှာ (၁၂၈/၁၂၉)မှာ ဆိုထားတာရှိတယ်လေ”

“ဆရာကြီး ဦးဖိုးလတ် ဘယ်လိုဆိုထား သလဲ ဆိုစမ်းပါဦး”

‘လင်’ဟူသောစကားကို ‘ဂဟပတိ’ဟူ သော ပါဠိမှ ဆင်းသက်လာသော မြန်မာစကားတစ်ရပ် ဖြစ်ပါသည်ဟုဆိုပါသည်။ အဘယ့်ကြောင့်ဆိုသော် **‘ဂဟပတိ’** ဟူသော ပါဠိစကား၏အဓိပ္ပါယ်မှာ **‘အိမ်ရှင်ယောကျ်ား’** လို့ အဓိပ္ပါယ်ရသည်။ အိမ်ရှင်ယောကျ်ားဖြစ်သူသည် မိမိ၏မယား စားဝတ်နေရေး ကျန်းမာရေးမှစ၍ အစစအရာရာ လိုလေသေး မရှိ ပြည့်စုံသည်ထက်ပြည့်စုံအောင် ပြုစုစောင့်ရှောက်ခြင်းဖြင့် မိမိမယား၏ စိတ်ကို ကြည်လင်လာအောင် ပြုလုပ်ပေးတတ်ကြပါသည်။ “ထို့ကြောင့် **‘ဂဟပတိ-အိမ်ရှင်ယောကျ်ား’**ကို **‘လင်ယောကျ်ား’** ဟု ဆိုလိုရခြင်းဖြစ်ပါသည်။ သုတေသီအချို့ကလည်း **‘ခင်ပွန်း’** ဟူသော စကားမှ ဆင်းသက်လာကြောင်း ဆိုကြပါသည်”

“ကိုဘထွန်း ရှင်နဲ့ကျွန်မ လင်မယား ဖြစ်လာခဲ့တာ သားသမီးသုံးယောက်တောင် ရခဲ့ပြီပဲ၊ ဒီအကြောင်းတစ်ခါမှ မပြောပြပါလား”

“မပြောဆို အကြောင်းတိုက်ဆိုင်မှုမှ မရှိတာ မလှသီရာ၊ ဘာပြောစရာလိုသေးလို့လဲ”

“မဟုတ်ဘူးတော်ရေ့ ကိုဘထွန်းက ကျောင်းဆရာ၊ ကျမက ဈေးရောင်းသူမ၊ ပညာအဆင့်အတန်း ဗဟုသုတ ကွာနေတယ် လေ၊ ပြောမပြနိုင်သေးရင်တောင် ဖတ်ရမယ့် စာအုပ်တွေကိုတော့ ပြောပြသင့်တာပေါ့တော်”

“ကောင်းပါပြီဗျာ၊ ရန်တော့ မထောင်လိုက်ပါနဲ့ ပြောပြဆို

ပြောပြပါမယ်၊ တော်ကြာ ရှေ့နေကျနေတာပဲလို့တော့ မပြောပါနဲ့”

“အော် ကိုဘထွန်းက မှတ်ထားတယ်နော်၊ မမေ့သေးဘူး”

“မှတ်ထားတာတော့ မဟုတ်ပါဘူးကွာ ပြန်လည်သတိရမိလို့ပါ။ ကဲ. . ကဲ မလှသီရေ ဟောဒီစာအုပ်တွေကို မင်းအားတဲ့အချိန်ကျရင် ဖတ်ကြည့်၊ ဒါက ဒို့ဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့တဲ့ **‘မိဘအချစ် အနှစ်ကမေတ္တာ’**တဲ့၊ ဒါက **‘ဥပုသ်သည်ကျင့် ဝတ်’** ဒါက **‘ဗုဒ္ဓဘာသာမျက်ရှုတဲ့’**၊ ဒါက စံကျောင်းဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့တဲ့ **‘လူ့ကျင့်ဝတ်’**တဲ့ အဲဒီစာအုပ်တွေကိုသာ ဖတ်ကြည့်ပေတော့ဗျား”

“ကောင်းပါပြီတော်. . .၊ ကျေးဇူးကမ္ဘာပါပဲ”

“ကဲ. . ကဲ ဒီကနေ့ည (၁၁)နာရီ ထိုးတော့မယ်၊ အိပ်ကြဦးစို့၊ မနက်ဖြန်ညကျမှ လူမျိုးခြား နိုင်ငံခြားဘာသာခြားတွေနှင့် ထိမ်းမြားလက်ထပ်တဲ့ အကြောင်းအခြေခံထားတဲ့ ဥပဒေအပိုင်း ပြောကြရအောင်လေ”

“ကောင်းပါပြီတော်၊ ကဲ. . . ကဲ မအိပ်ခင် ရေကြည်ဂျင်းသုတ်ကလေးစားပါဦး”

ကိုဘထွန်းနှင့် မလှသီတို့၏ စကားဝိုင်းသည်လည်း ပြီးဆုံးခဲ့ကြပြန်ပါပြီ။ သူတို့လင်မယားသည် မနက်ဖြန်ညပြောဆိုကြမည့် ဥပဒေအကြောင်းများကိုလည်း နိဒါန်းစကား ပျိုးခဲ့ကြလေသည်။ ယနေ့ညနာရီမောင်းသံသည်ကား (၁၁)ချက်တိုင်တိုင် ပေါ်ထွက်လာခဲ့ပေပြီတည်း. . .။

-----

ကျောင်းဆရာ ကိုဘထွန်းတစ်ယောက် ယနေ့ကျောင်းမှ ပြန်လာခဲ့သည်မှာ နောက်ကျလှသည်။ တစ်ခါမှ နောက်မကျဘူးပေ။ ကိုဘထွန်းဇနီး မလှသီတစ်ယောက် ကိုဘထွန်း ကျောင်းမှ ပြန်ရောက်ချိန် မရောက်လာသဖြင့် အိမ်မှသမီးကြီးနှင့် သားငယ်ကလေးတို့အား စက်ဘီးဖြင့် အကြိုလွှတ်လိုက်သည်။

သမီးကြီးနှင့် သားငယ်တို့သည် သူတို့ အဖေပြန်လာနေသည်ကို အတော်ဝေးဝေးမှ တွေ့မြင်လိုက်ကြရသဖြင့် စက်ဘီးပေါ်မှ ဆင်းပြီး စောင့်နေကြပါသည်။ ကိုဘထွန်းသည်လည်း သမီးကြီးနှင့်သားငယ်တို့ကို အနားရောက်မှ အမှတ်မထင်တွေ့မြင်လိုက်ရပါသည်။

"ဘယ့်နှယ် သမီးနှင့်သားတို့ ဘာလာလုပ်ကြတာလဲ"

'မေမေက ဖေဖေကျောင်းမှ ပြန်လာတာနောက်ကျလို့ အကြိုလွှတ်လိုက်တာပါ ဖေဖေ"

"အေးအေး၊ သမီးတို့အမေကလည်း ပူစရာမရှိ ပူရန်ရောကွာ၊ ဖေဖေအတွက် မပူရပါဘူး၊ ဖေဖေ့ကိုလာကြိုတဲ့သမီးတို့အတွက် ပူရမှာကွယ့်"

"ဒါတော့ သမီးတို့မသိဘူးဖေဖေ၊ မေမေ့အကြောင်း ဖေဖေလည်း သိသားပဲ"

"ကဲ ကဲ သားကလေးစက်ဘီးနှင့်ပြန်နှင့် ဖေဖေတို့ နောက်ကပြန်လာနေကြပြီလို့ မေမေ့ကို ပြောလိုက်ကွာ"

"ဟုတ်ကဲ့ပါဖေဖေ"

သားကလေးသည် စက်ဘီးဖြင့် ရှေ့ပြေးပြန်သွားခဲ့လေပြီ။ ကိုဘထွန်းနှင့် သမီးကြီးတို့လည်း လမ်းတစ်လျှောက်လုံး စကားပြောလာခဲ့ကြပါသည်။

"သမီးရေ ယခုအချိန်ကာလမှာ မိန်းကလေးတွေ အချိန်မရှိရင်လမ်းမထွက်သင့် ကြတော့ဘူးကွယ့်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"အေးကွယ် သမီးဖြစ်နေပေမယ့် မပြောမဖြစ်လို့ပြောရဦးမယ် သမီးရေ"

"ပြောပါဖေဖေ"

"အေးအေး ယနေ့ခေတ်ကာလမှာ ဘာသာခြားလူမျိုးခြား ယောကျာ်းလေးတွေက ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးလေးတွေကို တစ်နည်းနည်းနဲ့ ရန်စရမယ်၊ အဓမ္မပြုကျင့်ရမယ်၊ ဆူပူမှုတွေဖြစ်လာတယ်ဆိုရင် ကျန်တစ်စုက အိမ်တွေကိုမီးတင်ရှို့ရမယ်လို့ သူတို့ရဲ့ ဆရာကြီးများက လမ်းညွှန်မှုတွေ ပေးထားကြတယ်လို့သိရတယ်လေ။ ရခိုင်ပြည်နယ်ကစခဲ့တာ ယခုမြန်မာတစ်နိုင်ငံလုံး လိုလို ဆူပူမှုတွေ ကူးစက်လာခဲ့တယ်လေ သမီးရယ်။ ဖေဖေတို့ရဲ့ ဧရာဝတီတိုင်းဒေသကြီးထဲက ပန်းတနော် ကျောင်းကုန်း လပွတ္တာ ပုသိမ်စတဲ့ မြို့နယ်များမှာ ဖြစ်လာရတာကလည်း အဲဒီအဓမ္မကိစ္စတွေပဲ၊ ဒါလက်တွေ့ ဖြစ်ပေါ်လာရတဲ့အကြောင်းအရင်းအစတွေပဲလေ သမီး"

"ဟုတ်ကဲ့ဖေဖေ၊ သမီးတို့လည်း သတင်းကြားပြီးဖြစ်ပါတယ်"

"အေးအေး ဒါဆိုလည်း ပြီးရောပေါ့ကွယ်၊ အချိန်မရှိတဲ့အခါ အပြင်ထွက်ရင် အဖော်တွေနှင့်ထွက်နော်သမီး"

"ဟုတ်ကဲ့ပါဖေဖေ"

ကိုဘာထွန်းတို့ သားအဖနှစ်ယောက်သည် စကားတပြောပြော နှင့် အိမ်ရှေ့သို့ ရောက်သွားခဲ့ကြပေပြီ။ ဇနီးဖြစ်သူ မလှသီ တစ်ယောက် အပြစ်တင်သံနှောပြီး နှုတ်ဆက်ရန် စောင့်နေသည်ကို တွေ့

လိုက်ရပါသည်။

"ဘယ့်နှယ် ကိုဘထွန်း ဒီကနေ့ ရှင်နောက်ကျလှချေလား"

"အေးကွာ၊ နောက်ကျဆို ကျောင်းလွှတ်တော့မှပဲ မိဘဆရာ အသင်းလူကြီးများ ရောက်လာကြပြီး သီတင်းကျွတ်မီးထွန်းပွဲတော် နှင့် အာစရိယပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲများ လုပ်ချင်လှဆိုပြီးတိုင်ပင် နေကြတာနဲ့ နောက်ကျသွားတာပါကွာ"

"အေးတော့ ဒီကနေ့ညနေ(၃)နာရီ လောက်က (၁၃)နှစ် (၁၄) နှစ် လောက်သာ ရှိသေးတဲ့ မိန်းကလေးတစ်ယောက်ကို အသက် (၄၀) လောက်ရှိတဲ့ ဘာသာခြားလူမျိုးခြား တစ်ယောက်က သူ့အိမ်ထဲ ဆွဲခေါ်သွားပြီး အဓမ္မပြုကျင့်သတဲ့။ ဒါကို ဘေးကလူတွေက တွေ့ တော့ရပ်ကွက်လူကြီးတွေ ရဲတွေကိုခေါ်ပြီး ဝင်ဖမ်းဆီးလိုက်ကြရ သတဲ့ ယခုအဲဒီလူကြီးဟာ ရဲစခန်းအချုပ်ထဲမှာ ရောက်နေသတဲ့။ ရပ်ကွက်သူ ရပ်ကွက်သားတွေကညး မကျေမနပ်ဖြစ်ပြီး အဲဒီလူရဲ့ အိမ်ကို ဖျက်ဆီးကြမလို့တဲ့။ တော်သေးရဲ့ သက်ဆိုင်ရာ လူကြီးတွေ က အချိန်မီထိန်းသိမ်း မီးရှို့လိုက်ပါသတဲ့။ ဒါကြောင့် ရှင်ကိုမျှော် နေတာတော်ရေ။ ကျမက မီးလောင် မီးရှို့မှာ သိပ်ကြောက်တာပဲ။ ကဲ ကဲ ခဏနားပြီး ရေဝအောင်သောက်ပြီး ရေချိုးလိုက်ပြီးတော့ ထမင်းစားကြမယ်။ ဒီည ရှင်လက်ဖက်ရည်ဆိုင် မသွားနဲ့တော့"

"အမိန့်တော်အတိုင်းပါပဲဗျား"

ကိုဘထွန်းတစ်ယောက်သည် ခဏနားပြီး ရေဝအောင် သောက်ကာ ရေမိုးချိုးလိုက်သည်။ ရေချိုးပြီး မိသားစုထမင်းဝိုင်းသို့ ဝင် ထိုင်လိုက်ပါသည်။ ထမင်းစားသောက်ပြီးနောက် စာဖတ်ခန်းထဲ သို့ ဝင်ရောက်သွားပြီး ဥပဒေစာအုပ်ကြီးကို ဖတ်ရှုနေပါသည်။ တစ်

ဖက်က ရေဒီယိုကလေးကို မတိုးမကျယ်ဖွင့် ပြီး နားထောင်လျှက်ရှိပြီး တစ်ဖက်ကလည်း စာဖတ်ပြီး မျက်စိအလုပ်ကို လုပ်လျှက်ရှိပါသည်။ မကြာမီပင်ည (၉)နာရီထိုးသွားပေ ပြီ။ ရေဒီယိုကလေးကို ပိတ်ပြီး ဥပဒေစာအုပ်ကြီးကို ယူဆောင်၍ အပြင်သို့ထွက်လိုက်ပါသည်။ မလှသီတစ်ယောက်လည်း စားဖွယ် သောက်ဖွယ်များဖြင့် စောင့်နေသည်ကို တွေ့လိုက်ရပါသည်။ ကိုဘထွန်းတို့စကားဝိုင်းလည်း စလိုက်ကြပေပြီ။

"ကဲ ကဲ ကိုဘထွန်း ဒီမှာရှင်သောက်နေကျ ရှင်ကြိုက်တဲ့ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည် သားကိုဝယ်ခိုင်းထားတယ်။ သောက်လိုက်ပါဦး ပြီးမှစကားပြောကြတာပေါ့။ တော်ကြာ လက်ဖက်ရည် မသောက်ရလို့ စကားပြောရတာလမိုင်းမကပ်ဘူး ဖြစ်နေဦးမယ်"

ကိုဘထွန်းသည် မလှသီထည့်ပေးထားသော လက်ဖက်ရည် တစ်ခွက်ကို အားပါးတရ သောက်လိုက်ပါသည်။ မလှသီပြောသလို စိတ်ရွှင်လာပါသည်။ လမိုင်းကပ်ပုံပေါ် လာပါသည်။

"ကဲ ကဲ ကိုဘထွန်း ဒီညမှာ ရှင်ပြောခဲ့တဲ့ လူမျိုးခြား ဘာသာခြားနှင့် ထိမ်းမြားတဲ့ ဥပဒေအကြောင်း ပြောကြမှာနော်"

"ဟုတ်ပါတယ်ကွာ၊ အဲဒီဥပဒေအကြောင်း ပြောရမယ်ဆိုရင်တော့ မလှသီ သည်းခံပြီး နားထောင်ရမှာနော်"

"ပြောစမ်းပါတော် ဘာအားနာစရာ လိုသေးလို့လဲ။ ကျမတို့ မိန်းကလေးတွေ အများကြီး ဗဟုသုတရမယ့်စကားတွေပဲ မဟုတ်လားတော့"

"အေး အေး ကောင်းပြီလေ၊ မလှသီ နားထောင်ပေတော့ဗျား"

"ကောင်းပါပြီတော်"

"မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ စတင် အုပ်စိုးချိန် နိုင်ငံခြားသားများ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်လူမျိုးများဝင်ရောက်ကာ အခြေစိုက်ခဲ့ကြပေသည်။ တိုင်းရင်းသားလူ မျိုးများအနေနှင့် လူမျိုးခြားတို့ အပေါ် တွင် မည်သို့မျှ အာဃာတမရှိ အပြေအလည်ဆက်ဆံခဲ့ကြသည်။ တိုင်းရင်းသားတို့၏ ဘာသာရေးလည်း ထိုသို့ ပေါင်းသင်း ဆက်ဆံခြင်းကို တားမြစ်မှုမရှိပေ။

ထို့ကြောင့် နိုင်ငံခြားသားများအဖို့ မြန်မာအမျိုးသမီးများကို အိမ်ထောင်ပြုရန် အခွင့်အရေးရရှိကြပေသည်။ သို့ဖြင့် ဆင်းရဲ နွမ်းပါးသည့် မြန်မာအမျိုးသမီးတို့သည် လူမျိုးခြားများနှင့် အိမ်ထောင်ပြုကြသော အခြေသို့ ဆိုက်ရောက်သွားကြသည်။

နိုင်ငံခြားသားများနှင့် အိမ်ထောင်ပြုကြသည့် မြန်မာ အမျိုးသမီးများအနက် မြို့ကြီးသူများလည်း မြန်မာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းမရှိတော့ချေ။ ယင်းအမျိုး သမီးတို့၏ ပတ်ဝန်းကျင်ရှိ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့၏ အမြင်မှာကား ၎င်းတို့သည် နိုင်ငံခြားသားများ၏ တရားဝင်ဇနီး များဖြစ်ကြသည်။

သို့ရာတွင် အကြောင်းမသင့်၍ စားစရိတ်လျှောက်ထားရန်၊ ကွာရှင်းရန်အမွေ တောင်းရန်စသောပြဿနာများနှင့် ရင်ဆိုင်ရသော အခါတွင်မှ ဥပဒေသစ်များ၏ အ ကြောင်းသိကြရသည်။ သိရှိရသော အခါ၌ မိမိတို့တွင် ပြစ်မှုဥပဒေအရ စားစရိတ်ရခွင့် ရှိစေကာမူ မိမိတို့ ကိုယ်တိုင်မှာ အပျော်မယားအဖြစ်ရောက်နေရကြောင်းနှင့် မိမိတို့ သားသမီးများမှာလည်း တိတ်တိတ်ပုန်းမွေး ထားသည့် ကလေးများ ဖြစ်နေကြရကြောင်း တွေ့ကြရတော့သည်။

နိုင်ငံခြားသားများသည် မသိနားမ လည်သော ငယ်ရွယ်သည့်

မြန်မာအမျိုးသမီးများကို ချော့မော့လှည့်ဖြားကာ ဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ဟန်ပြုပြီး ပေါင်းသင်းပြီးနောက် ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါတွင်မှ ၎င်းတို့လူမျိုး၏ ဥပဒေကို အကာအကွယ်ပြုပြီးဆိုခဲ့သည့် ထိမ်းမြားမှုကို ဖျက်သိမ်းလေ့ရှိကြောင်း မကြာခဏတွေ့ရှိကြရသည်။ ဤကဲ့သို့သော အမှုအခင်းမျိုးတွင် လူမျိုးခြား၏ ဥပဒေကို လက်ခံပြီး မြန်မာလူမျိုးတို့၏ ဥပဒေကို မည်သည့်အတွက်ကြောင့် လုံးဝလျစ်လျူထားသည်ဆိုသောအချက်မှာ မရှင်းလင်းချေ။

အဲဒါကတော့ ဦးမေအောင်ရဲ့ ဗုဒ္ဓဘာသာ ဥပဒေမှာ ထင်ရှားသည့် စီရင်ထုံးများကို ဥပဒေပညာရှင်ကြီး ဦးမြစိန်က သူရေးသားထားတဲ့ မြန်မာလေ့ထုံးတမ်းဥပဒေ စာအုပ် စာမျက်နှာ (၅၅)မှာ ဖော်ပြထားတဲ့ ဥပဒေ တစ်ရပ်ပဲလေ"

"အေးတော် ဟိုတုန်းက နိုင်ငံခြားသား ဘာသာခြားတွေနှင့် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများ ထိမ်းမြားလက်ထပ်ခဲ့ကြတာ မြန်မာဥပဒေက ဘယ်လိုမှတားဆီးလို့ အကာအကွယ်ပေးလို့ မရဘူး ပေါ့နော် ကိုဘထွန်း"

"ဟုတ်တယ်မလှသီရေ ဒါကြောင့် လည်း မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေကြီး ဦးမြစိန်က-

'မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးတစ်ယောက်နှင့် ဘာသာခြားယောက်ျားတို့၏ ထိမ်းမြားလက်ထပ်မှုပြဿနာများကို မြန်မာလေ့ထုံးတမ်းဥပဒေအရသာလျှင် အဆုံးအဖြတ် ပေးသင့်ပေသည်။ အကြောင်းမှာ အမှုသည်များသည် ဘာသာတူသူများ မဟုတ်၍ မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၂)အရ ဆုံးဖြတ်သင့်သည်ဖြစ်ရာ အဆိုပါ ပုဒ်မခွဲတွင် ပြဆိုသည့် တရားဥပဒေမှာ

ပဋိညာဉ်ပြုရာတိုင်းပြည်၏ တရားဥပဒေဖြစ်သော မြန်မာဓလေ့ ထုံးတမ်း ဥပဒေပင်ဖြစ်သည်' ရယ်လို့ချို့ယွင်းချက်တွေကို ထောက်ပြပြီး မြန်မာဓလေ့ထုံးတမ်း ဥပဒေအရသာဆုံးဖြတ်သင့်တယ်လို့ ထောက်ပြခဲ့တယ်လေ"

"ဟုတ်ပါတော် တကယ်တမ်းကျတွေး ကြည့်လို့ပဲဖြစ်ဖြစ်၊ လိုက်ကြည့်လို့ပဲ ဖြစ်ဖြစ် ကျမတို့ မြန်မာအမျိုးသမီးတွေဟာ နိုင်ငံခြားသား ဘာသာခြား ယောကျ်ားများရဲ့ အပျော်မယား၊ မယားငယ်၊ မယားမြှောင်ဘဝနှင့် သာနိဂုံးချုပ်ခဲ့ကြရတာ များနေကြပါတယ်"

"အေး ပေါ့ကွယ်၊ ဒါကြောင့်လည်း အဖက်ဖက်က အမြော်အမြင်ရှိတော်မူကြတဲ့ ကျမ်းတတ်ပေတတ် အကျော်အမော် ဆရာတော်ကြီးများ ဦးဆောင်ပြီး အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး အဖွဲ့ကို တစ်တိုင်းပြည်လုံး ဖွဲ့စည်းပြီး မျိုးစောင့်ဥပဒေ တစ်ရပ်ပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူနေကြတာပေါ့ မလှသီရယ်"

"ဟုတ်ပါတော့ ကျမတို့ မိန်းမတွေကိုက အတွေးအခေါ်တွေ ချော်နေကြတာများတယ်။ ဆရာတော်ကြီးများ ဘယ်လောက် ကျေးဇူးများသလဲ၊ သဘောပေါက်ဖို့ ကောင်းပါတယ်တော်"

"အေးကွယ့်၊ မလှသီပြောလို့ ကိုဘထွန်းတို့ ကိုးကွယ်တဲ့ ဆရာတော်ဟောကြားတော်မူခဲ့တဲ့ တရားတော်ထဲက စကားတစ်ခွန်းကို သတိရမိတယ်လေ"

"ဆိုစမ်းပါဦးကိုဘထွန်း ဘာစကားမျိုးလဲ"

"သုခိတကာလေ ဘိက္ခုန် အတ္တိဘာဝမ္ပိ အဇာနိတ္ဘာ။
ဒုက္ခာဘိဘူတကာလေ ဝိဟာရံ ဂန္တွကာမာ ပေါတ္တိ= လူတွေ

ဟာ ချမ်းသာနေတယ်၊ ရာထူးတွေရှိနေတယ်၊ နေရာတိုင်းမှာ ပေါ်ပျူလာဖြစ်ကြနေတယ်ဆိုရင် ရဟန်းတော်များရှိနေတာကိုလည်း အသိအမှတ် မပြုချင်ကြဘူးတဲ့။ ရဟန်းတော်တွေ ဘုန်းကြီးတွေဟာ အလကားပါတဲ့။ အဲ ဆင်းရဲဒုက္ခရောက်လာကြပြီ၊ ရာထူးပြုတ်ပြီဆိုတဲ့ အခါကျတော့မှ ရဟန်းတော်များ ဘုန်းကြီးများ နေထိုင်ကြတဲ့ ကျောင်းသို့ သွားလို ကြသတဲ့ မလှသီရယ်။ ဘယ်လောက်များ မှန်သလဲလို့။ ဒီနေ့ခေတ် ပိုထင်ရှားတယ်လေ။ မလှသီရဲ့ အတွေးအခေါ်နှင့် ကြည့်ရင်တောင် မြင်နိုင်ပါတယ်ကွာ”

“ဟုတ်ပါတော်၊ ကိုဘထွန်းနှင့် ကျမ အိမ်ထောင်မကျခင်က ရွာမှာနေခဲ့တယ်လေ အဲဒီကျမတို့ရွာက လူကြီးတစ်ယောက်ဟာ ကျောင်းထိုင်ဆရာတော်နှင့် မတည့်ဘူး၊ ဆရာတော်ဘာပဲလုပ်လုပ် တစ်ခါမျှ အကောင်းမပြောဘူး၊ အမြဲတမ်းရန်ရှာနေတယ်။ နောက်တော့ အဲဒီလူကြီးလည်း ရာထူးကပြုတ်၊ စီးပွားလည်းပျက်၊ သူ့အမျိုးသမီးကလည်း ကွယ်လွန်၊ သားတွေ သမီးတွေကလည်း ဂရုမစိုက်ဆိုတော့ အဲဒီဆရာတော်ကျောင်းမှာပဲ ဒုလ္လဘရဟန်းခံပြီးသွားနေတယ်လေ”

“အေးပေါ့ကွယ်၊ ဒါ့ကြောင့်လည်း ရှေး ဆရာတော်ကြီးတွေက- ***‘မထောင်နဲ့၊ မထောင်နဲ့၊ ထောင်ရင် လဲတတ်တယ်’*** လို့ဆုံးမတော်မူခဲ့တာပေါ့”

“ဒါထက်-ကိုဘထွန်း။ ရှင့်သာကီသွေး ဂျာနယ်အမှတ်(၁)မှာ စာရေးဆရာကြီး မောင်သွေးချွန်ရေးသားခဲ့တဲ့ ‘မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးသာသနာ အစွန့်ရှည်ပါစေ’ လို့ဆိုတဲ့ ဆောင်းပါးထဲမှာပါတဲ့ စကားများကို ကျွန်မ သိပ်သဘောကျမိတယ်လေ”

"ဩ- ဆိုစမ်းပါဦး မိန်းမရယ်။ ဘယ်လိုစကားလဲ။ ဒီလိုတော့လည်း ငါ့မိန်းမက အလာကြီးပဲ။ အလာကြီးလို့ပြောတာနော်။ အလ္လာကြီး မဟုတ်ဘူး။ ဘဝင်မြင့်မသွားနဲ့ဦးဗျာ"

"ကျွန်မ ဖတ်ပြမယ်။ ရှင် နားထောင်"

"ကောင်းပါပြီဗျာ"

"အမျိုးစောင့်ဥပဒေ ပြဋ္ဌာန်းရေးတဲ့။ ဘာသာခြားတွေမှာ သူတို့ဘာသာကို ကာကွယ်တဲ့ မျိုးစောင့်ဥပဒေတွေ တရားဝင် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အကျဉ်းချုပ်ဖော်ပြရပါသော်

- ဟိန္ဒူနှင့် မြန်မာဗုဒ္ဓဘာသာဝင်များ တရားဝင်လက်ထပ်ရန် မဖြစ်နိုင်ဟု စီရင်ထုံးအဟောင်းများက ပြဆိုထားသည်။
- ခရစ်ယာန်ထုံးတမ်းနည်းလမ်းအတိုင်း လက်ထပ်မှ တရားဝင်သည်။ အခြားနည်းလမ်းများ တရားမဝင်။ ဥပဒေကိုမလိုက်နာလျှင် ငွေဒဏ်နှင့်ထောင်ဒဏ် ၁၀ နှစ် အထိ အပြစ်ပေးနိုင်သည်။
- အစ္စလာမ်။ ဘာသာကွဲနှင့် လုံးဝလက် ထပ်ခွင့်မပြု။ ဘာသာကွဲဖြစ်သူသည် အစ္စလာမ်သို့ တရားဝင်ကူးပြောင်းပြီးမှ လက်ထပ်ခွင့်ရှိသည်။ .

အထက်ပါ ဘာသာခြားများရဲ့ ဥပဒေဟာ တရားဝင် အက်ဥပဒေအဖြစ် လက်ခံထားရပြီး ဗုဒ္ဓဘာသာဝင်များအတွက် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများနှင့် အမွေဆက်ခံမှု အက်ဥပဒေပဲ ရှိပါတယ်။

ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေတို့ အခြေအတင်ဖြစ်လာပါက ပြဋ္ဌာန်း ဥပဒေကိုသာ အနိုင်ပေးလေ့ရှိပါတယ်။ ဘာသာခြားတွေမှာ တရားဝင် ပြဋ္ဌာန်းဥပဒေ ရှိပြီး ဗုဒ္ဓဘာသာမြန်မာတွေမှာတော့

တရားဝင် ပြဋ္ဌာန်းဥပဒေမရှိတာ အကာအကွယ်မဲ့နေကြောင်း ထင်ရှားပါတယ်။

ဒါ့ကြောင့် မြန်မာအမျိုးသမီးဘဝ လုံခြုံရေးနှင့် မျိုးဖျက်အန္တရာယ်မှ ကာကွယ်ရေးအတွက် မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အရေးပေါ် ဥပဒေကို ဒီကနေ့ တာဝန်သိသူ တာဝန်ရှိသူများက- ရေးဆွဲပြဋ္ဌာန်းဖို့ အချိန်တန်ပါပြီ။

ဒါဟာ မြန်မာအမျိုးသမီးတွေရဲ့ လူ့တန်ဖိုး လူ့ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးခြင်းဖြစ်တဲ့အတွက်သာမန်လူ့အခွင့်အရေးဆိုတာထက် ပိုပြီးလေးနက်ပါတယ်။ မြန်မာအမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ခြင်းဟာ အမျိုးဘာသာ သာသနာနှင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်တာလည်း ဖြစ်တဲ့အတွက် တစ်ခဲနက်ထောက်ခံ အတည်ပြုပေးဖို့ နှိုးဆော်တိုက်တွန်းအပ်ပါတယ်"

"အေးကွယ့်၊ ဆရာကြီးမောင်သွေးချွန် ပြောသလိုပါပဲ။ ယနေ့ခေတ်မှာ ဘာသာခြား လူမျိုးခြားတွေရဲ့ အမျိုးသမီးတွေဖျက် ဆီးခံနေရခြင်း၊ ဘာသာ သာသနာ ယဉ်ကျေးမှုဖျက်ဆီးခံနေရခြင်းစတဲ့ အကြောင်းတွေကြောင့် ဗုဒ္ဓဘာသာဝင်တွေနဲ့ ဘာသာခြားတွေ လူမျိုးခြားတွေ ပဋိပက္ခတွေ အဓိကရုဏ်းတွေဖြစ်ကြပြီး အားလုံးဟာ အကျိုးမဲ့ စီးပွားမဲ့တွေ ဖြစ်ခဲ့ကြရတာမဟုတ်လား။ အချို့များဆိုရင် အသက်ပါဆုံးရှုံးခဲ့ကြရ တယ်လေကွယ်။ ဝမ်းနည်းစရာတွေပါပဲ။ တစ်မြေထဲနေ တစ်ရေထဲသောက်နေကြတာတွေပဲလေ။ အဲဒီလို အကြမ်းဖက်တွေ မဖြစ်သင့်ကြပါဘူးကွာ"

"ဟုတ်ပ့ါတော်၊ တလောက ဈေးသွားဝယ်တုန်းက ကျွန်မတို့

ဖောက်သည်ဆိုင်မှ ညီမကလေးက အစ်မကြီး မပြန်နဲ့ဦးနော်။ ဗီဒီယို အခွေကြည့်သွားပါဦး ဆိုလို့ ကြည့်ခဲ့ရသေးတယ်လေ”

“ဘာလဲ မလှသီ မိန်းမဘောပွဲလား”

“မဟုတ်ဘူးတော်ရေ အဲဒီအခွေထဲမှာ ရခိုင်ပြည်နယ်မှာ အဓိက ရုဏ်း ဖြစ်ခဲ့ကြပုံ၊ မိတ္ထီလာမှာ အဓိကရုဏ်းဖြစ်ခဲ့ကြပုံ သတ်ဖြတ်ကြပုံ၊ မလေးရှားမှာဖြစ်ခဲ့ကြပုံတွေကို ကြည့်ရှုခဲ့ရပါတယ်။ မြင်မကောင်း ပါဘူးတော်။ တစ်ဖက်နဲ့တစ်ဖက် သတ်ကြဖြတ်ကြ၊ အချင်းချင်းလည်း သတ်ကြနဲ့။ အိုတော် ကျွန်မဖြင့် ရင်ထဲတောင်မကောင်းဖြစ်ခဲ့ရတယ် လေ။ တကယ်တော့ သူတို့အစွလာမ် အစွန်းရောက်လူမျိုးတွေက ချည်း ပြဿနာတွေစခဲ့ကြတာပါပဲ”

“အေးပေါ့ကွယ်၊ ဒါ့ကြောင့်လည်း အင်းစိန်သံဃာ့ညီလာခံကြီး မှာ သီတဂူဆရာတော်ကြီးက **‘တို့ဘက်က စတာမဟုတ်ဘူး၊ သူတို့ ဘက်ကစတာချည်းဖြစ်တယ်။ ရခိုင်အရေးအခင်း၊ မိတ္ထီလာအရေး အခင်းတွေကိုကြည့်ရင်အမှန်အတိုင်းသိနိုင်ပါတယ်’**လို့ မိန့်ကြားတော် မူခဲ့တယ်လေ။ ဒီအကြောင်းတွေကို အကျယ်သိချင်သေးတယ်ဆိုရင် ဒေါက်တာအရှင်သောပါကရဲ့ “သမိုင်းတစ်ခေတ် ဆန်းသစ်စေမည့် သမိုင်းဝင် ဩဝါဒများ” စာအုပ်ကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်ကွာ”

“အင်းအင်း ဟုတ်တယ် ဟုတ်တယ်။ ကျွန်မ အစအဆုံး ဖတ်ပြီး ပါပြီ။ ဆရာတော်ကြီးတွေရဲ့ ဩဝါဒစကားတွေကလည်း တန်ဖိုးရှိ လိုက်တာတော်။ ကျွန်မဖြင့် ဆရာတော်ကြီးတွေကို ကြည်ညိုလို့ မဆုံး နိုင်ပါဘူးတော်။ ဂိုဏ်းပေါင်းစုံက ဆရာတော်ကြီးတွေ တော်ရဲ့”

“ဟုတ်ပါ့ကွာ၊ တချို့ဆရာတော်ကြီး တွေဆိုရင် သက်တော် ၉၀ ကျော်ပြီဆိုတော့ အစည်းအဝေးပွဲကို ဘယ်ကြွရောက်တော်မူနိုင်ပါ့

မလဲ။ မကြွရောက်နိုင်ပေမယ့် စာရေးပြီး ဩဝါဒစကားများချီးမြှင့်တော်မူခဲ့ကြတယ်လေ။ ရွှေကျင်ဂိုဏ်းကြီးရဲ့ သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်ကြီးဆိုရင် ဩဝါဒစကားများကို စာရေးပြီး ချီးမြှင့်တော်မူခဲ့သေးတယ်လေ။ ဆရာတော်ကြီးများအနေဖြင့် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအတွက် အလေးပေးတော်မူခဲ့ကြပြီး ဩဝါဒစကားများ မိန့်ကြားတော်မူခဲ့ကြတာလေ”

“ဟုတ်ပဲ့တော်၊ ဆရာတော်ကြီးတွေရဲ့ ဩဝါဒစကားတော်များကို ကျွန်မဖြင့် တန်ဖိုးရှိလွန်းလို့ ရွှေစကားများလို့တောင် အမည်တပ်ချင်ပါရဲ့တော်”

“တပ်သင့်တာပေါ့ မလှသီရယ်။ ကဲ- ကဲ ရှိပါစေတော့။ လူမျိုးခြားဘာသာခြားတွေနဲ့ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးများ ထိမ်းမြားလက်ထပ်တဲ့အကြောင်း ပြောကြရအောင်လေ”

“ဟုတ်ပဲ့တော်၊ ရှင့်ဥပဒေအကြောင်း ပြောစမ်းပါဦး”

“တို့စကားက အပြင်ရောက်သွားတယ်၊ ကဲ-ကဲ နားထောင်ပေတော့. . ။ ‘မြန်မာနိုင်ငံသား အမျိုးသမီးများကို မည်သည့်နိုင်ငံခြားသားနှင့်မှ ထိမ်းမြားလက်ထပ်ပေး ခြင်း မပြုလုပ်ရန် မြန်မာနိုင်ငံတော်တရားရုံးချုပ်၏ ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁ ရက် နေ့စွဲပါ ညွှန်ကြားချက်အမှတ်-၂/၉၈၊ ညွှန် ကြားချက်အမှတ်-၃/၉၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရှေ့နေချုပ်ရုံး ၁၉၉၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့စွဲပါ စီမံခန့်ခွဲရေးဆိုင်ရာ ညွှန်ကြားလွှာအမှတ်-၁/၉၈ တို့ကို ထုတ်ပြန်ထားပါတယ်’လို့ မြန်မာဓလေ့ထုံး တမ်းဥပဒေ စာမျက်နှာ ၆၉ မှာ တွေ့ရပါတယ်”

“ကိုဘထွန်း၊ ဘာဖြစ်လို့ နိုင်ငံခြားသားနဲ့ မြန်မာအမျိုးသမီးများ

ထိမ်းမြားလက် ထပ်မှုမလုပ်ရတာလဲ ဆိုစမ်းပါဦးတော့”

“မလှသီရေ. . တချို့နိုင်ငံခြားသားတွေက မြန်မာအမျိုးသမီးများနဲ့ အမှန်တကယ် ထိမ်းမြားလက်ထပ်လိုတာမဟုတ်ဘူးတဲ့။ မြန်မာအမျိုးသမီးတွေကို နိုင်ငံခြား ခေါ်ဆောင်သွားပြီး ဟိုကျတော့ အကျင့်သိက္ခာပျက်ပြားတဲ့ အလုပ်မျိုးကို ခိုင်းတတ်ကြသတဲ့။ နားလည်အောင်ပြောရရင်တော့ကွယ် ပြည့်တန်ဆာမ လုပ်ခိုင်းပြီး ငွေရှာ ခိုင်းတတ်ကြတယ်ပေါ့ကွာ။ အဲဒါကြောင့် နိုင်ငံခြားသားများနှင့် မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းကိစ္စကို မည် သည့်တရားရုံးကမျှ လုပ်မပေးရဆိုပြီး အမိန့်တွေ ထုတ်ခဲ့ကြရခြင်းပဲဖြစ်တယ်လေ”

“ဟုတ်ကဲ့လား ကိုဘထွန်းရယ်၊ ဒီလိုဆိုရင် ဒီကနေ့ခေတ်မှာ နိုင်ငံခြားသားတွေနဲ့ မြန်မာအမျိုးသမီးတွေ ထိမ်းမြားလက်ထပ်နေကြတာဘယ်လိုလုပ်မလဲ ကိုဘထွန်း”

“အေးကွာ၊ အဲဒီအကြောင်းကိုဘထွန်း တစ်ဆက်တည်းပြောပြမလို့၊ မလှသီရဲ့မေးခွန်းက ဝင်လာလို့ မေးခွန်းကိုပဲ ဦးစားပေးပြီး အဖြေပေးခဲ့ရတာလေ။ တော်ကြာ မလှသီ စိတ်ကောက်နေမှာစိုးလို့ပါဗျာ”

“ကဲပါတော်၊ ဒါဆို ဆက်ပြောစမ်းပါဦး”

“ဒီလိုကွဲ့. . နိုင်ငံခြားသားများနဲ့ ထိမ်းမြားလက်ထပ်လိုသူ မြန်မာအမျိုးသမီးများ နစ်နာဆုံးရှုံးမှု မရှိစေရန် နိုင်ငံခြားသားနဲ့ မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်း ကျမ်းကျိန်လွှာ ပြုလုပ်ပေးရန် တင်ပြလာပါက တရားရုံးများက စိစစ် ဆောင်ရွက်ပေးရမယ်လို့ဆိုပြီး ညွှန်ကြားချက်အမှတ် ၂/၁၉၉၈၊ အပိုင်(၂) အပိုဒ် ခွဲ(က၊ ခ၊ ဂ၊ ဃ၊ င) တို့ကို ထုတ်ပြန်ကြေညာထားတာကို တွေ့ရတယ်လေ”

"ဒီလိုဆိုတော့ ညွှန်ကြားချက်အပိုဒ်(၁)က နိုင်ငံခြားသားနှင့် မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်မှု မရှိစေရလို့ အမိန့်ထုတ်ပြီး အပိုဒ်(၂)က ထိမ်းမြားလက်ထပ်နိုင်တယ်လို့ အမိန့်နှစ်ရပ်ကို တစ်ပေါင်းတည်းထုတ်လိုက်တာပေါ့နော် ကိုဘထွန်း"

"အေးဗျာ၊ တစ်ရက်တည်းထုတ်လိုက်တဲ့ အမိန့်များပါပဲ။ မလှသီ ပြောသလိုပဲပေါ့"

"ဘယ်လိုများဖြစ်ကုန်တာပါလဲတော်ရေ့။ ရှေ့က အမိန့်က ယူလို့မရ၊ နောက်က အမိန့်က ယူလို့ရတယ်ဆိုတော့ ရှင့်ဥပဒေက တစ်မျိုးကြီးပဲနော်"

"မလှသီတို့လို အမျိုးသမီးတွေ ချမ်းချမ်းသာသာနဲ့ နေရအောင် ဆိုပြီး ချမ်းသာတဲ့နိုင်ငံခြားသားများနဲ့ အိမ်ထောင်ပြုချင်ကြတဲ့ အမျိုးသမီးများကို ပြုခွင့်ပေးလိုက်တဲ့ သဘောပါပဲ။ စေတနာကောင်းကောင်းနဲ့ ခွင့်ပြုခဲ့တာပါကွာ။ ဒါပေမဲ့ စိစစ်ဆောင် ရွက်ပေးရမယ်လို့ ဆိုထားတယ်လေ"

"ဘယ်လိုစိစစ်ရမှာလဲ ကိုဘထွန်း။ ပြီးတော့ အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ၊ င)တို့ဆိုတာ ဘာတွေလဲတော့်၊ ဆိုစမ်းပါဦး"

"အပိုဒ်(၂) အပိုဒ်ခွဲ(က)ဆိုတာ တရားရုံးက ကျမ်းကျိန်လွှာ ပြုလုပ်လိုသူတို့သည် အမှန်တကယ် အကြင်လင်မယားအဖြစ် နှစ်ဦးသဘောတူ ပေါင်းသင်းရန်ရည်ရွယ်၍ ထိမ်းမြားလက်ထပ်လိုခြင်း ဟုတ်မဟုတ် ကို ခိုင်လုံသည့်အထောက်အထား တင်ပြနိုင်ခြင်း ရှိမရှိကို စိစစ်ရမယ်လို့ဆိုတယ်လေ။

(ခ)ဆိုတာ - ကျမ်းကျိန်လွှာ ပြုလုပ်သူတို့သည် ဗုဒ္ဓဘာသာဝင်များ ဟုတ်မဟုတ်ကို စိစစ်ရမယ်တဲ့။

(ဂ) ထိမ်းမြားလက်ထပ်နိုင်သည့် အရည်အချင်းများနှင့် ပြည့်စုံသူတို့ ဟုတ် မဟုတ်ကို စိစစ်ရမယ်တဲ့။

(ဃ) ကျမ်းကျိန်လွှာတွင် ဖော်ပြချက်များသည် မှန်ကန်ခြင်း ရှိမရှိကို စိစစ်ရ မယ်တဲ့။

(င) လိမ်လည်အလွဲပြောဆိုခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မရှိဘဲ မိမိတို့၏သဘောဆန္ဒအလျောက် လွတ်လပ်စွာ သဘောတူကျမ်းကျိန်လွှာပြု လုပ်ခြင်း ဟုတ်မဟုတ်ကို စိစစ်ရမယ်တဲ့။

- အဲဒီလို စိစစ်ပြီးတဲ့အခါ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးနှင့် ဗုဒ္ဓဘာသာဝင် နိုင်ငံခြားသားတို့ပြုလုပ်သည့် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာကို ခရိုင်တရားရုံး ခရိုင်တရားသူကြီးကသာ ပြုလုပ်ပေးရမည်တဲ့။

- ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးဟာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံခြားသားနှင့် ထိမ်းမြားလက်ထပ်မယ်ဆိုရင်တော့ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်း မြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေနှင့်အညီသာ တရားဝင် ထိမ်းမြားလက်ထပ်ပေးရမယ်တဲ့။

- အဲဒီလို လက်ထပ်တဲ့အခါမှာလည်း အက်ဥပဒေအရ ခန့်ထားခြင်းခံထားရတဲ့ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများကသာ ထိမ်းမြားလက်ထပ်ပေးရမယ်တဲ့။ အက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (၁၄-၆-၂၀၁၁) ရက်စွဲနဲ့ အမိန့်ကြေညာ စာအမှတ်-၁၆၉/၂၀၁၁ အရ-

(က) တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ပြည်နယ်

တရားလွှတ်တော်၊

(ခ) ခရိုင်တရားသူကြီး၊ ခရိုင်တရားရုံး၊

(ဂ) မြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံးတို့ကို ခန့်ထားပြီး ဖြစ်တယ် ။

အေးဗျာ- တစ်ဆက်တည်းပဲ ပြောရဦးမယ်။ ၂၀၁၂ ခုနှစ် မေလ ၉ ရက်၊ စာအ မှတ်-၁၀၂/စု-ဂ/၂၀၁၂(လထန)နဲ့ပြည်ထောင်စု တရားသူ ကြီးချုပ်က ယခင်တရား ရုံးချုပ်ရဲ့ (၁-၇-၁၉၉၈)ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်အမှတ်၊ ၂/၁၉၉၈ကို ရုပ်သိမ်းလိုက် သတဲ့ဗျား။ ယခုတော့ နောက်ဆုံးထုတ်တဲ့ ညွှန်ကြားချက်အမိန့် အတိုင်း ဆောင်ရွက်နေကြရပါသတဲ့"

"ကိုဘထွန်းရယ်၊ ဥပဒေစကားတွေကို ပြောကြရတာ နားထောင် ကြရတာ တယ်အူးမရဘူးတော့၊ နားလည်သလိုလို၊ နားမလည်ဘူး လိုလိုနဲ့တော်။ ဥပဒေပြောလိုက်၊ အက်ဥပဒေပြောလိုက်၊ နည်းဥပဒေ ပြောလိုက်၊ ညွှန်ကြားလွှာပြောလိုက်၊ ညွှန်ကြားချက်ပြောလိုက်နဲ့၊ အိုတော် စုံနေတာပဲ"

"အေးကွ၊ ငါကလည်း ဥပဒေပညာရှင် မဟုတ်။ ကျောင်းဆရာဆို တော့ မလှသီ သဘောပေါက်အောင်ကြိုးစားပြီး ပြောပြပေးနေရတာ ပါ။ မလှသီပြောခဲ့တဲ့စကားတွေကို ကိုဘထွန်းသိသလောက် ရှင်းပြ ပေး ပါဦးမယ်"

"ဆိုစမ်းပါဦးတော်"

"ဥပဒေဆိုတဲ့စကားကတို့များ ကိုးကွယ်နေကြတဲ့ ဂေါတမ မြတ်စွာဘုရားရဲ့ ဥပဒေသလို့ဆိုတဲ့ ပါဠိစကားကနေ ဆင်းသက်လာ တဲ့ စကားဖြစ်တယ်လေ။ ပါဠိသက် ဝေါဟာရတစ်ခုပဲ ဖြစ်ပါတယ်။

ဥပဒေသ/ ဥပဒေရဲ့ မြန်မာအဓိပ္ပာယ်ကတော့ စည်းမျဉ်း စည်းကမ်းရယ်လို့ ဖြစ်တယ်လေ။

အက်ဥပဒေဆိုတာကတော့ အင်္ဂလိပ်စကား အက်နှင့် ပါဠိစကား ဥပဒေစကား နှစ်မျိုးကိုတွဲပြီး သုံးထားကြတာပါ။ အဓိပ္ပာယ်ကတော့ ပြဋ္ဌာန်းဥပဒေရယ်လို့ပဲ ဖြစ်ပါတယ်။

နည်းဥပဒေဆိုတာကတော့ ဌာနဆိုင်ရာများ အသီးသီး ထုတ်ပြန်ကြော်ငြာစာ၊ ညွှန်ကြားလွှာ၊ ညွှန်ကြားစာ၊ ညွှန်ကြားချက်များကိုဆိုတာပါပဲကွာ။ နောက်ပြီးတော့ ဓလေ့ထုံးတမ်းဥပဒေဆိုတာကတော့ တိုင်း ပြည်အသီးသီးရှိလူတွေ လိုက်နာကြရမယ့် ကျင့်ဝတ်များပဲ ဖြစ်တယ်လေ။ ဓလေ့ထုံးတမ်းဥပဒေဆိုတာ နည်းဥပဒေလောက်၊ အက်ဥပဒေလောက် အာဏာသက်ရောက်မှုများ မရှိကြပါဘူး။ နိုင်ငံခြားသားများ၊ ဘာသာခြားများနဲ့ယှဉ်ပြီး ပြဿနာဖြစ်လာကြတဲ့အခါမှာ ပို၍သိသာထင်ရှားတယ် လေ။ ဓလေ့ထုံးတမ်းဥပဒေဟာ အလကားဥပဒေဖြစ်တော့တာပါပဲ။ ကဲ မလှသီရေ၊ ဒါလောက်ပဲထားပါတော့။ တော်ကြာ ဥပဒေကို စော်ကားတယ်ဆိုပြီး မင်းပြစ် မင်းဒဏ် သင့်နေပါဦးမယ်"

"ဟုတ်တယ်တော့်၊ ရှင်သဘောပေါက်သလိုသာ ပြောပြပေးပါတော်။ နောက်တော့လည်း ကျွန်မ သဘောပေါက်လာမှာပါ"

"အေးကွာ၊ ဒီလိုဆိုတော့လည်း ငါပြောရတာ အားရှိတာပေါ့။ ဒါပေမဲ့ ဒီညတော့ ၁၁ နာရီ ထိုးတော့မယ်လေ။ မနက်ဖြန် စနေနေ့ည ၉ နာရီကျမှ ၁၉၅၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ "ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက် ဥပဒေ"အကြောင်း ပြောကြရအောင်လေ"

"ကောင်းပါပြီတော်၊ ကိုဘထွန်းလည်း ဒီကနေ့ ကလေးတွေကို စာပြရတာရယ်၊ ကျောင်းသား မိဘတွေနဲ့ စကားပြောရတာရယ်၊ ကျွန်မနဲ့ နှစ်နာရီလောက် စကားပြောရတာရယ်နဲ့ဆိုတော့ ပင်ပန်းလှပါတယ်။ ကဲ-ကဲ လက်ဖက်ရည်တစ်ခွက် ထပ်သောက်လိုက်ပါဦးတော်"

ကိုဘထွန်းတို့ လင်မယားစကားဝိုင်း သည်လည်း ယနေ့ညအဖို့ ပြီးဆုံးခြင်းသို့ ရောက်ရှိခဲ့ကြပေပြီတည်း. . .။

-----

"ကဲ- မလှသီရေ၊ စနေနေ့ည ၉ နာရီနော်။ တို့များ စကားဝိုင်း စလိုက်ကြရအောင်လေ"

"ကောင်းပါပြီတော်၊ ခဏလေးစောင့်ပါဦး။ တစ်နေ့တာ ရောင်းရငွေ သမီးတွေနဲ့ စာရင်းလုပ်လိုက်ဦးမယ်နော်"

"အေးအေး၊ ကောင်းပြီလေ။ မလှသီ ကိစ္စပြီးရင် အသံပြုလိုက်ပေါ့"

ကိုဘထွန်းနှင့် မလှသီတို့ လင်မယား စကားဝိုင်းသည် တန်ဖိုးရှိသော စကားဝိုင်းတစ်ဝိုင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူပြိန်းများမသိနိုင်သည့်၊ သိဖို့ရန်ခက် ခဲလှသည့် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ဥပဒေရေး၊ အထွေထွေ ဗဟုသုတရရှိရေးစသည့်စကားများ အပြည့်အဝပါဝင်နေသောကြောင့်ပင်ဖြစ်သည်။

ယနေ့ည ပြောဆိုကြမည့် ဥပဒေပိုင်း ဆိုလျှင်လည်း လူတိုင်းမသိကြသောဥပဒေ ပိုင်းစကားများပင် ဖြစ်ပါသည်။ ၁၉၅၄ ခု နှစ်က ထုတ်ပြန်ခဲ့သော ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်

အမွေဆက်ခံမှု အက်ဥပဒေအကြောင်းများ ပြောဆိုကြမည် ဖြစ်ပါသည်။

"ကဲ- ကိုဘထွန်းရေ ကျွန်မကိစ္စ ပြီးပါပြီ။ စကား စလိုက်ကြရအောင်"

"အေးအေး၊ ကောင်းပြီလေ"

ကိုဘထွန်းတို့ လင်မယားနှစ်ယောက်တည်းသာ ရှိသည့် စနေနေ့ည ၉ နာရီ စကားဝိုင်းလည်း စခဲ့ကြပေပြီ။

"ကိုဘထွန်း၊ ရှင်ညကပြောခဲ့တဲ့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနဲ့ အမွေဆက်ခံမှုအက်ဥပဒေအကြောင်းက စပြောရမှာနော်"

"အေးပါကွာ၊ ဒီလိုတော့လည်း ငါ့မိန်းမက မှတ်ဉာဏ် ကောင်းလှသဟေ့။ ကိုဘထွန်းက ကနေ့ည ဘယ်ကစပြောရမလဲလို့ စဉ်းစားနေတာ"

"မှတ်ဉာဏ်ကောင်းတယ်လို့တော့ မဟုတ်ပါဘူးတော်။ ကျွန်မနေ့လယ်ပိုင်းက သတိရတာနဲ့ ဈေးစာရင်းစာအုပ်ထဲမှာ ရေးထားမိလို့ပါ။ စာရင်းရေးရင်းနဲ့ ပြန်ဖတ်မိလို့ သတိရသွားတာပါတော်"

"ဘာပဲဖြစ်ဖြစ်ပေါ့ မိန်းမရယ်၊ ကိုယ် ပြောလိုတဲ့စကားကို ပထမအဆင့် ဦးတည်ချက်ထားရမယ်။ ဒုတိယအဆင့်က မိမိသူတစ်ပါးနှစ်ဦးသားလုံး နားလည်နိုင်လောက်တဲ့စကားမျိုးကို ပြောဆို ဆွေးနွေးကြရမယ်။ တတိယအဆင့်ကတော့ ကိုယ်ပြောခဲ့တဲ့စကား၊ သူတစ်ပါးပြောခဲ့တဲ့စကားများကို ပြန်လည်၍ အနှစ်ချုပ်သုံးသပ် ဆုံးဖြတ်နိုင်ရမယ်လေ။ အဲဒီ သုံးချက်လောက်တော့ အနည်းဆုံး ပြည့်စုံပြီဆိုရင်ပဲ တန်ဖိုးရှိတဲ့ စကားမျိုးတွေဖြစ်ပါပြီ"

"ကဲပါတော်၊ ရှင်ပြောမယ့်စကားကိုသာ ပြောပါတော့။ ဘာရာကာသီ ချဲ့မနေပါနဲ့တော့"

"အေးကွာ၊ သေချာသထက်သေချာအောင် ဥပဒေစာအုပ်ကြီးထဲမှာပါတဲ့အတိုင်း ဖတ်ပြပေးမယ်နော်။ ပြီးမှ လိုရင်းလောက် ထုတ်ပြီး ပြောကြတာပေါ့"

"ကောင်းတယ် ကိုဘထွန်းရေ"

"မြန်မာဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံး တမ်းများက အချုပ်အချယ်မရှိ လွတ်လပ်ခွင့် ပေးထားသည်နှင့်အမျှ ဘာသာခြားဓလေ့ထုံးတမ်းများက များစွာကျပ်တည်းလှပေသည်။ မြန်မာဗုဒ္ဓဓလေ့ထုံးတမ်းများတွင်သော်လည်းကောင်း၊ ဓမ္မသတ်များတွင်သော်လည်းကောင်း ဘာသာခြားများနှင့် ထိမ်းမြားလက်ထပ်မှုကို တစ်စုံတစ်ရာပိတ်ပင်ခြင်း မရှိပေ။

သို့ဖြစ်ရကား ဆင်းရဲနွမ်းပါးမှုကြောင့်၊ စားဝတ်နေရေး ပြဿနာများအတွက် ဘာသာခြားများနှင့် အိမ်ထောင်ပြုရသည့် ဗုဒ္ဓဘာသာအမျိုးသမီးများပင် တရားဝင်မယား ဖြစ်မြောက်ရန် မိမိတို့၏ ကိုးကွယ်ရင်းဘာသာကို စွန့်လွှတ်ကြရပေသည်။ တစ်နည်းအားဖြင့် အဆိုပါအမျိုးသမီးတို့မှ ပေါက်ဖွားသည့် သားစဉ်မြေးဆက်တို့မှာ ဘာသာခြားများဖြစ် ကြရတော့သည်။

ဘာသာခြားယောကျ်ားများနှင့် အိမ်ထောင်ပြုရသည့် မြန်မာဗုဒ္ဓဘာသာအမျိုး သမီးများ၏ အခြေအနေဆိုးကို ထိန်းသိမ်းရန် အတွက် ၁၉၃၉ ခုနှစ်၊ မြန်မာနိုင်ငံအက် ဥပဒေအမှတ်(၂၄)အရ (ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ)ကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ အက်ဥပဒေ

မှာ ၁၉၄၀ ခုနှစ် ဧပြီလ ၁ ရက်နေ့က စတင်အတည်ဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် လူသိနည်းပြီး တစ်စုံတစ်ရာအကျိုးမရှိခဲ့ပေ။ ထို့ကြောင့် ၁၉၅၄ ခုနှစ်တွင် ၁၉၃၉ ခုနှစ် ဥပဒေကိုရုပ်သိမ်းပြီး 'ဗုဒ္ဓဘာ သာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေ'ကို မြန်မာဘာသာဖြင့် ပြဋ္ဌာန်းအတည်ပြုခဲ့သည်။

ဤဥပဒေပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲတရားဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့်မည်သို့ပင် ဆန့်ကျင်စေကာမူ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာ သာဝင်မဟုတ်သော ယောကျာ်းတိုင်းအပေါ်၌ အာဏာသက်ရောက်ပေသည်။ (ပုဒ်မ-၄)

ဤအက်ဥပဒေအရ အစိုးရမှာ တရားဝင်ကြေညာခန့်အပ်ထားသည့် အရာရှိများသည် ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများ ဖြစ်ကြသည်။ ဘာသာခြားယောကျာ်းနှင့်လက်ထပ်လိုသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ သည် ဘာသာမပြောင်းဘဲ အဆိုပါသူကြီးများနှင့်အရာရှိများထံ တရားဝင်ထိမ်းမြား လက်ထပ်နိုင်ကြပေသည်။ ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသူများ၊ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူများ၏ လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီးထိန်းသိမ်းမှုကိစ္စများတွင် မြန်မာ ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရန်ဖြစ်သည်။ (ပုဒ်မ-၂၅) တဲ့။

ကဲ- မိန်းမရေ၊ အဲဒါ မြန်မာဓလေ့ထုံးတမ်းဥပဒေ စာအုပ်၊ စာမျက်နှာ ၆၀/၆၁ မှာပါတဲ့အတိုင်း ဖတ်ပြလိုက်တာနော်။ အဲဒီဥပဒေစကားတွေထဲက ကောက်နုတ်ပြီးပြော ပြပေးဦးမယ်နော်"

"ကောင်းတာပေါ့တော်၊ ပြောစမ်းပါဦး"

"ဘာသာခြားယောကျ်ားများနဲ့ မြန်မာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားလက်ထပ်ကြတာကို ဘယ်ဥပဒေကမှ ပိတ်ပင်တားဆီးခြင်း မရှိခဲ့ကြဘူးတဲ့။ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ တရားဝင်မယား ဖြစ်မြောက်ဖို့ရန် မိမိတို့ကိုးကွယ်ခဲ့ကြတဲ့ဗုဒ္ဓ ဘာသာကို စွန့်လွှတ်ခဲ့ကြရပါသတဲ့။ ရလာတဲ့ သားသမီး မြေးမြစ်တွေလည်းပဲ ဘာသာခြားများပဲ ဖြစ်ကုန်ကြရပါသတဲ့။

အဲဒီအခြေအနေဆိုးကြီးကို ထိန်းသိမ်းရန်အတွက်ဆိုပြီး ၁၉၃၉ ခုနှစ်က မြန်မာ နိုင်ငံအက်ဥပဒေ အမှတ်(၂၄)အရ 'ဗုဒ္ဓဘာသာဝင် မိန်းကလေးများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေ'ကို ပြဋ္ဌာန်းခဲ့ကြတယ်လေ။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ် ဘေးကြီးကြောင့် ဘာမှအကျိုးသက်ရောက်မှု မရှိခဲ့ကြပါဘူး။

ဒါကြောင့် ၁၉၅၄ ခုနှစ်မှာ ၁၉၃၉ ခုနှစ်ဥပဒေကို ရုပ်သိမ်းလိုက်ပြီး ဗုဒ္ဓဘာသာ ဝင်မိန်းကလေးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို မြန်မာဘာသာဖြင့် ပြဋ္ဌာန်းအတည်ပြုခဲ့ကြပါသတဲ့။

ဘာသာခြားယောကျ်ားနှင့် လက်ထပ်လိုတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများဟာ ဘာသာမပြောင်းဘဲ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများထံမှာ တရားဝင်ထိမ်းမြားလက် ထပ်နိုင်တယ်လို့ ဆိုခြင်းပဲ ဖြစ်တယ်လေကွယ်"

"ဘာသာခြားနဲ့ ထိမ်းမြားလက်ထပ်တဲ့အခါမှာ ဘာသာမပြောင်းဘဲ လက်ထပ်နိုင်တယ်လို့ ဆိုတာပေါ့နော် ကိုဘထွန်း။ အဲဒါမကောင်းဘူးလား"

"ဟုတ်တယ်လေ၊ ဒါကလည်းကွာ အဆိုသာရှိတာပါ၊ တကယ်

ဆိုတော့ တို့ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အားလုံးလိုလိုဟာများ သောအားဖြင့် ဘာသာခြားတွေချည်းသာ ဖြစ်ကုန်ကြတာပါပဲ။ လော လောဆယ်တော့ ကိုယ့်ဘာသာကိုယ်ကိုးကွယ်နိုင်တယ်ပေါ့။ နောက် တော့ ကလေးတစ်ယောက်ရလာပြီဆိုရင် အကျပ်ကိုင်ပြီး အတင်း အဓမ္မ ဘာသာပြောင်းခိုင်းတော့တာပါပဲ။ ထိမ်းမြားလက်ထပ်ပေး လိုက်ကြတဲ့ အရာရှိတွေလည်း ဘာမှမတတ်နိုင်ကြတော့ပါဘူး မလှ သီရယ်။ ဒီအကြောင်းတွေပြောရတာ ရင်နာလှပါတယ်ကွာ"

"ဟုတ်တယ် တော်ရေ့။ လွန်ခဲ့တဲ့ငါး နှစ်လောက်တုန်းက ကျွန်မတို့ရောဝတီတိုင်း မြို့လေးတစ်မြို့က ဗုဒ္ဓဘာသာဝင် ကရင် အမျိုးသမီးကလေးတစ်ယောက်ဟာ ရန်ကုန်မြို့က အစ္စလာမ် ဘာသာဝင် ကုလားလူမျိုးနဲ့ မင်္ဂလာဆောင်တာ အကြီးအကျယ်ပဲ တော်ရေ့။ လာလိုက်ကြတာတွေက မျက်နှာကြီးပိုင်းတွေ၊ အရာရှိပိုင်း တွေ၊ အို. . စုံလို့ပါပဲတော်။ ကျွေးမွေးလိုက်တာကလည်း ရှယ်မှရှယ်၊ ထူးထူးရှယ်ပေါ့တော်။ စားလိုက်သောက်လိုက်ကြတဲ့လူတွေလည်း ခေါင်းတောင် မဖော်နိုင်ကြတော့ဘူးလေ။

မိန်းကလေးက ဗုဒ္ဓဘာသာဝင်ဆိုတော့ ရခါစကတော့ ဗုဒ္ဓ ဘာသာကိုပဲ ကိုးကွယ်နိုင်တယ်ပေါ့။ သမီးလေးတစ်ယောက်လည်း ရလာပါရော၊ သူတို့ဘာသာထဲကို အကျပ်ကိုင်ပြီး အဝင်ခိုင်းပါလေ ရော။ မိန်းကလေးကလည်း မဝင်နိုင်ဘူးဆိုပြီး တင်းခံနေတာပေါ့ တော်"

"နောက်တော့ လူမျိုးခြားဘာသာထဲ ဝင်သွားရောလား"

"မဝင်ဘူး ကိုဘထွန်းရဲ့၊ မိန်းကလေးကိုတော့ မဝင်ကောင်း လားဆိုပြီး အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်တာပေါ့တော်။ ကောင်မလေး

မှာ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ချည်းပဲတော့"

"အေးပေါ့ မိန်းမရယ်၊ အဲဒီလုပ်ရပ်ဟာ သူတို့အစွလာမ် ဘာသာဝင်တွေရဲ့လုပ်ရပ် ဖြစ်တယ်၊ ဗျူဟာတစ်ခုဖြစ်တယ်လေ"

"မိန်းကလေးကလည်း အနှိပ်စက်ခံရတာများလာတော့ မခံနိုင်တော့ဘဲ သမီးကိုခေါ်ပြီး သူ့မိဘအိမ်ကို ဆင်းလာခဲ့သတဲ့ ကိုဘထွန်းရေ"

"သူ့အမျိုးသားက လိုက်မလာဘူးလား"

"ဘယ်နေမလဲ ကိုဘထွန်းရယ်၊ လိုက် လာတာပေါ့။ ချော့လိုက် ခြောက်လိုက်ပေါ့တော်။ မိန်းကလေးလည်း ဘယ်လိုက်ရဲတော့မလဲ။ အဲဒီလူက ရန်ကုန်မှာလည်း သူ့အပြင် မယားနှစ်ယောက် ရှိသေးသတဲ့ တော်ရေ"

"ဒါဖြင့် မလှသီပြောတဲ့ ကရင်မလေးက တတိယမြောက် မယားပေါ့"

"ဟုတ်တာပေါ့တော်"

"ကဲ ကဲ၊ ဆိုစမ်းပါဦး။ အဲဒီယောကျ်ားနဲ့ မိန်းမ ကွဲကြရောလား"

"မိန်းကလေးက ကွဲချင်ပေမယ့် ယောကျ်ားဖြစ်သူက ကွဲမပေးဘူး တော်ရေ။ ခြောက်လတိုင်တိုင် စောင့်နေရသတဲ့"

"ဒါဖြင့် ခြောက်လပြည့်တော့ ကွဲရောပေါ့"

"ခြောက်လပြည့်တော့ အရာရှိကြီးများထံ လျှောက်လွှာတင်ပြတယ်ပေါ့။ အရာရှိ ကြီးများကလည်း ကွဲမပေးဘူးတဲ့တော်ရေ ဘယ်လိုဖြစ်တယ်မသိဘူး"

"ဘယ်လိုဖြစ်တယ်မသိဘူး မလုပ်နဲ့ မိန်းမရေ၊ ဒီလိုဒီလို ဖြစ်ကုန်ကြတာပေါ့ကွာ"

"ဒါတော့ ဒါပေါ့တော်၊ တစ်ဖက်က မိန်းကလေးကလည်း အမျိုးမျိုး အနှောင့်အယှက် အပေးခံနေရသတဲ့။ ဒါနဲ့ မိန်းကလေးလည်း သူနဲ့ဝေးရင် ပြီးရောဆိုပြီး သမီးကလေးကိုပါခေါ်ပြီး မိန်းကလေး ဘက်က ဆွေမျိုးရှိရာ စစ်ကိုင်းတိုင်းထဲမှာ ကိုယ်ရောင်ဖျောက်ပြီး သွားနေရသတဲ့"

"တယ်သတ္တိကောင်းတဲ့ မိန်းကလေးပဲဟေ့"

"ဟုတ်ပ့ါတော်၊ ဒါလည်း သူ့အပြစ်နဲ့ သူပေါ့ ကိုဘထွန်းရယ်"

"ဘယ်လိုဖြစ်လို့လဲ မလှသီရယ်၊ ဆိုစမ်းပါဦး"

"ဒီလို ကိုဘထွန်းရေ မိန်းကလေးရဲ့ မိဘတွေရော ဆွေတွေမျိုးတွေရော အကုန်လုံးက ဝိုင်းဖျက်ကြတယ်။ နင်ယူမယ့်လူက ရန်ကုန်မှာ မိန်းမနှစ်ယောက်ရှိတယ်၊ နင်ပါနဲ့ ဆိုရင်သုံးယောက်ဖြစ်လိမ့်မယ်။ တို့ဗုဒ္ဓဘာသာအရ တစ်လင်တစ်မယားပဲ ကောင်းပါတယ်၊ စသဖြင့် အကျိုးအပြစ်တွေပြပြီး နားချပေမယ့် မရဘူးတော်ရေ"

"ဒ့ါကြောင့် ပြောတာလေ၊ ဟိုတစ်ပတ်ကလည်း ပြောခဲ့ပြီးပါပြီ"

"ဘာလဲ ကိုဘထွန်း"

"ကိလေသာဟူ၊ မိုက်သွေးဆူက၊ လူသောခွေးသော ကျွန်ကျေးသောဟု၊ သဘောမထင်၊ မဆင်ခြင်ဘဲ အမြင်မဖြောင့်၊ မျိုးမစောင့်တည်း"တဲ့လေ။

"သတိရပြီ၊ မန်လည်ဆရာတော်ကြီး ရေးသားဆုံးမတော်မူခဲ့တာ မဟုတ်လားတော့်"

"ဟုတ်ပ့ါဗျာ၊ မဃဒေဝလင်္ကာသစ် ကျမ်းစာအုပ်ထဲမှာ ပါတယ်လေ"

"ဟုတ်ပ့ါဗျာ၊ မဃဒေဝလင်္ကာသစ် ကျမ်းစာအုပ်ထဲမှာ ပါတယ်လေ"

"ကိုဘထွန်း၊ ရှင့်ကို မေးရဦးမယ်။ အဲဒီ မိန်းကလေးဟာ သူယူ

ထားတဲ့ ယောကျ်ားနဲ့ အဆင်မပြေလို့ ကွဲမယ်ဆိုရင် ကွဲလို့မရဘူး လား။ ရှင့်ဥပဒေက ဘယ်လိုဆိုထားသလဲတော့"

"ရတာပေါ့ကွာ၊ ဒါပေမဲ့ ခြောက်လတော့ စောင့်ရတယ်လို့ ဥပဒေများက ဆိုထားကြတယ်လေ"

"ခြောက်လပြည့်သွားပြီပဲ၊ အခု အဲဒီယောကျ်ားက ကွာမပေး တာ ဘယ်လိုသဘောလဲ"

"အေးကွာ၊ ကိုဘထွန်းလည်း မပြောတတ်ဘူး၊ ဥပဒေကတော့ ကွာပေးရမယ်လို့ ဆိုထားပါတယ်"

"ဥပဒေက ဘယ်လိုဆိုထားသလဲ ပြော စမ်းပါဦးတော့"

"ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်သည် ဘာသာခြား ယောကျ်ားတစ်ဦးနှင့် အကြင်လင်မယားအဖြစ် အထင်အရှား လူသိ နတ်ကြားပေါင်းသင်းနေထိုင်ကြပြီး ၎င်းတို့၏ ပေါင်းသင်းမှုမှာ မြန်မာ ဓလေ့ ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်လျှင် ဘာသာခြား လင်ယောကျ်ား၏တရား ဥပဒေက မည်သို့ပင်ဆိုစေကာမူ သူတို့သည် ပေါင်းသင်းချိန်မှစ၍(၁၉၅၄)ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားခဲ့ ကြသည် ဟူ၍ မှတ်ယူရမည်ဖြစ်ပြီး ၎င်းတို့၏ လင်မယားကွာရှင်းမှုကိစ္စ၊ အမွေ ခွဲဝေမှုကိစ္စနှင့် သားသမီးထိန်းသိမ်းမှုကိစ္စများကို မြန်မာဓလေ့ ထုံးတမ်းအရ အဆုံးအဖြတ်ပေးရမည်တဲ့ မိန်းမရေ၊ မြန်မာဓလေ့ ထုံးတမ်းဥပဒေ စာအုပ် စာမျက်နှာ(၆၈)မှာ ဆိုထားတယ်လေ"

"ဒါဆိုလည်း အရာရှိများက အဲဒီဥပဒေအတိုင်း လုပ်ပေးလိုက် ရင် ပြီးတာပဲ မဟုတ်လားတော့"

"ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ ကိုဘထွန်း ပြောခဲ့ပြီးပြီလေ၊ အက်

ဥပဒေ၊ ပြဋ္ဌာန်းဥပဒေနဲ့ ထုံးတမ်းဥပဒေတို့ယှဉ်လာရင် ထုံးတမ်းဥပဒေဟာ အမှိုက်ပုံးထဲကဥပဒေ ဖြစ်သွားတော့တာပါပဲ။ ဘာမှသုံးမရတော့ဘူးလေ။ ဘယ်ယှဉ်လို့ရပါ့မလဲ မိန်းမရယ်"

"ဩ- ဒီလိုလား ကိုဘထွန်း။ ကျွန်မတို့ မိန်းမသားတွေက ဘယ်ဥပဒေကို အားကိုးရမှာလဲ"

"အေးကွာ၊ ဒါ့ကြောင့်လည်း အမြော် အမြင်ကြီးမားတော်မူကြတဲ့ ဆရာတော်ကြီးများ ဦးဆောင်ပြီး အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး 'မျိုးစောင့်ဥပဒေ'တစ်ရပ်ပေါ်ထွန်းလာရေးအဖွဲ့များ ဖွဲ့စည်းပြီး မျိုးစောင့်ဥပဒေတစ်ရပ်ပေါ်ထွန်းလာရေး အလေးပေးပြီး ဆောင်ရွက်တော်မူနေကြတာပေါ့မလှသီရာ"

"ဟုတ်ပါ့တော်၊ ဒါတောင် တချို့လူတွေ ဘုန်းကြီးတွေက ဆရာတော်ကြီးတွေကို အပြစ်ပြောနေကြသေးတယ်လေ။ အံ့ပါ့တော်၊ အံ့ပါ့အံ့ပါ့"

'မလှသီရေ ဒီထက် အံ့ဩစရာတွေ အများကြီးရှိသေးတယ်ကွ။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင် နာမည်ကြီးအနုပညာရှင် အမျိုးသမီးတစ်ယောက် သတင်းစာဆရာတွေကို ပြောခဲ့တဲ့စကားများကို ပြောရဦးမယ်'။

'ဆိုစမ်းပါဦးတော်။ ဘယ်လိုစကားမျိုးလဲ'။

'ကျွန်မဖြစ်စေချင်တာကတော့ ဘုရားဟောခဲ့တဲ့တရားတွေကို ထိန်းသိမ်းတဲ့သံဃာတော်များအနေနဲ့ ဘုရားဟောတဲ့တရားအတိုင်းနေသင့်တယ်။ နောက်ပိုင်း ၉၆၉ ဆိုတာ သိပ်နားမလည်ဘူး။ ဘုရား

ဟောထဲမှာလည်း မပါဘူးလို့ထင်ပါတယ်။ သူများ ၇၈၆ ဆိုတိုင်း ကိုယ်က ၉၆၉ လုပ်စရာမလိုဘူး ထင်ပါတယ်တဲ့။ ဒါက နာမည်ကြီး အနုပညာရှင် အမျိုးသမီးတစ်ယောက်ရဲ့ ပြောစကားပဲဖြစ် ပါတယ်'။

'နောက် . နိုင်ငံရေးပါတီကြီးတစ်ခုရဲ့ ဥက္ကဋ္ဌဗုဒ္ဓဘာသာ အမျိုးသမီးကြီး တစ်ယောက်ကလည်း အမျိုးစောင့်ဥပဒေနဲ့ပတ် သက်ပြီး 'ကျွန်မက ဘုရားဟောတာမှ လက်ခံတယ်'လို့ဆိုပြီး နိုင်ငံခြား အသံလွှင့်ဌာနတစ်ခုကို ပြောခဲ့တယ်လေ။ သူတို့ပြောခဲ့ကြတဲ့စကား တွေကို သုံးသပ်ကြည့်မယ်ဆိုရင် အဲဒါ အမျိုးသမီးတွေရဲ့ ဘာသာရေး အသိဉာဏ်တွေ ဥပဒေပိုင်းဆိုင်ရာအသိဉာဏ်တွေ မရှိကြဘူးဆိုတာ ထင်ရှားပါတယ်။ ဒီအကြောင်းတွေ တစ်ခါက မလှသီကို ကိုဘထွန်း ပြောခဲ့ ပြီးပါပြီ'။

'ဟုတ်တယ်။ ကိုဘထွန်း။ ကျွန်မ သတိရပါပြီ'။

'အေးကွာ။ ကဲကဲ။ ဒါတွေကိုတော့ ထားလိုက်ပါတော့။ မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက် ဥပဒေပညာရှင်ကြီးတွေရေးသားခဲ့ ကြတဲ့ ဥပဒေတွေအကြောင်း ပြောရ ဦးမယ်လေ'။

'ဟုတ်တယ်လေ ကိုဘထွန်းရဲ့။ ရှင့်ဥပဒေအကြောင်းပြန် ဆက်ပါဦး'။

'ဟိန္ဒူဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာ ဝင်များနှင့် မြန်မာဗုဒ္ဓဘာသာဝင်များ အိမ်ထောင်ရေး ထိမ်းမြား လက်ထပ်ခြင်းဆိုင်ရာကိစ္စတွေကို ကွယ်လွန်ခဲ့ကြပြီးဖြစ်တဲ့ သမ္မတကြီး ဒေါက်တာဘဦး၊ သမ္မတကြီးဒေါက်တာမောင်မောင်၊ တရားဝန်ကြီး ဒေါက်တာဧမောင်၊ တရားလွှတ်တော်တရားဝန်ကြီး ဦးမေအောင် စတဲ့ ဥပဒေပညာရှင်ကြီးများ ရေးသားထုတ်ဝေခဲ့ကြတဲ့ ဥပဒေ

စာအုပ်များ ရှိတယ်လေ'။

'အဲဒီ ဥပဒေစာအုပ်များကို အခြေခံထားပြီး နောက်ဆုံးပြည်သူ့တရားသူကြီးအဖွဲ့ အငြိမ်းစားသံအမတ်ကြီး ဦးဘမော်(B.A Hons. B.L)ကိုယ်တိုင် မြန်မာနိုင်ငံအိမ်ထောင်ခန်းဥပဒေများ (Marriage Laws Of Myanmar) စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြန်ပါတယ်။ အဲဒီစာအုပ်အမှာစာအပိုင်းမှာ ဒီလိုရေးသားထားတယ်လေ'။

'ဘယ်လိုရေးသားထားလဲ ကိုဘထွန်း။ သူ့မူရင်းအတိုင်း ဖတ်ပြစမ်းပါတော်'။

'ဤစာအုပ်တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေ(အိမ်ထောင်ခန်း)၊ အစ္စလာမ်တရားဥပဒေ(အိမ်ထောင်ခန်း)၊ ခရစ်ယာန်ထိမ်းမြားခြင်းဥပဒေ၊ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေ(အိမ်ထောင်ခန်း)နှင့် ၁၉၅၅ ခုနှစ် ဟိန္ဒူထိမ်းမြားခြင်းဥပဒေ(အိန္ဒိယ)၊ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးဥပဒေတို့ကို မကျဉ်းမကျယ်ပြုစု၍ ထင်ရှားသော စီရင်ထုံးများနှင့်တကွ တင်ပြထားပါသည်လို့ ဆိုထားတယ်ကွာ။ မိသားစုဥပဒေ(၄)ရပ်လုံးကို တစ်စုတစ်စည်းတည်း တင်ပြထားခဲ့ခြင်းပဲ ဖြစ်တယ်'။

'ဘာဖြစ်လို့ တစ်စုတစ်စည်းတည်း တင်ပြရတာလဲ။ ရည်ရွယ်ချက်တော့ရှိမှာပေါ့'။

'ရည်ရွယ်ချက်တော့ ရှိတာပေါ့ကွာ'

'ဥပဒေပညာရှင်ကြီးရဲ့ ရည်ရွယ်ချက်ကို ပြောစမ်းပါဦးတော့'။

'တစ်ချိန်တည်းတွင် မိမိတို့အိမ်ထောင်ခန်းဥပဒေကို တခြားအိမ်ထောင်ခန်း ဥပဒေများနှင့် ယှဉ်တွဲလေ့လာလိုက လေ့လာနိုင်ရန်၊ ဘာသာမတူသူများ တရားဝင်ထိမ်းမြားမှုပြုလုပ်လိုပါက

မည်သည့်ဥပဒေအရ ဆောင်ရွက်နိုင်သည်ကို သိရှိရန်၊ အခြားမိသားစုဥပဒေများနှင့် ယှဉ်တွဲလေ့လာခြင်းဖြင့် မိမိတို့သက်ဆိုင်ရာဥပဒေအရ အမျိုးသားများနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးဆိုင်ရာခံစားခွင့်များသည် မည်သည့်အခြေအနေတွင် ရှိသည်တို့ကိုသိရှိလေ့လာနိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း အတူနေထိုင်ကြသူအချင်းချင်း နားလည်မှုနှင့်ပိုမိုရင်းနှီးမှု များဖြစ်စေရန်၊ တရားရုံးများသည် ဥပဒေဘောင်အတွင်းမှ ပြဿနာများကိုသာ တရားစီရင်ရေးဖြင့် ဖြေရှင်းနိုင်သဖြင့် ဥပဒေ၏အားနည်းချက်ကိုမူ ဥပဒေပြုခြင်းဖြင့်သာ ဖြေရှင်းနိုင်ပေမည်စတဲ့ ရည်ရွယ်ချက်တွေပါပဲကွာ။ အဓိက ကတော့ မြန်မာအမျိုးသမီးများ အိမ်ထောင်ပြုကြတဲ့အခါ မိအေးနှစ်ခါနာဖြစ်မှာစိုးလို့ပါပဲ။ အားလုံးကိုတစ်နေရာတည်း တစ်ခုတည်း လွယ်လွယ်ကူကူ သိထားစေချင်တဲ့ ရည်ရွယ်ချက်များပါပဲ'။

'စာအုပ်အများကြီး မဖတ်ရတော့ဘဲ တစ်အုပ်တည်းဖတ်ရုံနဲ့ ဘာသာကြီးလေးရပ်က အမျိုးသား၊ အမျိုးသမီးတွေရဲ့ ထိမ်းမြားလက်ထပ်ရေးကိစ္စကို သိရတာပေါ့နော်'။

'ဟုတ်တယ်လေကွာ။ သိထားကြရတော့ ရှောင်သင့်တာ ရှောင်ကြရတာပေါ့။ ဆောင်သင့်တာ ဆောင်ထားကြရတာပေါ့။ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ မသိကြတဲ့သူတွေသာ များနေကြတယ်။ ဒါကြောင့်လည်း ဒုက္ခရောက်ကုန်ကြတာပေါ့'။

'အေးတော့။ ကျွန်မလည်း မသိဘူး ကိုဘထွန်းရယ်။ ရှင်သိသလောက်ပြောစမ်းတော်'။

'အများတကာ နားလည်အောင်အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ထုတ်ဝေထားတဲ့ မလှသီသိချင်တဲ့ ဥပဒေအ

ကြောင်းကို ဖတ်ပြပေးမယ်လေ'။

'ကောင်းပါတယ်တော်။ သချာသွားတာပေ့ါ'။

'မွတ်ဆလင်(အစ္စလာမ်ဘာသာဝင်)နှင့် ထိမ်းခြားခြင်းစာအုပ်စာမျက်နှာ(၄၀)၊ အစ္စလာမ်ဘာသာအမျိုးသားနှင့် ဗုဒ္ဓဘာသာအမျိုးသမီး(သို့) ဗုဒ္ဓဘာသာအမျိုးသားနှင့် အစ္စလာမ်ဘာသာ အမျိုးသမီးတို့သည် တရားဝင် လက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ချေ။ အကြောင်းမှာ မွတ်ဆလင်တစ်ယောက်အနေ ဖြင့် အစ္စလာမ်ဘာသာကို ယုံကြည်ကိုးကွယ်သည့်(ကီတာဘီ)မဟုတ်သူနှင့် တရားဝင် ထိမ်းမြားခြင်းမပြုနိုင်ပေ။

သို့ရာတွင် အစ္စလာမ်ဘာသာကို ကူးပြောင်းကိုးကွယ်ပြီး အစ္စလာမ်ဓလေ့ထုံးတမ်း နှင့်အညီ ထိမ်းမြားလက်ထပ်လျှင်မှု တရားဝင်ထိမ်းမြားလက်ထပ်နိုင်သည်။

ထိုအချိန်အခါက အစ္စလာမ်ဘာသာ အမျိုးသားနှင့် အိမ်ထောင်ပြုကြသော မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတို့သည် မိမိတို့အိမ်ထောင်ရေးကို တရားဝင်ဖြစ်စေလိုသည့်အတွက် မိမိတို့ ကိုးကွယ်ရာဘာသာကို စွန့်လွှတ်ပြီး အစ္စလာမ်ဘာသာသို့ကူးပြောင်းကာ မွတ်ဆလင်ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ကြသည်။

အိမ်ထောင်ရေးအဆင်မပြေသဖြင့် အမျိုးသမီးက ကွာရှင်းပြတ်စဲလို၍လျှောက်ထားလျှင် အစ္စလာမ်တရားဥပဒေအရ အဆုံးအဖြတ်ခံယူရသည်။ မူလက အစ္စလာမ်ဘာသာသို့ကူးပြောင်း လက်ထပ်ခဲ့သူဖြစ်၍ ယင်းဘာသာသို့ကူးပြောင်းကိုးကွယ်ခြင်းမရှိပါဟု ခုခံချေပခွင့်မှာလည်း ပိတ်ပင်ခဲ့ပြီး ဖြစ်နေသည်။ တစ်ဖက်တွင် ယောကျ်ားကကွာလိုမှု သူမအနေဖြင့် (တလတ်)သုံးကြိမ် အခေါ်ခံ၍

အလွယ်တကူကွာရှင်းခဲ့ပြီးလျှင် လင်ယောကျ်ားအပေါ်တွင် မည်သည့်ပိုင် ဆိုင်ခွင့်မှမရှိဘဲ အပြစ်ပယ်ခံရသည်။

လင်နှင့်မယား အိမ်ထောင်ရေးအဆင်မပြေ၍ ရုံးပြင်ကနား ရောက်သည့်အခါမှ မယားဖြစ်သူသည် မြန်မာဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခဲ့သော်လည်း လင်ယောကျ်ားကိုးကွယ်ရာ ဘာသာရေး ဓလေ့ထုံးတမ်းနှင့်အညီ မဆောင်ရွက်နိုင်ခဲ့သဖြင့် ထိမ်းမြားမှု တရားမဝင်၍ စားစရိတ်မှအပ မည်သည့်အကျိုးခံစားခွင့်မှ မရှိကြောင်း၊ မိမိတို့မွေးဖွား သည့်သားသမီးများသည်လည်း တရားမဝင်ကြောင်း၊ မိမိမှ နိုင်ငံခြားသား၏အပျော်မယားဘဝသို့ ရောက်ချင်းမလှရောက်ခဲ့ရကြောင်း ခါးသီးသောဘဝသင်ခန်းစာတစ်ခု ခံစားလိုက်ရပေသည်။ အမျိုးသမီးအချို့ကလည်း ထိမ်းမြားမှုတရားဝင်စေရန်အလို့ငှာ ကြားဖူးနားဝရှိသော ပုဂ္ဂိုလ်များ၏အကြံပေးချက်အရ မိမိတို့ အမွန်မြတ်ဆုံးထားသည့် ကိုးကွယ်ရာဘာသာကို စွန့်လွှတ်ပြီး ခင်ပွန်းကိုးကွယ်ရာ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူဘာသာသို့ ကူးပြောင်းကိုးကွယ်ကာ ၎င်းတို့၏ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ကြသည်။

ဤတွင်မှ နိုင်ငံခြားသားဥပဒေများအကြောင်း နဖူးတွေ့ ဒူးတွေ့ဆိုသလို သိကြခံစားကြရပြန်သည်။ အိမ်ထောင်ခန်း၊ အမွေခန်းများတွင် လင်ယောကျ်ားနှင့်သက်ဆိုင်သည့် ဥပဒေအရစီရင်မှုခံယူကြရသဖြင့် မိမိတို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြန်မာဓလေ့ထုံးတမ်း ဥပဒေ၏ အဖိုးတန်လှသောအကျိုးခံ စားခွင့်ကို ဝမ်းနည်းကြေကွဲစရာ သိရှိကြရသည်။

အဲဒီဥပဒေစာအုပ်စာမျက်နှာ (၄၇) မှာလည်း နိုင်ငံခြားသား

များနှင့် ထိမ်းမြားခြင်းအခန်းကိုသုံးသပ်လျှင် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ မျက်နှာပျက်ကြရသည့်အကြောင်းရင်းများမှာ ဘာသာရေး၊ လူမျိုးရေး၊ လူမှုရေးကိစ္စတို့တွင်ရောထွေး ကျင့်သုံးခဲ့ကြရသည့် ဥပဒေအရှုပ်အထွေးပြဿနာကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံတရားရုံးများက နိုင်ငံအတွင်းနေတိုင်းရင်းသားတို့ လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေကို လေးစားရမည့်အခါ နိုင်ငံခြားသားယောကျ်ားလက်ခံသည်ဆိုသော ဥပဒေကို ဦးစားပေးမှုကြောင့်လည်းကောင်း၊ ဥပဒေနှစ်ရပ်ယှဉ်ပြိုင်ရာမှ ပဋိပက္ခဖြစ်သည့် ဥပဒေပြဿနာ ပေါ်ပေါက်လာသည့်အခါ ပြဋ္ဌာန်းဥပဒေက ဓလေ့ထုံးတမ်းဥပဒေကို လွှမ်းမိုးနိုင်သောကြောင့်လည်းကောင်း ဖြစ်ရကြောင်း တွေ့ရ သည်ရယ်လို့ တင်ပြထားတာ တွေ့ရတယ်လေ'။

'အခုပြောခဲ့ပြီးဖြစ်တဲ့ ဥပဒေအကြောင်းကို ထပ်ဆင့်ပြီးရှင်းပြစရာ မလိုတော့ပါဘူး မလှသီရယ်။ အားလုံးလိုလို နားလည်နိုင်ပါတယ်'။

'နားလည်နိုင်လောက်ပါတယ် ကိုဘထွန်းရယ်။ စိတ်ဝင်စားရင်ပေါ့လေ။ ကျွန်မ နားမလည်တဲ့စကား တစ်ခွန်းတော့ရှိတယ်။ ကီတာဘီ ဆိုတဲ့စကားလေ'။

'ကီတာဘီ' ဆိုတဲ့စကားကတော့ သူတို့ရဲ့ အစ္စလာမ်ဘာသာဝင်များ အသုံးပြုနေကြတဲ့ အာရဗီဘာသာစကားပဲ ဖြစ်တယ်လေ။ သူ့စကားရဲ့အဓိပ္ပာယ်ကတော့ အစ္စလာမ်ဘာသာကို ယုံကြည်ကိုးကွယ်သူ မဟုတ်သူဆိုတာပါပဲ။ အစ္စလာမ်ဘာသာ (ကုရ်အာန်) ကျမ်း ပထမတွဲ၊ အစောင်-၆၊ ခဲဘွယ်ဘောဇဉ် ကဏ္ဍ-၅၊ ၅၉၈၊ ၆စမှာ ကီတာဘီလို့ မသုံးဘူး။ ကီတာဗီရယ် လို့သုံးထားတာတွေ့ရတယ်လေ။

(ကိတာဗီများသည် မနှစ်မြို့ဖွယ်ဖြစ်သော အယူသန်မှုတွင် နှစ်မွန်းလျက်ရှိကြ၏)ရယ်လို့ဆိုထားတဲ့အတွက် အစ္စလာမ်ဘာသာကို မယုံကြည်၊ မကိုးကွယ်သူများကို ကီတာဘီ/ကိတာဗီရယ်လို့ ဆိုခြင်းဖြစ်နိုင်တယ်ပေါ့ မလှသီရယ်'။

'ကဲ ကိုဘထွန်းရေ။ ဒီည ကျွန်မတို့စ ကားဝိုင်း နားလိုက်ကြရအောင်လေ။ ည ၁၁ နာရီတောင် ထိုးပြီးသွားပြီပဲလေ'။

'အေး။ နားလိုက်ကြတော့မယ်လေ။ ဟိန္ဒူဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်တွေနှင့် ထိမ်းမြားလက်ထပ်ခြင်းဥပဒေအကြောင်းများကို မနက်ဖြန်ညကျမှ ဆက် ပြောကြတာပေါ့'။

'ဟုတ်ကဲ့. . ကိုဘထွန်း။ ကဲ. . ကဲ ဒီမှာ။ မော်ကျွန်း ငါးဒန်ခြောက်ဖုတ်နဲ့ ရေနွေး ကြမ်းသောက်ဦးလေ'။

'အေးကွာ့။ မော်ကျွန်း ငါးဒန်ခြောက် မစားရတာကြာပြီ။ ဘယ်ကရလာတာလဲ'။

'မနေ့က မော်ကျွန်းက သူငယ်ချင်းမခိုင်တို့လာလို့ လက်ဆောင် ယူလာကြတာလေ။ တစ်ပိဿာ ၂-သောင်းကျော်သတဲ့တော်ရေ။ ဈေးနှုန်းကတော့ အော်ပြန်နေတာ ပဲရှင့်ရေ'။

'အေးကွာ။ ဒီလိုဆိုလည်း တစ်မြှောင်း လောက်ပဲ စားပါ့မယ်။ သားတို့သမီးတို့ကိုရော ကျွေးပြီးပြီလား'။

'ကိုဘထွန်းရယ်။ မိဘနဲ့သားသမီးပဲ။ မိဘတွေက သားသမီးကို ဘယ်မှာအငတ် ထားပါ့မလဲတော်။ သားတို့သမီးတို့ကို ကျွေးပြီးပါပြီ'။

'အေးပါကွာ။ သားသမီးတွေအပေါ် ထားရှိကြတဲ့မိဘတိုင်းရဲ့ စိတ်ထားတွေပါ။ တို့ မစားရချင်နေပါစေ။ သားသမီးတွေစားနေရရင် ဝမ်းမြောက်နေကြရတဲ့ မိဘတွေချည်းပါပဲ'။

စနေနေ့ည ကိုဘထွန်းနှင့် မလှသီတို့ လင်မယား စကားဝိုင်းသည်လည်း ပြီးဆုံးခဲ့ကြလေပြီတည်း။

----

ယနေ့သည်ကား တနင်္ဂနွေနေ့ကျောင်း ပိတ်ရက်ဖြစ်နေသဖြင့် ကိုဘထွန်းတစ်ယောက် အလုပ်များလျက်ရှိနေပါသည်။ ကျောင်းတက်သောနေ့များတွင်ကား တပည့်ကျောင်းသူကလေးများအား စာသင်ပေးရုံအလုပ်တစ်မျိုးသာရှိသည်။ ဇနီးဖြစ်သူ မလှသီသည် ဈေးရောင်းရင်းက သူ့လင်ယောကျ်ား အလုပ်များနေသည်ကိုကြည့်၍ အကြိမ်ကြိမ် ပြုံးနေမိသည်။

'ကိုဘထွန်းရယ်။ ဆွမ်းခံကိုရင်ကလေးတွေ၊ ဦးပဥ္စင်းကလေးတွေတောင် ပြန်ကြွကုန်ကြပြီ။ ရေချိုးပါတော့လား။ ထမင်းစားကြရအောင်လေ။ သမီးကြီးက ပဲနဲ့ကြက်သား ချက်ထားတယ်။ ပြီးတော့ မျှင်ငါးပိသုတ်တယ်တော့။ ဧရာဝတီတိုင်း ဗိုလ်ကလေး ကဒုံအမာ မျှင်ငါးပိတော်ရေ'။

'အေးပါကွာ။ စားတာပေ့ါ။ တို့လမ်းကလေးက ကိုယ့်ထူကိုယ်ထ ကွန်ကရစ်ခင်းပြီး သွားတာမှ နှစ်ရက်တောင်မပြည့်သေးဘူး။ ကားတွေ၊ ထော်လာဂျီတွေ သွားလာခွင့်ရလာရင် သွားလာကြတော့မှာ။ တော်ကြာနှမ်းခင်းတွေ ပဲ့ကုန်မှာစိုးလို့ လမ်းဘေးနှစ်ဖက်မှာ မြေဖို့ထားရမယ်။ ဒီနေ့ကျောင်းပိတ်ရက် ဖြစ်တာမို့ ကိုဘထွန်း ပြီးအောင်ဖို့လိုက်မယ်လေ။ နံနက်ပိုင်းမှာတော့ ဒီနားလေး ပြီးသွားအောင် မြေဖို့လိုက်ဦးမယ်လေ'

ကိုဘထွန်းနှင့် မလှသီတို့စကားပြောနေကြသည်ကို မီးဖိုချောင်ထဲမှ သမီးကြီး ကြားလိုက်သဖြင့် သူ့အဖေရေမချိုးမီ ထမင်းဝိုင်း

ပြင်ထားလိုက်လေသည်။ သူ့အဖေရေချိုးပြီးလျှင် မိသားစု ထမင်းဝိုင်း စားကြတော့မည်ဖြစ်၍ ညီမကလေးနှင့် မောင်ကလေးတို့ကိုလည်း သတိပေးစကားပြောထားလိုက်သည်။

ကိုဘထွန်းတစ်ယောက် အလုပ်မှနားလိုက်ပြီး ရေမိုးချိုးလိုက်သည်။ ပြီး ထမင်းဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ သမီးကြီးကပဲနှင့် ကြက်သားချက်ထားသည်။ ဗိုလ်ကလေးမျှင် ငါးပိသုတ်လည်းပါသည်။ ခါတိုင်းလက်ဖြင့် ထမင်းစားကြသော်လည်း ယနေ့မှာမူကားပဲ ဟင်းဖြစ်နေ၍ ဇွန်းဖြင့်ပင် အားပါးတရစားလိုက်ကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာစစ် စစ်ဖြစ်နေကြသဖြင့် မြတ်ဗုဒ္ဓအလိုတော်ကျ ထမင်းဝိုင်းတွင် စကားပြောဆိုခြင်းများ လုံးဝမရှိကြပါပေ။

ကိုဘထွန်းတစ်ယောက် ထမင်းစား သောက်ပြီးဖြစ်၍ ထမင်းဝိုင်းမှထကာ အိမ်ရှေ့သို့ထွက်သွားပြီး ရေနွေးတစ်ခွက်သောက်နေသည်။ မလှသီလည်း ဈေးဝယ်သူများ လာနေကြသဖြင့် သူ့ဈေးဆိုင်ကလေးထဲသို့ ဝင်ရောက်သွားပြီး ဈေးရောင်းနေပါသည်။

ကိုဘထွန်းတစ်ယောက် စာဖတ်ခန်းထဲတွင် စာဖတ်ပြီး အနားယူလိုက်ပါသည်။ နေ့လည်ပိုင်း(၂)နာရီလောက်မှစ၍ သူတို့လမ်းနှစ်ဖက်တွင် မြေဖို့ရန်ကျန်ရှိနေသေးသော နေရာများကို မြေဖို့နေပါသည်။ လူ တိုင်းလူတိုင်း ကိုဘထွန်းကဲ့သို့အသိစိတ် ဓာတ်မျိုးရှိလျှင် မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အဖက်ဖက်မှတိုးတက် ကြမည်မှာ သေချာလှပါသည်။ ယနေ့ခေတ် ကားတာဝန်မဲ့ နေချင်ကြသူများနေကြပါသည်။ ထို့ကြောင့်လည်း မိမိတို့မြန်မာ နိုင်ငံသူနိုင်ငံသားများ ဆင်းရဲနေကြသူသာများနေခြင်း ဖြစ်သည်ဟု မိမိထင်မြင် ယူဆမိပါသည်။

ထို့ကြောင့်လည်း ရှေးဆရာတော်ကြီးများက

**'တန်ဖိုးကိုသိ တန်ဖိုးရှိ ရောက်ဘိ အထက်တန်း။**

**အထက်တန်းကိုရောက်ချင်လို စိတ်ကို ပြင်လိုက်စမ်း။**

**စိတ်ကိုပြင်မှ မြတ်သုခ မုချရမည်မှန်း'** ရယ်လို့ ဆုံးမတော်မူခဲ့ကြခြင်းပင် မဟုတ်ပါလော။

ကိုဘထွန်းတစ်ယောက်တည်း မြေဖို့ခြင်းအလုပ်ကို ညနေ(၅) နာရီသာသာလောက်တွင် အားလုံးပြီးစီးသွားပေပြီ။ မြေများ သိပ်သည်းမှုရှိစေရန် ပိုက်လုံးဖြင့်လိုက်လံ၍ ဆောင့်နေပါသည်။ ကိစ္စပြီး၍ အိမ်ရှေ့တွင် ရေချိုးတစ်ခွက်သောက်ရင်း အနားယူနေပါသည်။ ပြီးလျှင် ရေမိုးချိုးလိုက်သည်။ ခေတ္တအနားယူပြီး ထမင်းစားသောက်လိုက်ကြပါသည်။ မိသားစုထမင်းဝိုင်းပင်ဖြစ်သည်။ ယနေ့ခေတ်ကာလတွင်ကား နေရာတိုင်း၊ အရပ်တိုင်းတွင် မိသားစုထမင်းဝိုင်း မရှိကြသလောက်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း အကုန်အကျများနေကြခြင်းပင်ဖြစ်သည်။

ကိုဘထွန်းသည် အချိန်ရသဖြင့် သူတို့ ကိုးကွယ်နေကြသော ဆရာတော်၏ကျောင်း သို့သွားရောက်ခဲ့ပေသည်။ သို့သော်လည်း ဆရာတော်သည် ငပုတောမြို့နယ်၊ ဂိုဏ်းပေါင်းစုံ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရန်အတွက် ကြွသွားနေသဖြင့် မတွေ့ခဲ့ရ၊ မဖူးခဲ့ရပေ။ လက်ဘက်ရည် ဆိုင်ဖက်သို့လှည့်သွားပြီး သူငယ်ချင်းများနှင့် လက်ဖက်ရည်သောက်ပြီးသာ အိမ်သို့ပြန်ခဲ့တော့သည်။

'ကဲ . . . မိန်းမရေ၊ မော်ကျွန်း ငါး ဒန်ခြောက်ရှိသေးလား။ ရှိသေးရင် တစ်မျှောင်းလောက် စားရအောင်ကွာ'။

'ရှိပါသေးတယ်။ သမီးကြီး . . .။ နင့် အဖေကို ငါးဒန်ခြောက် ဖုတ်အုပ်ကလေးနဲ့ လက်ဖက်အုပ်လေးပေးလိုက်၊ ဓာတ်ဗူးတစ်လုံးပါ ပေးလိုက်နော်'

'ဟုတ်ကဲ့ပါ မေမေ'။

ကိုဘထွန်းသည် သမီးကြီးလာပို့ထားသော ငါးဒန်ခြောက်နှင့် လက်ဖက်တို့ကို အနည်းငယ်စီ စားသောက်ပြီး စာဖတ်နေပါသည်။ မလှသီနှင့် သမီးကြီးတို့သည်လည်း ည(၉)နာရီထိုးရန် နီးပြီဖြစ်သဖြင့် ဆိုင်တံခါးများကို ပိတ်နေကြပါသည်။

'ကဲ. . . မလှသီရေ။ ဒီကနေ့ည ဟိန္ဒူ ဘာသာဝင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအကြောင်း ပြောရအောင်နော်'။

'ကောင်းပါတယ်'

'ကမ္ဘာ့လောကကြီးထဲမှာ ဘာသာကြီး ၄-ရပ်ရှိတယ်လို့ သမိုင်း ပညာရှင်ကြီးများ သမိုင်းတင်ထားခဲ့ကြတယ်ကွ။ အဲဒီ ၄-ရပ်ထဲမှာ ဟိန္ဒူဘာသာဟာ ပထမဦးဆုံးပေါ်လာတဲ့ ဘာသာဖြစ်တယ်လေ။ ဒုတိယပေါ်လာတဲ့ ဘာသာကတော့ တို့များကိုးကွယ်ဆည်းကပ် နေကြတဲ့ ဗုဒ္ဓဘာသာပဲဖြစ်တယ်လေ။ ဒီနှစ်ကနေ နောက်ပြန် ရေတွက်ကြည့်မယ်ဆိုရင် ၂၆၀၂-နှစ်ရှိပြီပေါ့ မလှသီရယ်။

တတိယမြောက်ပေါ်လာတဲ့ ဘာသာကတော့ ခရစ်ယာန် ဘာသာဖြစ်တယ်လေ။ ဗုဒ္ဓဘာသာထက် နောက်နှစ်ပေါင်း ၆၀၀ လောက် နောက်ကျတယ်ကွယ့်။ ယနေ့ခေတ် ကမ္ဘာနဲ့အဝှမ်းတွင် ကျယ်စွာအသုံးပြုနေကြ တဲ့ ခရစ်နှစ် ၂၀၁၃ခုနှစ်ကို ဆိုလိုတာပါပဲ။ နောက်စကားစပ်မိတော့လည်း ဒီအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပြောကြသေးတာပေါ့ မိန်းမရယ်'။

'ကဲ . . ကဲ။ ထားလိုက်ပါတော့။ ကျန်သေးတဲ့ဘာသာအကြောင်းပြောလေ'။

'အေးကွာ။ စတုတ္ထမြောက်ပေါ်ပေါက် လာတဲ့ဘာသာကတော့ အစ္စလာမ်ပေါ့ကွယ်။ အစ္စလာမ်ဘာသာက ခရစ်ယာန်ဘာသာ ထက် နှစ်ပေါင်း(၆၀၀)လောက် နောက်ကျတယ်လေ။ တို့ဗုဒ္ဓဘာသာရဲ့ နောက်ကွယ်မှာတော့ နှစ်ပေါင်း (၁၂၀၀)ကျော်ကျော်လောက် နောက်ကျတယ်ပေါ့ကွယ်။ ဒါက အကြမ်းစားပြောတာပါ။ သမိုင်းပညာရှင်ကြီးများကတော့ သူတို့သမိုင်းတွေမှာ တိတိကျကျ မှတ်တမ်းတွေ တင်ထားခဲ့ကြပါတယ်'။

'ဟိန္ဒူဘာသာအကြောင်း ပြောရမှာနော် ကိုဘထွန်း'။

'အေးပါကွာ။ အဲဒီဘာသာကြီး၄မျိုးထဲက ဟိန္ဒူဘာသာဟာ (၁)ဗြဟ္မဏ၊ (၂)ခတ္တိ ယ၊ (၃) ဝေဿ၊ (၄)သုဒ္ဒရယ်လို့ ဇာတ်လေးမျိုးရှိတယ်လို့ဆိုကြတယ်။ အဲဒီဇာတ်လေးမျိုးထဲက ဟိန္ဒူဘာသာလူမျိုးများနဲ့ မြန်မာဗုဒ္ဓဘာသာဝင်လူမျိုးများ တရားဝင်ထိမ်းမြားလက်ထပ်ရန် မဖြစ်နိုင်လို့ စီရင်ထုံးများက ပြဆိုထားတယ်လေ။

တို့များရဲ့မြန်မာနိုင်ငံမှာ အတည်ပြုခြင်းခံထားရတဲ့ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ ဟိန္ဒူဘာသာဝင်အချင်းချင်းတောင် ဇာတ်မတူပါက ထိမ်းမြားလက်ထပ်ခြင်း မပြုလုပ်ကြရဘူးရယ်လို့ ဆိုထားတယ်လေ။ အဲဒီတုန်းက ဗုဒ္ဓဘာသာဝင်တစ်ဦးနဲ့ ဟိန္ဒူဘာသာဝင် တရားဝင် ထိမ်းမြားလက်ထပ်ခြင်းကိစ္စဟာလုံးဝကို မဖြစ်နိုင်ပါဘူး။ အိမ်ထောင်မကျခဲ့ကြပါဘူး။ ဟိန္ဒူများဟာ သူတို့ရဲ့ဇာတ် အမျိုးအနွယ်ကို သိပ်ပြီးစွဲလမ်းခဲ့ကြတယ်။

တို့များကိုးကွယ်ဆည်းကပ်နေကြတဲ့ ဂေါတမမြတ်စွာဘုရား

ပွင့်ပေးတော်မူလာတော့လည်း ဟိန္ဒူများ အစွဲအလမ်းကြီးမားလှတဲ့ အမျိုးအနွယ်ဇာတ်ကို ရိုက်ချိုးဖျက်ဆီးတော်မူခဲ့ပြီး သာသနာပြုတော်မူခဲ့ရတယ်မဟုတ်လားကွယ့်'။

'ဟုတ်ပ။ ကိုဘထွန်းပြောမှ ကျွန်မသတိရမိတယ်လေ။ မနှစ်က နှစ်ဆန်းတစ်ရက် နေ့တုန်းက ကျွန်မတို့ လမ်းမှာ သက်ကြီးပူ ဇော်ပွဲနဲ့ သံဃာတော်များကို နေ့ဆွမ်းကပ်၊ လမ်းမှာပရိတ်ရွတ်၊ ပရိတ်တရားတော်နာခဲ့ ကြတယ်လေ။ အဲဒီပွဲတော်မှာ ဆရာတော်ကိုယ်တော်တိုင် တရားဟောခဲ့တယ်မဟုတ်လား ကိုဘထွန်းရဲ့'။

'ဆရာတော်က (၁)ဇာတိဝုဍ္ဍိ၊ (၂)ဝယ ဝုဍ္ဍိ၊ (၃)ဂုဏဝုဍ္ဍိရယ်လို့ သုံးမျိုးရှိတယ်။ အဲဒီသုံးမျိုးထဲက (၁)ဇာတိဝုဍ္ဍိဆိုတာ လူမျိုးဇာတ်ခွဲတာကိုဆိုတယ်။ ဒီဇာတိဝုဍ္ဍိကို မြတ်စွာဘုရားက လက်ခံတော်မမူဘူး။

(၂) ဝယဝုဍ္ဍိ ဆိုတာကတော့ အသက်အရွယ်ကြီးရင့်သူကို ခေါ်တယ်။ အသက်အရွယ်ငယ်သူက အသက်ကြီးသူကိုလေးစားရမယ်။ ရိုသေရမယ်။ ပူဇော်ရမယ်။ ရှိခိုးရမယ်။

(၃) ဂုဏဝုဍ္ဍိဆိုတာကတော့ မိမိတို့ထက် သီလ၊ သမာဓိ၊ ပညာ ဂုဏ်သိက္ခာသုံးရပ်အကျင့်မြတ်ဂုဏ်တော်မြတ်တွေ ကြီးမြတ်သူကို ခေါ်တယ်။ ဝယဝုဍ္ဍိ- အရွယ်အသက်အားဖြင့်ကြီးရင့်သူကဂုဏ ဝုဍ္ဍိ ဂုဏ်အားဖြင့် ကြီးမြတ်သူကို လေးစားရမယ်။ ရိုသေရမယ်။ ပူဇော်ရမယ်။ ရှိခိုးရမယ်လို့ ဟောကြားဆုံးမတော်မူခဲ့တယ်လေ။ မြတ်စွာဘုရားကိုယ်တော်တိုင်က အမျိုးဇာတ်စွဲတဲ့ ဇာတိဝါဒ + ဇာတိဝုဍ္ဍိကို လက်ခံတော်မမူဘူးလို့ဆိုတာ ပေါ့နော်. . . ကိုဘထွန်း'။

'ဟုတ်ပဗျာ. . . ဟုတ်ပ။ ဒါကြောင့် ပြောတာပေါ့ မလှသီရဲ့။

ဟိန္ဒူဘာသာဝင်တွေဆိုတာ အမျိုးဇာတ်ကို သိပ်အစွဲအလမ်းကြီးတာချည်းဖြစ်ကြတာမို့ အခြားလူမျိုးတွေဘာသာဝင်တွေနဲ့ ထိမ်းမြားလက်ထပ်ခြင်း မပြုလုပ်ကြရဘူးရယ်လို့ ဟိန္ဒူဓလေ့ဥပဒေတွေမှာ တင်းတင်း ကြပ်ကြပ် ပြဌာန်းချက်တွေ ထားရှိခဲ့ကြတာပေါ့ကွယ်'။

'နေပါဦး ကိုဘထွန်းရဲ့။ ကျွန်မ နားမရှင်းတာ မေးပါရစေဦးတော်'။

'ဆိုစမ်းပါဦး။ ဘာများ နားမရှင်းလို့ လဲ'။

'ဒီလိုကိုဘထွန်းရဲ့။ ဟိန္ဒူဘာသာဝင် ယောကျ်ားတွေနဲ့ ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာ၊ ကရင်၊ မွန်စတဲ့ အမျိုးသမီးတွေ ထိမ်း မြားလက်ထပ်အိမ်ထောင်ပြုနေကြတာတွေ ရှိတယ်လေ။ အဲဒီအချက်ကို ကျွန်မနားမရှင်းဘူးလို့ ဆိုတာပါတော်'။

'အော် . . . ဒါလား။ အေးကွ။ သူတို့ ဟိန္ဒူဥပဒေကတော့ သူတို့နဲ့ဇာတ်အမျိုးအ နွယ်မတူသူ၊ လူမျိုးမတူသူ၊ ဘာသာမတူသူများနဲ့ ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင် ပြုခြင်းမလုပ်ကြရဘူးလို့တော့ ဆိုထားတယ်လေ။ ဒါပေမဲ့ သူတို့ရဲ့စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတွေကြောင့် ထိမ်းမြားလက်ထပ် အိမ်ထောင်ပြုလိုက်ကြခြင်းဖြစ်တယ်လို့ပဲ ကိုဘထွန်းပြောချင်တယ်လေ။

အဲဒီနိုင်ငံခြားသားတွေဟာ မြန်မာနိုင်ငံသူ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနဲ့ တရားဝင်အိမ်ထောင်ပြုခဲ့ကြတဲ့သူတွေအများကြီးပါပဲ။

မြန်မာနိုင်ငံကနေ သူတို့နေထိုင်ကြတဲ့ နိုင်ငံကိုပြန်ကြတော့ သူတို့အိမ်ထောင်ပြုခဲ့ကြတဲ့ မြန်မာအမျိုးသမီးတွေကို ရွှေနဲ့တကွ ကျောက်မျက်ရတနာအမျိုးမျိုးတွေ ကိုယ်လုံး ပြည့်ဆင်မြန်းပေးပြီး

သူတို့နိုင်ငံဆီ ခေါ်ဆောင်သွားခဲ့ကြတယ်လေ။

သူတို့နိုင်ငံရောက်တော့ ရွှေစတဲ့ ရတနာတွေ အကုန်ဖြုတ်ယူသိမ်းဆည်းထားပြီး မိန်းမတွေကိုလည်း အများပိုင်မိန်းမအဖြစ်သတ်မှတ်ပြီး ပျော်ပါးခဲ့ကြတာပါပဲကွာ။ ဒီအကြောင်းတွေပြောရင်ရင်နာလှပါတယ် မလှသီရယ်'။

'ကဲ . . ကဲ . . . ကိုဘထွန်းရေ။ ရင်နာတယ်ဆိုရင်လည်းမပြောနဲ့တော့'။

'မပြောလို့လည်းမဖြစ်သေးဘူး မလှသီရေ။ ရင်နာနာနဲ့ပဲပြောရဦးမယ်'။

'ကဲတော်။ ဒါဆိုလည်းပြောပေါ့။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ သိကြရတာပေါ့'။

'ဒီလိုကွာ။ တရုတ်ပြည်မှာလည်း တရုတ်ယောကျ်ား အမျိုးသားတွေက မြန်မာနိုင်ငံက အမျိုးသမီးတွေကို လူကုန်ကူးသူများထံကဝယ်ယူပြီး အပျော်မယားအဖြစ်နဲ့ တရုတ်အိမ်မှာ နေထိုင်ခဲ့ကြရတယ်လေ။ အဲ . . အဲဒီ အမျိုးသမီးများ ကိုယ်ဝန်ရလာပြီဆိုတော့မှပိုက်ဆံပေးပြီး မြန်မာနိုင်ငံကို ပြန်လွှတ်လိုက်ကြသတဲ့ကွာ။ ဒီကနေ့ဖြစ်နေတဲ့ လက်တွေ့ပြဿနာတစ်ခုပါပဲ။ တို့မြန်မာနိုင်ငံသူ အမျိုးသမီးများကလည်း စီးပွားရေးတွေ အဆင်မပြေတာနဲ့ပဲ တရုတ်ပြည်ကိုသွားရောက်ပြီး တရုတ်တွေရဲ့အပျော်မယားဘဝနဲ့သူတို့ ကျေနပ်အောင် နေခဲ့ကြတာပဲဖြစ်တယ်လေကွယ်'။

'ဟုတ်တယ် . . ဟုတ်တယ်။ ကိုဘထွန်း ပြောတော့မှ ကျွန်မလည်း သတိရသေးတယ်။ ကျွန်မတို့မြို့က ကောင်မလေးတစ်ယောက်ဟာ ခပ်လည်လည်ပဲတော့။ လူကုန်ကူးတွေနဲ့တွေ့ပြီး

တရုတ်ပြည်လား၊ ကုလားပြည်လား၊ ထိုင်းလားမသိပါဘူးတော်။ ပါသွားသတဲ့။ သုံးနှစ်လောက်ကြာတော့ သူ့မိဘတွေ အိမ်ပြန်ရောက်လာတယ်လေ။ ကလေးတော့ မတွေ့ရဘူးတော့။ ဒါပေမဲ့ အိမ်ထဲက အိမ်အပြင်မထွက်ရဲတော့ဘူးတဲ့ ကိုဘ ထွန်းရယ်'။

'ဘာဖြစ်လို့ အိမ်အပြင် မထွက်ရဲတာလဲ မလှသီ'။

'ဘာဖြစ်ရမှာလဲ ကိုဘထွန်းရယ်။ အေ ကိုက်တယ်ဆိုလား။ ဘီကိုက်တယ်ဆိုလား။ (၆)လလောက်တော့ နေရသေးတယ်။ နောက်တော့ သေသွားပါလေရော'။

'အေးပေါ့ မလှသီရယ်။ ဒါကြောင့် တို့များရဲ့အဘိုးအဘွား၊ အမိ အဖတွေကဆုံးမခဲ့တာပေါ့ကွာ'။

'ဘယ်လို ဆုံးမခဲ့ကြသလဲ ကိုဘထွန်း'။

**'မတရားတဲ့ ချမ်းသာတွေကို မမက်မောကြနဲ့။ မတရားတဲ့ ချမ်းသာကို မက်မောကြတယ်ဆိုရင် ဘဝပျက်တတ်တယ်။**

**သူတော်ကောင်းနဲ့ တွေ့ဆုံဖို့ ခက်ခဲတယ်။ မလွယ်ဘူး။ သူယုတ်မာနဲ့တွေ့ဆုံဖို့ မခက်ဘူး၊ လွယ်ကူတယ်** တဲ့ မလှသီရယ်'။

'မှန်လိုက်တာတော်။ ကျွန်မကြားဖူးတဲ့ စကားကိုလည်း ကိုဘထွန်းကို ပြောရဦးမယ်'။

'အေး. . . ဟုတ်ပြီ။ ဆိုစမ်းပါဦး'။

**'ရှိတာလေးနဲ့ ဝအောင်စား။**

**ရှိတာလေးနဲ့ လှအောင်ဝတ်။**

**ရှိတာလေးနဲ့ လှအောင်နေ။**

**နေရာတိုင်းမှာ မကြွားချင်နဲ့** တဲ့ကိုဘထွန်းရေ'။

ကိုဘထွန်းနှင့်မလှသီတို့ပြောဆိုနေကြ သောစကားများသည်

တန်ဖိုးမဖြတ်နိုင်သောစကားများပင်ဖြစ်ပါသည်သူတို့၏ပြောဆိုစကားများ ဖြစ်ကြသော်လည်း ပညာရှိသူတော်ကောင်းကြီးတို့၏ တန်ဖိုးမဖြတ်နိုင် သော အဆုံးအမစကားတော်များပင် ဖြစ်ပါသည်။ ကြီးပွားချမ်းသာလိုသူတိုင်းလိုက်နာကြရမည့်စကားမျိုးသာ ဖြစ်သည်။

'အေးကွ့။ အားလုံးဟာ ပညာရှိသူတော်ကောင်းတွေရဲ့ အဆုံးအမစကားချည်း ပဲဖြစ်တယ်လေ။ လိုက်နာသူတွေကတော့ ပစ္စုပ္ပန်သံသရာနှစ်ဖြာသောဘဝတွေမှာ ချမ်းသာကြမှာပဲ။ ကဲ. . ထားလိုက်ပါတော့။ တို့များ စကားဆက်ကြရအောင်'။

'ဟုတ်ပါ့တော်။ ဟိန္ဒူဘာသာဝင်နှင့် ထိမ်းမြားလက်ထပ်ခြင်းအကြောင်းကို ပြောပြီးပြီ။ ခရစ်ယာန်ဘာသာဝင်နှင့်ထိမ်းမြားလက်ထပ်ခြင်းအကြောင်းကိုပြောရှင်'။

'ခရစ်ယာန်ဘာသာဝင် ထိမ်းမြားခြင်း ဥပဒေပုဒ်မ(၄)အရ ခရစ်ယာန်ဘာသာနဲ့ ခရစ်ယာန်မဟုတ်သူတစ်ဦး ထိမ်းမြားလက်ထပ်ခြင်းပြုနိုင်တယ်။ ဒါပေမဲ့ ထိမ်းမြားလက်ထပ်ခြင်းကိုတော့ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းမှာပဲဖြစ်ဖြစ်၊ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိရှေ့မှောက်မှာပဲဖြစ်ဖြစ် ထုံးပုံနည်းလမ်းတကျ ထိမ်းမြား လက်ထပ်မှရမယ်တဲ့။ ဒါမှသာ တရားဝင်တယ်လို့ဆိုထားတာ ကိုတွေ့ရတယ်လေ။ အခြားနည်းလမ်းများနဲ့ ထိမ်းမြားလက်ထပ်တာတွေကိုတော့ တရားမဝင်ဘူးလို့ ဆိုခြင်းပဲဖြစ်တယ်ကွာ။

ပြီးတော့ ခရစ်ယာန်ဘာသာဝင် ထိမ်းမြားခြင်းဥပဒေအရ-ထိမ်းမြားပေးပိုင်ခွင့်ရှိသူမဟုတ်ဘဲ နှစ်ဦးစလုံးက ခရစ်ယာန်ဖြစ်သူဒါမှမဟုတ် တစ်ဦးဦးကခရစ်ယာန်ဖြစ်သူတို့ကို ထိမ်းမြား လက်ထပ်ပေးမယ်ဆိုရင် အဲဒီ ထိမ်းမြားလက်ထပ်ပေးတဲ့သူကို (၁၀)နှစ်အထိ

ထောင်ဒဏ်ချမှတ်နိုင်တယ်လို့ဆိုထားတာကို တွေ့ရပါတယ်'။

'ဩော် . . ဒီလိုလား။ ဒါကြောင့်မို့ဖြစ်မှာပေါ့။ ကျွန်မ သူငယ်ချင်း တစ်ယောက်ဟာ ခရစ်ယာန်ဘာသာဝင်အမျိုးသားတစ် ယောက်နဲ့ချစ်ကြိုက်နေတယ်လေ။ သူတို့အိမ်ထောင်ပြုကြမယ်ဆို တော့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ကျွန်မသူငယ်ချင်းကို သူတို့ခရစ်ယာန်ဘာ သာထဲဝင်ခိုင်းတယ်တော့။ အဲဒီလိုဝင်ပြီးတော့မှ သူတို့ရဲ့ခရစ်ယာန် ဘုန်းကြီးက ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ထိမ်းမြားလက်ထပ်ပေး ခဲ့ကြခြင်းပဲ ဖြစ်မှာပေါ့နော် ကိုဘထွန်း'။

'ဒါပေါ့မလှသီရယ်။ တို့များ ဗုဒ္ဓဘာသာဝင်များဖြစ်ကြတဲ့ အမျိုးသားအမျိုးသမီးတွေဟာ ကိုယ့်ဗုဒ္ဓဘာသာအကြောင်းကိုလည်း မသိကြ၊ ကိုယ့်နိုင်ငံရဲ့ဥပဒေကိုလည်း နားမလည်ကြဆိုတော့ မိအေး နှစ်ခါနာသုံး ခါနာတွေဖြစ်ကုန်ကြတာပေါ့'။

'ခရစ်ယာန်ဘာသာဝင်တွေက သူတို့ရဲ့ဘာသာရေးကိုလည်း နားလည်ကြတယ်။ ဥပဒေကိုလည်းနားလည်ထားကြတယ်ဆိုတော့ ကျွန်မတို့ဗုဒ္ဓဘာသာဝင်တွေထက်အသိဉာဏ် တွေသာသွားတာပေါ့ နော်. . ကိုဘထွန်း'။

'ဟုတ်တယ်မလှသီရေ။ ပြောရရင်လည်း ကိုယ့်ပေါင်ကိုလှန် ထောင်းဆိုတာလို ဖြစ်ကုန်တော့မယ်။ ကဲ. . ကဲ ဆက်ပြောမယ်နော်။ (၁၁)နာရီလည်း ထိုးတော့မယ်'။

'ပြောပါတော်။ ဇဟုသုတရတာပေါ့'။

'ဒီလိုကွ့။ အခုတို့များပြောခဲ့ကြပြီး ဖြစ်တဲ့ဥပဒေများကို စုပေါင်းပြီး သုံးသပ်ကြည့်ရအောင်လေ'။

'ကောင်းတာပေါ့ရှင်'။

'(၁) အစ္စလာမ်ဘာသာဝင်တစ်ယောက်ဟာ ဘာသာကွဲနဲ့ လုံးဝလက်ထပ်ခွင့် မပြုရဘူးလို့ အစ္စလာမ်ဘာသာဥပဒေမှာ ပြဋ္ဌာန်းထားတယ်။

(၂) အစ္စလာမ်ဘာသာမှာ ဘာသာကွဲဖြစ်သူဟာ အစ္စလာမ်ဘာသာသို့ တရားဝင်ကူးပြောင်းပြီးတဲ့အခါကျမှသာ လက်ထပ်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတယ်။

(၃) ဟိန္ဒူဘာသာတွင် ဘာသာကူး ပြောင်းခွင့်ကိုပင် ခွင့်မပြုရဘူးရယ်လို့ပြဋ္ဌာန်းထားတယ်။

(၄) ခရစ်ယာန်လက်ထပ်ခြင်းဥပဒေမှာတော့ ဘာသာကွဲဖြစ်သူဟာ မိမိဘာသာအရ ထိမ်းမြားလက်ထပ်ခွင့်မရှိဘဲ သက်ဆိုင်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာသာ ခရစ်ယာန်ထုံးတမ်းစဉ်လာအရ လက်ထပ်ခွင့်ပြုပေးမှသာ ခွင့်ပြုနိုင်ပြီး ဘာသာကွဲဖြစ်သူဟာ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဝင်ရောက်ရခြင်းနှင့်မခြား ပြုလုပ်ရန် ပြဋ္ဌာန်းထားတယ်လို့ သုံးသပ်လို့ ရတယ်လေ'။

'ကိုဘထွန်း။ ကျွန်မ နားရှင်းအောင် ထပ်ရှင်းပြစမ်းပါဦးတော်'။

'အေးကွာ။ အဲဒါကြောင့်ပြောတာပေ့ါ။ ဘာသာကွဲဖြစ်တဲ့သူဟာ အစ္စလာမ်ဘာသာနဲ့ပဲဖြစ်ဖြစ် ခရစ်ယာန်ဘာသာဝင်နဲ့ပဲဖြစ်ဖြစ် တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ၊ ဘယ်လိုနည်းနဲ့မှ လက်ထပ်ခွင့်မပြုရဘူးလို့ သူတို့ဥပဒေအရ အထင်အရှားပိတ်ပင်တားမြစ်ထားတယ်လေ'။

'တို့မြန်မာ ဗုဒ္ဓဘာသာဝင်တွေမှာတော့ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ မည်သည့်ဘာသာခြားကမဆို သူတို့ဘာသာကို စွန့်လွှတ်ရန်မလိုဘဲ ထိမ်းမြားလက်ထပ်တာကို ခွင့်ပြုထားတယ်လေ။ အလွန်

ရှုက်စရာကောင်းပါတယ်ကွာ။ အလွန်လည်း ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပါ။

ဒီကနေ့ လက်ရှိမြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ပြောရမယ်ဆိုရင်လည်း မြန်မာ ဗုဒ္ဓဘာသာဝင်တို့အနေနဲ့ အထူးသဖြင့်တော့ကွာ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတွေအနေနဲ့ ဥပဒေရဲ့ အကာအကွယ် မဲ့ဘဝသို့ ရောက်ရှိနေကြရတယ်လို့ ကိုဘထွန်း သုံးသပ်မိတယ်လေ'။

'ဟုတ်ပါ့တော်။ ကိုဘထွန်း ထပ်ဆင့်ပြီး ရှင်းပြတော့မှ ကျွန်မလည်း သဘောပေါက်တော့တယ်။ ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာဝင်တွေ၊ အမျိုးသမီးတွေ သိက္ခာကျတာပေါ့တော်'။

'အေးကွာ. . .။ တစ်ခါလည်းပြောခဲ့ ပြီးပြီလေ။ လက်ရှိမြန်မာ့ဓလေ့ထုံးတမ်းဥပ ဒေအရ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီး တွေရဲ့ အကာအကွယ်မရှိတဲ့ဘဝကို ရောက် နေကြတယ်လေ။ ၁၉၅၄ခုနှစ် ဗုဒ္ဓဘာသာ ဝင်အမျိုးသမီးများအထူးထိမ်းမြားခြင်းနှင့် အမွေဆက်ခံမှု အက်ဥပဒေကိုကြည့်ပြန်တော့လည်းကွာ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာခြားက သူတို့ရဲ့ဘာသာကို စွန့်လွှတ်ရန်မလိုဘဲ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးကို ကျေကျေနပ်နပ်ကြီး လက်ထပ်ရန် ခွင့်ပြုထားတဲ့ ဥပဒေအဖြစ်သာ ထင်ရှားနေတယ်လေ'။

'ဟုတ်တယ်။ ဒီအကြောင်း ကိုဘထွန်း တစ်ခါ ပြောဖူးတယ်။ အေးတော်. . မြန်မာနိုင်ငံက ဥပဒေပညာရှင်ကြီးများလည်း ပြန်လည် သုံးသပ်ကြဖို့ကောင်းပါတယ်'။

'မလှသီရေ. .။ မြန်မာဗုဒ္ဓဘာသာဥပဒေကလွဲပြီး အစ္စလာမ်ဥပဒေ၊ ဟိန္ဒူဥပဒေ၊ ခရစ်ယာန်ဥပဒေများကိုပြဌာန်းဥပဒေအဖြစ်နဲ့

တို့များ မြန်မာနိုင်ငံမှာ ဒီကနေ့ထိ လက်ခံကျင့်သုံးနေကြရတယ် တို့များရဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေကိုတော့ ပြဋ္ဌာန်းဥပဒေအဖြစ် လုံးဝမရှိခဲ့ဘူးလေ။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ မြန်မာနိုင်ငံမှာ မိ အမျိုးသားအားလုံးနဲ့ သက်ဆိုင်တယ်ကွာ။ အဲဒီချို့ယွင်းချက် လစ်ဟ မှုတွေကို မြန်မာနိုင်ငံက ဆရာတော်ကြီးတွေနဲ့ ဥပဒေပညာရှင်ကြီ များက ထောက်ပြပြီး အမျိုးစောင့်ဥပဒေတစ်ရပ် ပေါ်ထွန်းလာရေ အလေးပေးပြီး ဆောင်ရွက်တော်မူကြခြင်းပဲဖြစ်တယ်ပေါ့ မလှသ ရယ်'။

'ကဲ. . ကဲ ကိုဘထွန်းရေ။ ဒီညတနင်္ဂနွေ စကားဝိုင်းကို အဆုံ သတ်လိုက်ကြရအောင်။ မနက်ဖြန်ညကျမှ ကျန်တဲ့စကားတွေ ဆက် ပြောကြတာပေါ့တော်။ (၁၁)နာရီတောင် ကျော်သွားပြီတော့'။

ကိုဘထွန်းတို့ တနင်္ဂနွေနေ့ည စကားဝိုင်းသည်လည် နှစ်ဦးသဘောတူ အဆုံး သတ်လိုက်ကြပေပြီတည်း'။

-----

"ကိုဘထွန်း ဒီကနေ့ ရှင်ကျောင်းက ပြန်လာတာ စောလှချေ လားတော့"

"အေးကွာ၊ စောဆိုတပည့်တစ်ယောက်က ဆိုင်ကယ်နဲ့ လိုက်ပ ပါဆိုလို့လေ"

ကိုဘထွန်းတစ်ယောက် အိမ်ပေါက်ဝသို့ ရောက်သည်နှင့်ဇနီ ဖြစ်သူမလှသီက အမေးစကားဖြင့် ကြိုဆိုနှုတ်ဆက်စကားနှော ပြောဆိုလိုက်ခြင်းပင်ဖြစ်၏။ ကိုဘထွန်းသည် အိမ်ထဲသို့ဝင်ပြီး လွယ အိတ်ကို ယခင်ချိတ်ထားနေကျတန်း၌ပင် ချိတ်ထားလိုက်ပြီး မြတ်စွ

ဘုရား၏ ရုပ်ပွားဆင်းတု တော်ကိုရှိခိုးဦးချနေပါသည်။ ပြီး ရေနွေး ကြမ်းတစ်ခွက်သောက်လိုက်သည်။ လွှာက်အုပ်ထဲတွင်ရှိသော လွှာက်ကို လည်း အနည်းငယ်စားလိုက်သည်။ ပြီး အိမ်မှုကိစ္စများကို ဆောင်ရွက် ကာ ရေမိုးချိုးလိုက်သည်။

ကိုဘထွန်းသည် ညနေ (၆) နာရီလောက်တွင် မိသားစု ထမင်းဝိုင်းတွင် ဝင်ထိုင်၍ ညနေစာထမင်း စားလိုက်သည်။ အချိန်ရ သဖြင့် ဆရာတော်၏ကျောင်းသို့ သွားရောက်ခဲ့သည်။ ဆရာတော် သည် မျက်နှာစိမ်းဧည့်သည်သုံးယောက်နှင့် စကားပြောနေသည်။ ဧည့်သည်များသည်ကား မိမိတို့၏မြို့မှမဟုတ်၊ ရန်ကုန်မြို့မှ ဖြစ်သည် ဟု သိရှိခဲ့ရပါသည်။

ဧည့်သည်များနှင့် ဆရာတော်ပြောဆိုနေကြသောစကားများ ကို ဂရုတစိုက်နားထောင်နေမိပါသည်။ ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် စုံလှပါသည်။ ဧည့်သည်များသည် ဆရာတော်အား ကြည်ညိုကြသူများ ဖြစ်ကြပါသည်။ ဆရာတော် သည်လည်း အေးဆေးတည်ငြိမ်စွာဖြင့် ပြန်လည်ပြောဆိုနေပါ သည်။ ဧည့်သည်များ ပြောဆိုလျှောက်ထားသည့်အခါ၌လည်း ဆရာတော် သည် ဂရုတစိုက်နားထောင်လေ့ရှိပါသည်။ ဆရာတော်၏ ပြော စကားများကိုလည်း ဧည့်သည်များက ဂရုတစိုက် နားထောင်လေ့ ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ အတုယူသင့်သော စကားဝိုင်း ဟုပင် ဆိုချင်ပါသည်။

ကိုဘထွန်းသည် ဆရာတော်အား ရှိခိုးဦးချပြီး အိမ်သို့ တန်းပြန် ခဲ့သည်။ ယနေ့ည အချိန်မရတော့သဖြင့် လွှာက်ရည်ဆိုင်သို့ပင် မသွား ဖြစ်ခဲ့တော့။ ခေတ္တအနားယူပြီး ကိုဘထွန်းတို့လင်မယားနှစ်ယောက်

စကားဝိုင်းကိုလည်း စတင်ခဲ့ကြပါတော့သည်။

"ကိုဘထွန်းရေ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့က မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာ အရေးပေါ်ဥပဒေကို ရေးဆွဲထားတယ်ဆို"

"ဟုတ်တယ်လေ မလှသီရယ်၊ အပြီးမဟုတ်သေးပါဘူးကွာ၊ မူကြမ်းပဲ ရှိပါသေးတယ်"

"အဲဒီမူကြမ်းကို ပြောပြစမ်းပါဦးတော်"

"အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး (သာသနဝံသပါလ) အဖွဲ့ကြီးက တောင်းဆိုထားတဲ့ အရေးပေါ်ဥပဒေမူကြမ်းက-

(၁) ဤဥပဒေကို ဗုဒ္ဓဘာသာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာ(အရေးပေါ်)ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) မည်သူမဆို မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးကို လက်ထပ်မည့် သူသည် တရားဝင် ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

(၃) ဘာသာခြားဖြစ်ခဲ့သူက မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးကို လက်ထပ် ပေါင်းသင်းမည်ဆိုပါက ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း တရားဝင်လက်မှတ်ရရှိထားသူ ဖြစ်ရမည်။

(၄) ထို့အပြင် လက်ထပ်မည့်ဗုဒ္ဓဘာသာဝင်အမျိုးသမီး၏ မိဘ (သို့) အုပ်ထိန်းသူ၏စာဖြင့် တရားဝင်ခွင့်ပြုချက်ကို လက်ခံရယူရမည်။

(၅) အထက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်ပါက လက်ထပ်ထိမ်းမြား ခြင်းကို သက်ဆိုင်ရာ ကျေးရွာ(သို့)ရပ်ကွက် အုပ်ချုပ်ရေးမှူးရှေ့တွင် လက်မှတ်ရေးထိုး လက်ထပ်ရမည်။

(၆) အထက်ပါဥပဒေပြဋ္ဌာန်းချက်များ အတိုင်း မလိုက်နာဘဲ

မြန်မာအမျိုးသမီး ဗုဒ္ဓဘာသာအမျိုးသမီးကို လက်ထပ်ခြင်း ပေါင်းသင်းခြင်း ပြုလုပ်ပါက- ထိုသူကို ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ထိုသူပိုင် ပစ္စည်းအားလုံးကိုလည်း သိမ်းယူ၍ ထိုဗုဒ္ဓဘာသာဝင် အမျိုးသမီးအားပေးရမည်။

(၇) ၎င်းအပြင် ထိုသို့ကျူးလွန်သူအပေါ် ရာဇသတ်ကြီး ဥပဒေ ထိမ်းမြားခြင်း ဆိုင်ရာပြစ်မှု ပုဒ်မ(၄၉၃) အပြင် သက်ဆိုင် ရာပုဒ်မတို့နှင့်သာ သီးခြားအရေးယူ အပြစ် ပေးရမည်။

(၈) ဤအက်ဥပဒေအရ (၁၉၅၄) ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမ များနှင့် အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို မြန်မာဝလေ့ထုံးတမ်းဥပဒေအသစ်ရေးဆွဲပြ ဋ္ဌာန်းပြီးသည် အထိ ရုပ်သိမ်းထားရမည်။

(၉) ဤအရေးပေါ် ဥပဒေကို (        ) ပြဋ္ဌာန်းအတည်ပြုပြီး ချက်ချင်းအာဏာ တည်စေရမည်ဟူ၍ ဖြစ်ပါသည်' ရယ်လို့ ဆိုထားတယ်ကွာ။ (၉)ချက်ပါဝင်တယ်ပေါ့ကွာ"

"ဗုဒ္ဓဘာသာဝင် ယောကျ်ား၊ မိန်းမတွေ ဘာသာပြောင်းမယ် ဆိုရင်ကော ပြောင်းလို့မရဘူးလား ကိုဘထွန်း"

"ဘယ်သူပဲဖြစ်ဖြစ် ဘာသာပြောင်းလို့ရတာချည်းပါပဲ။ ဒါပေ မယ့် မ. ဘ. သ အဖွဲ့ကြီးရဲ့ တောင်းဆိုချက်အတိုင်းတော့ ဖြစ်စေ ရမယ်ပေါ့ကွာ"

"မ. ဘ. သအဖွဲ့ကြီးရဲ့ တောင်းဆိုချက်က ဘယ်လိုလဲ ကိုဘထွန်း။ ဆိုစမ်းပါဦးတော့"

"ကိုးကွယ်ရာ ဘာသာနှင့် ပတ်သက်၍ မှတ်ပုံတင်ဥပဒေ (မူကြမ်း) တဲ့"

(၁) မည်သူမဆို မိမိလက်ရှိ ကိုးကွယ်ရာဘာသာမှ အခြားဘာသာတစ်ခုခုသို့ ကူးပြောင်းလိုလျှင် ထိုသို့ပြုလုပ်လိုကြောင်းကို သာသနာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာ သာသနာရေး ဦးစီးဌာနသို့ အကျိုးအကြောင်း တင်ပြလျှောက်ထားရမည့်အပြင် လက်ရှိမူလဘာသာရေးဆိုင်ရာ အဖွဲ့အစည်းနှင့် အသစ်ကူးပြောင်းလိုသော ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများကို မိတ္တူပေးပို့ရမည်။

(၂) ထိုသို့ လျှောက်ထားခြင်းမှာမည်သည့်အကြောင်းကို အခြေခံ၍ ကူးပြောင်းလိုခြင်းဖြစ်ကြောင်းကို ဖော်ပြရမည်။

(၃) အိမ်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ ထိမ်းမြားရေးအတွက် (သို့) ကွာရှင်းရေးအတွက် (သို့) အမွေဆက်ခံရေးအတွက် ဖြစ်ကြောင်းစသည်တို့ကို မှန်ကန်စွာဖော်ပြရမည်။

(၄) ၄င်းအပြင် ဘာသာအယူဝါဒနှင့် ပတ်သက်၍ ယုံကြည်ချက်ပြောင်းလဲလိုခြင်း အပေါ်အခြေခံခြင်း ဟုတ်မဟုတ်ကို ပြည့်စုံစွာ ဖော်ပြရမည်။

(၅) ထိုသို့လျှောက်လွှာရရှိသည့်အခါ သက်ဆိုင်ရာ သာသနာရေး ဦးစီးဌာနက လိုအပ်သလို အမှုဖွင့်စုံစမ်းရမည်။

(၆) လိုအပ်လျှင် မူလလက်ဟောင်း ဘာသာရေးအဖွဲ့အစည်းနှင့် အသစ်ကူးပြောင်းလိုသော ဘာသာရေးအဖွဲ့အစည်းများ၏ သဘောဆန္ဒကို ရယူနိုင်သည်။

(၇) ထိုသို့စုံစမ်းမှုကို (၆)လမှ(၁)နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့်လျှောက်ထားသူမှာ မိမိ၏ရိုးသားစွာ ယုံကြည်ချက်ကြောင့်မဟုတ်ဘဲ အခြားဘာသာ သာသနာကို ဝင်ရောက်စွက်ဖက်ရန်၊ ဖျက်ဆီးရန်၊ ပြဿနာဖြစ်ရန် (သို့) မရိုးသားသော အကြံစည်တစ်ခုခုဖြင့် လျှောက်ထားခြင်းဖြစ်ကြောင်းပေါ်လွင်လျှင် ထိုလျှောက်ထားချက်ကို အကြောင်းပြချက်များဖြင့်ပယ်ရမည်။ ထိုသူကိုလည်းကောင်း၊ အားပေးကူညီသူများနှင့် ပူးပေါင်းဆောင်ရွက်သူများကိုလည်းကောင်း၊ရာဇသတ်ကြီး ဥပဒေများနှင့် အခြားတည်ဆဲဥပဒေများအရ အရေးယူတရား စွဲဆိုရမည်။

(၈) ထိုလျှောက်ထားခြင်းမှာ သဘောရိုးဖြင့်ပြုလုပ်ခြင်း ဖြစ်ကြောင်းထင်ရှားပါက ခွင့်ပြုကြောင်း အကြောင်းပြန်ကြားရမည်။

(၉) ထိုသို့ ပြုလုပ်သည့်ကိစ္စရပ်များ၌ စာရင်းအင်းပြုလုပ်၍ မှတ်ပုံတင်ကဒ်ပြားထားရှိရမည်ဖြစ်ပြီး ထိုလျှောက်ထားခြင်းအပေါ် စုံစမ်းစစ်ဆေးရခြင်းအတွက် လိုအပ်သော သင့်တင့်မျှတသည့် အခကြေးငွေများကိုပါ တောင်းခံရယူရမည်။

(၁၀) ထိုသို့ဘာသာပြောင်းလဲပြီးပါက နောက်ထပ်တစ်ဖန် ပြောင်းလဲရန် လျှောက်ထားခြင်းကို ခွင့်မပြုရ။

(၁၁) ဤဥပဒေကို (          ) ရက်နေ့တွင်ပြဋ္ဌာန်းပြီး ချက်ခြင်းအာဏာ တည်စေရမည်--ဟူ၍ ပြဋ္ဌာန်းပေးလိုက်ကြောင်းဟူ၍ ဖြစ်သည်'တဲ့။

"အဲဒီအချက်အလက်များကို ကြည့်ပြီး လူ့အခွင့်ရေးသမားများ

က ကန့်ကွက်နေကြတာပေါ့နော် ကိုဘထွန်း"

"ဟုတ်တယ် ဟုတ်တယ် မလှသီရေ၊ မ. ဘ. သ အဖွဲ့ကြီးက အဲဒီလို အက်ဥပဒေအဖြစ် ပြဋ္ဌာန်းပေးဖို့လွှတ်တော်မှာ တောင်းဆိုတာကိုလူ့အခွင့်အရေးသမားများက လူ့အခွင့်ရေးကိစ္စများကို အကြောင်းပြပြီး ကန့်ကွက်လာနိုင်တယ်လို့ အမြင်ရှိထားတဲ့အတွက် အများတကာ နားလည်အောင်ဆိုပြီး အချက်(၆)ချက်နှင့် ရှင်းပြထားတယ်လေ"

"ဆိုစမ်းပါဦးတော့ ဘယ်လိုအချက်တွေလဲ"

(၁) လူ့အခွင့်အရေး ကြေညာစာတမ်းမှာ နိုင်ငံတကာမှ လိုက်နာကျင့်သုံးရန်ထုတ်ပြန်သော ကြေညာချက်မျှသာဖြစ်ပါသည်။

(၂) ယေဘုယျအသွင်ဆောင်သော အချက်များသာ ဖြစ်ပါသည်။ အသေးစိတ် သတ်မှတ်ချက်မျိုး မဟုတ်ပါ။

(၃) ထိုကြေညာစာတမ်းသည် နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာပိုင်မှုကို လွှမ်းမိုးခြင်း၊ ရုပ်သိမ်းခြင်း မရှိပါ။

(၄) ယခုအထက်တွင် တင်ပြထားသော အရေးပေါ် ဥပဒေမှာ ကျား/မ ချင်း လက်ထပ်ထိမ်းမြားခြင်း၊ ပေါင်းသင်းခြင်းကို ပိတ်ပင်မှုမျိုးမဟုတ်ပါ။ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးကို လက်ထပ်မည့်သူ၏ အရည်အချင်းကို သတ်မှတ်သော ပြဋ္ဌာန်းချက်သာ ဖြစ်ပါသည်။

(၅) အထက်တွင် ဖော်ပြထားသည့် အစ္စလာမ်ဘာသာ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာဝင် ဥပဒေများတွင်လည်း ယခုကဲ့သို့ (သို့) ယခုထက်ပို၍ တင်းကျပ်သော ကန့်သတ်ပြဋ္ဌာန်းချက်များရှိပါက ထို ဥပဒေများရှိ ကန့်သတ်ချက်၊ ပြဋ္ဌာန်းချက်

များကိုမူ လူ့အခွင့်အရေးနှင့်မကိုက်ညီပါဟု ဆန့်ကျင်ပြောဆိုခြင်း၊ ကန့်ကွက်ခြင်းမျိုး ယနေ့အထိ မရှိနိုင်ပါ။

(၆) ယင်းသို့ကန့်ကွက်မယ်ဆိုပါက အစ္စလာမ်ဘာသာ ဟိန္ဒူဘာသာ ခရစ်ယာန်ဘာသာ နိုင်ငံခြားဘာသာများ ကိုးကွယ်သည့် ဘာသာများ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ရာရောက်မည် ဖြစ်ပါသည်' လို့ ဆိုထားတယ်လေ။

အဲဒီ (၆) ချက်ကို သေသေချာချာ စဉ်းစားပြီးသုံးသပ်ကြည့်မယ်ဆိုရင် သိနိုင်ပါတယ်ကွာ"

"မ. ဘ. သ အဖွဲ့ကြီးက တောင်းဆိုထားတာက စင်္ကာပူနိုင်ငံရဲ့ ဥပဒေကိုအခြေ ခံထားပြီး တောင်းဆိုထားတာဆို ဟုတ်လား ကိုဘထွန်း"

"ဟုတ်တယ်လေကွာ၊ စင်္ကာပူနိုင်ငံရဲ့ လက်ထပ်ဥပဒေသာ မဟုတ်သေးဘူး၊ ဂျပန်နိုင်ငံရဲ့ ထိမ်းမြားလက်ထပ်ဥပဒေကိုလည်း မှီငြမ်းထားသေးသတဲ့"

"စင်္ကာပူနိုင်ငံရဲ့ ထိမ်းမြားလက်ထပ် ဥပဒေကို ဆိုစမ်းပါဦးတော့"

"အေးကွာ့၊ စင်္ကာပူနိုင်ငံအကြောင်းကို တိုတိုပြောဦးမယ်နော်။ စင်္ကာပူနိုင်ငံဆိုတာ ရန်ကုန်မြို့လောက်ပဲ ရှိသတဲ့။ စင်္ကာပူနိုင်ငံကို တည်ထောင်တော့မယ်ဆိုတော့ စင်္ကာပူအကြီးအကဲများ ရန်ကုန်ကို လာရောက်ပြီး ရန်ကုန်မြို့ကို လေ့လာကြသတဲ့။ သဘောကျတာနဲ့ ရန်ကုန်မြို့အတိုင်း မြို့ကိုတည်ဆောက်ခဲ့ကြသတဲ့။ စင်္ကာပူနိုင်ငံ မစ္စတာလီကွမ်ယူဟာ (၁၉၆၅) ခုနှစ်မှာ သမ္မတဖြစ်လာခဲ့ပါတယ်။ စင်္ကာပူနိုင်ငံဟာ (၁၉၆၅) ခုနှစ်ကမှ လွတ်လပ်ရေးရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့နောက်ကျတယ်လေ။ (၁၉၆၆) ခုနှစ်ကနေစပြီး ထိမ်းမြားလက်ထပ်တဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြတာလေ။ စင်္ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံ

ခေါင်းဆောင်ချင်းတော့ ကွာသပေါ့။ စင်္ကာပူနိုင်ငံရဲ့ ခေါင်းဆောင်တွေဟာ အတွေးအခေါ်ကောင်းကြတယ်လို့ပဲ ဆိုရမှာ ဖြစ်တယ်လေ"

"ဘာ့ကြောင့်လဲ ကိုဘထွန်း"

"သူတို့နိုင်ငံလွတ်လပ်ရေး ရပြီးတဲ့နောက် (၁၉၆၆) ခုနှစ်ကစပြီး အမျိုးသမီးများ ထိမ်းမြားလက်ထပ်တဲ့ ဥပဒေမော်ကွန်းရုံးတွေ တည်ဆောက်ခဲ့ပြီး ဥပဒေတွေ ပြဋ္ဌာန်း ခဲ့ကြတယ်လေ"

"ရှင်ကလည်း ဥပဒေပြဋ္ဌာန်းခဲ့ကြတဲ့ တိုင်းပြည်တွေ နိုင်ငံတွေချည်းပါပဲ။ ဥပဒေမရှိရင် ဘယ်ဖြစ်ပါ့မလဲတော်"

"ဟုတ်တာပေါ့ကွာ၊ ဥပဒေမရှိရင် ဘယ်တိုင်းပြည် ဘယ်နိုင်ငံမျှ တိုးတက်မှာ မဟုတ်ပါဘူး။ စင်္ကာပူနိုင်ငံအကြီးအကဲ သမ္မတကြီး ဖြစ်တဲ့ လီကွမ်းယုက-

'အစ္စလာမ်/မွတ်ဆလင်တွေဟာ ဒေသခံလူတွေနဲ့ လူမှုရေးအတူ ပေါင်းလုပ်လို့ မရဘူးကွာ။ အိမ်နီးချင်း သူဟာကိုယ်စား၊ ကိုယ့်ဟာ သူစား လုပ်လို့မရဘူးကွာ။ ဘာသာပါပြောင်းရဦးမယ်ဆိုတော့ သူတို့ရဲ့လက်ထပ်ဖို့ဆိုတာကလည်း မရှိသလောက်ပဲ' ရယ်လို့ ပြောခဲ့ဘူးတယ်လေ" (လီကွမ်းယု၊ စာအုပ်၊ နှာ-၂၂၀)

"နေစမ်းပါဦး ကိုဘထွန်းရယ့်။ တကယ်တမ်း ထိမ်းမြားလက်ထပ်ခြင်း ဥပဒေလုပ်စရာ လိုသေးလို့လားတော့"

"လိုတာပေါ့မိန်းမရယ်။ မိန်းမဆိုတာ မင်းလည်းသိတဲ့အတိုင်းပဲလေ။ လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်တုန်းက အင်္ဂလန်နိုင်ငံကတော်ဝင်မင်းသမီး ဒိုင်ယာနာဆိုတဲ့ အမျိုးသမီးဟာ ချားမင်းသားနဲ့ အိမ်ထောင်ကျပြီးသားတွေ သမီးတွေတောင်ရနေပြီလေ။ အဲဒါ သူ့ယောက်ျား ချားမင်းသားနှင့် ကွဲပြီး ရေနံသူဌေး အစ္စလာမ်ဘာသာဝင်

မွတ်စလင်နှင့်အိမ်ထောင်ပြုမယ်ဆိုပြီး ကွဲနေတဲ့အချိန်မှာပဲ သူစီးတဲ့ကားက အုတ်ခုံဝင်တိုက်ပြီး ပွဲချင်းပြီး သေဆုံးခဲ့တယ်လေ။ တို့ မြန်မာနိုင်ငံမှာတောင် ဒိုင်ယာနာအင်္ကျီဆိုတာ မင်းတို့မိန်းကလေးတွေ ချုပ်ဝတ်လိုက်ကြသေးတယ် မဟုတ်လားကွ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုဘထွန်းပြောမှ ကျမလည်း သတိရမိတယ်။ ဒိုင်ယာနာ ဒိုင်ယာနာဆိုပြီး နာမည်ကြီးလိုက်ကြသေးတယ်လေ"

"ဒါ့ကြောင့် ပြောတာပေါ့၊ ဥပဒေဆိုတာ နိုင်ငံတိုင်းမှာ ရှိထားရမှာဖြစ်တယ်လို့"

"ကဲ-ကဲ-ဆိုစမ်းပါဦး၊ အိမ်ထောင်ရေးနှင့် ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့ စင်္ကာပူ ဥပဒေဆိုတာကိုလေ"

"စင်္ကာပူနိုင်ငံမှာ အစ္စလာမ်ဘာသာဝင်နှင့် အခြားဘာသာဝင်များကို လက်ထပ်ခွင့် ပေးမထားဘူးကွ။ အကယ်၍ လက်ထပ်ချင်တယ်ဆိုရင်တော့ တရားဝင်ဘာသာပြောင်းလိုက်ရတယ်လေ။ အဲဒီလို တရားဝင်ဘာသာပြောင်းပြီးမှ အစ္စလာမ်ဘာသာဝင် ယောက်ျားနှင့် ထိမ်းမြားလက်ထပ်ခွင့်ရှိတယ်လေ"

"ကိုဘထွန်း . . တရားဝင်လက် ထပ်ရမယ်ဆိုတာကို ဆိုစမ်းပါဦးတော့'။

'ဒီလိုလေ။ စင်္ကာပူနိုင်ငံမှာ လက်ထပ်မော်ကွန်းရုံးကြီး နှစ်ရုံးထားရှိခဲ့ကြတယ်။

(၁) လက်ထပ်မော်ကွန်းရုံး

(၂) မွတ်ဆလင်လက်ထပ်မော်ကွန်းရုံး တို့ပဲဖြစ်တယ်လေ။

နံပါတ်(၁)လက်ထပ်မော်ကွန်းရုံးက အစ္စလာမ်ဘာသာဝင်မှ တစ်ပါး အခြားဘာသာဝင်များအားလုံးကို လွတ်လွတ်လပ်လပ်နဲ့ လက်ထပ်ပေးတဲ့တရားရုံးပဲဖြစ်တယ်လေ။ ဗုဒ္ဓဘာသာဝင် အချင်းချင်းပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဝင်နဲ့ ခရစ်ယာန်ဘာသာဝင်ပဲဖြစ်ဖြစ်၊ ခရစ်ယာန်နဲ့ ဟိန္ဒူဘာသာဝင်ပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ် လက်ထပ်ခွင့်ရှိကြပါတယ်။

တစ်လင် တစ်မယားစနစ်ဥပဒေကို ပြ ဋ္ဌာန်းထားခြင်းပဲ ဖြစ်တယ်လေ။ အခြားဘာ သာဝင်များအားလုံး တစ်လင်တစ်မယား စနစ်ကိုသာကျင့်သုံးခွင့် ပေးထားခြင်းဖြစ်တယ်လေ။ ဒါပေမဲ့ လွယ်တော့ မလွယ်ဘူးကွ။ အမှတ်(၁)တရားရုံးမှာပဲ မိမိဟာ အစ္စလာမ်ဘာသာဝင်မဟုတ်ပါဘူးရယ်လို့တော့ ထွက် ဆိုထားရှိရပါတယ်။ ယောကျ်ားရော မိန်းမပါ နှစ်ယောက်စလုံး တစ်ယောက်မှ အစ္စလာမ်ဘာသာဝင် မဖြစ်ရဘူးပေါ့ကွာ'။

'ဒါဆိုရင် စင်္ကာပူနိုင်ငံထဲကို အစ္စလာမ်ဘာသာဝင်တွေ အဝင် မခံတဲ့သဘောပေါ့နော်'။

'ဟုတ်တယ်လေ။ လီကွမ်းယူပြောတဲ့ အတိုင်းပဲပေါ့။ အစ္စလာမ် ဘာသာဝင်တွေဟာ ဒေသခံလူတွေနဲ့ ပေါင်းလို့မရဘူးတဲ့။ ဒါကြောင့် အစ္စလာမ်ဘာသာဝင် မိန်းမ၊ ယောကျ်ားတွေကို ဥပဒေနဲ့ ချုပ်ကိုင် ထားခြင်းပဲ ဖြစ်တယ်ပေါ့ကွယ်'။

'အေး. . . တော်။ ဆရာတော်တွေ ပြောသလို အစ္စလာမ် ဘာသာဝင်တွေဟာ လူဖောက်ပြီး လူများအောင်လုပ်၊ သူတို့ဘာ သာဝင်တွေများအောင်လုပ်ပြီး တိုင်းပြည်တွေကိုလု၊ မြေကြီးတွေကိုလု လုပ်နေကြတာတဲ့'။

“အေးကွာ၊ မဈေ့သီပြောတဲ့အတိုင်းပဲ။ တစ်ကမ္ဘာလုံး ဖြစ်နေကြပြီလေ။ သတ်ကြဖြတ်ကြ၊ သူတို့တွေချည်းပဲလေ။ ဟော်လန်နိုင်ငံက ခရစ်ယာန်ဘာသာဝင်လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို ဥရောနိုင်ငံတိုင်းကို သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်တွေရဲ့ ယုတ်မာတဲ့၊ ပက်စက်တဲ့လုပ်ရပ်တွေကို သက်သေခံပစ္စည်း လုပ်ရပ်တွေနဲ့ပြပြီး၊ ဟောပြောပွဲတွေလုပ်ပြီး နိုင်ငံသူနိုင်ငံသားတွေကို အသိပညာပေးစကားတွေ၊ လိုက်ဟောပြောနေတယ်လေ။ အဲဒီအခွေကို မိသားစုတွေအားလုံး တစ်ညတော့ကြည့်ကြရအောင်နော်။ အခုတော့ ကူးခိုင်းထားတုန်းပဲရှိသေးတယ်’။

‘အေး. . တော်၊ဒါဆိုလည်း ကြည့်ကြရအောင် မြန်မြန်သာ ကူးခိုင်းထား’။

‘အေးပါကွာ၊ အခွေရတော့ ကြည့်ကြတာပေ့ါ။ အခု နံပါတ်(၂) လက်ထပ်မော်ကွန်း ရုံးအကြောင်း ပြောရအောင်’။

‘နံပါတ်(၂)မော်ကွန်းရုံးအကြောင်း ပြောရှင်’။

‘ဒုတိယနံပါတ်(၂)လက်ထပ်မော်ကွန်း ရုံးက- ROMM လက်ထပ်မော်ကွန်းရုံးမှာ အစ္စလာမ်မွတ်ဆလင်ဘာသာဝင် အချင်းချင်းကိုသာ လက်ထပ်ခွင့်ပေးထားတဲ့ရုံးဖြစ်တယ်လေ။ အစ္စလာမ် ဘာသာဝင်အမျိုးသမီးကိုသာ လက်ထပ်လို့ရတယ်ပေ့ါကွယ်။ အခြား ဘာသာဝင်အမျိုးသမီးကို ခေါ်လာပြီး လက်ထပ်လို့လည်း မရဘူးကွ’။

‘ကဲတော်၊ အစ္စလာမ်ဘာသာဝင် ယောကျ်ားတစ်ယောက်ဟာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်ကို လက်ထပ်လို တယ်ဆိုရင် ဘယ်လိုလုပ်မလဲ ဆိုစမ်းပါဦး’။

‘ဥပဒေအရဆိုရင် လုံးဝလက်ထပ်ခွင့် မရှိပါဘူး’။

'ဒါဆိုရင် အမျိုးသမီးတွေရဲ့အခွင့်အရေးကို ဆုံးရှုံးအောင် လုပ်တယ်လို့ မဆိုနိုင်ဘူးလား'။

'မဆိုနိုင်ပါဘူးကွာ။ သူ့တိုင်းပြည်ရဲ့ ဥပဒေအတိုင်းပဲပေ့ါ။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနိဒါန်းစကားအရ **'လူ့အခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရမည်'** လို့ ဆိုထားတာဖြစ်လို့လေ'။

'ဒီလိုဆိုရင် အစ္စလာမ်ဘာသာဝင် ယောကျ်ားနဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသမီး လုံးဝလက်ထပ်ခွင့်မရှိတော့ဘူးပေ့ါနော် ကိုဘထွန်း'။

'ဩော်. . . မိန်းမရယ်ခက်လိုက်တာ။ မင်းတို့လို မိန်းမတွေ အတွက် ဥပဒေနဲ့အကာအကွယ် ပေးဖို့လုပ်နေကြတဲ့ ဥပဒေပါပဲ။ မင်းတို့မိန်းမတွေက အစ္စလာမ်ဘာသာဝင် ယောကျ်ားကို လက်ထပ်ချင်တယ်ဆိုလည်း ရပါတယ်။ ဒါပေမဲ့ ဘာသာတော့ ပြောင်းပြီး လက်ထပ်ရလိမ့်မယ်လေ'။

'ဒါဆိုလည်း တော်ရယ်၊ ဘာဖြစ်လို့ ဒီဥပဒေကို လုပ်နေကြရတာလဲ အပိုပဲမဟုတ်လား'။

'အေးကွာ။ မစဉ်းမစားပြောမယ်ဆိုရင်တော့ မလှသီပြောသလို အပိုပဲပေ့ါကွာ။ ဒါပေမဲ့ စက်ာပူဥပဒေရှင်တွေက စီမံထားတာ သိမ်မွေ့တယ်လေ'။

'ဆိုစမ်းပါဦးတော့။ ဘယ်လို သိမ်မွေ့တာလဲ'။

'အစ္စလာမ်ဘာသာဝင်ယောကျ်ားနဲ့ အိမ်ထောင်ပြုလိုတဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းကလေးတို့ဟာ နှစ်ယောက်စလုံး နံပါတ် (၂) လက်ထပ်မော်ကွန်းရုံးသို့ လျှောက်လွှာတင်ရပါတယ်။ လက်ထပ်မော်ကွန်းရုံးမှ နှစ်ယောက်စလုံးကို ခေါ်ယူစစ်ဆေးပြီး၊ ယောကျ်ားလေး၊ မိန်းကလေးတို့ရဲ့ မိဘတွေကို ခေါ်ယူပြီး မည်သူနှင့်မည်ဝါတော့

လက်ထပ်ကြမယ်။ မိဘတွေက သဘောတူကြပါသလား စသည်ဖြင့် မေးမြန်းစိစစ်ကြရပါတယ်။ နှစ်ဖက်စလုံးက သဘောတူကြတယ်ဆိုရင် ယောကျ်ားကလေးနှင့် မိန်းကလေးတို့ကို ရုံးတော်ကခေါ်ပြီး မိန်းကလေးကို အခြေခံအစ္စလာမ်ဘာသာသင်တန်းများ တက်ခိုင်းကြရပါတယ်။ ခြောက်လခွင့်ပြုထားပါတယ်။ အဲဒီတော့ မိန်းကလေးက ယခင်မိမိယူထားတဲ့ ဗုဒ္ဓဘာသာနဲ့ အစ္စလာမ်ဘာသာဟာ ဆီနဲ့ရေလို တခြားစီဖြစ်နေတာကို တွေ့ရှိလာတယ်။ ဒီတော့ အစ္စလာမ်ဘာသာဝင် ယောကျ်ားနဲ့ လက်မထပ်ဖြစ်ကြတော့ပါဘူး တဲ့'။

'ဘယ်လို ကွာခြားသလဲ ကိုဘထွန်း၊ ဆိုစမ်းပါဦးတော့'။

'အေးကွာ။ နားလည်အောင်ပြောရမယ် ဆိုရင်တော့ ဗုဒ္ဓဘာသာဝင်တွေက သက်ရှိသတ္တဝါတိုင်းကို မသတ်ကြရဘူး။ သတ်ရင် ပါဏာတိပါတကံ အပြစ်ရှိတယ်။ အစ္စလာမ်ဘာသာဝင်တွေက သက်ရှိသတ္တဝါတွေကို သတ်ဖြတ်ပြီးမှ စားသောက်ကြရတယ်။ လည်လှီးသားမှ စားကြရမယ်။ ကလေးလူကြီး မိန်းမယောကျ်ားတွေအားလုံးကို သတ်ရဲဖြတ်ရဲအောင် သင်တန်းပို့ချပေးရသေးသတဲ့။ အဲဒါ ကွာခြားချက်ပါပဲ။ ပြီးတော့ တစ်ခုပြော ရဦးမယ်။ ဒီနေရာမှာ မလှသီကိုပဲ မေးရဦးမယ်'။

'မေးလေ၊ ဘာမေးမလဲ'။

'ဒီလိုလေကွာ။ မလှသီအပြင် ကိုဘထွန်း နောက်မိန်းမတစ်ယောက်ကို ထပ်ယူမယ်ဆိုရင် မလှသီ သဘောတူမလား'

'ဒါကတော့ ကိုဘထွန်းရယ်။ မုန့်ကိုသာဝေစားမယ်ပေါ့၊ ကိုယ့်လင်ကိုတော့ ဘယ်မိန်းမကိုမှ မပေးနိုင်ပါဘူးတော်'

'အေး. . မလှသီရေ။ တို့ဗုဒ္ဓဘာသာဝင် မိန်းမ၊ ယောကျ်ားတွေ

ဟာ များသောအားဖြင့်တော့ တစ်လင်တစ်မယားချည်းပါပဲ။ လင်တစ်ယောက် မယားတစ်ယောက်ပေါ့ကွာ။ မြတ်စွာဘုရား ပညတ်တော်မူထားခဲ့တဲ့ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် ရှိတယ်မဟုတ်လား။ အဲဒီသိက္ခာပုဒ်ကို အိမ်ထောင်ရေး သာယာအောင် မြတ်စွာဘုရား ပညတ်တော်မူခဲ့ခြင်းပဲဖြစ်တယ်လေ။ တစ်လင်တစ် မယားစနစ်၊ အိမ်ထောင်ရေး သာယာဖို့ကို ရည်ရွယ်ပြီး ပညတ်တော်မူခဲ့တဲ့ သိက္ခာပုဒ်ပါပဲကွာ။

သူတို့အစ္စလာမ်ဘာသာဝင်တွေက တရားဝင် မယား (၄) ယောက် အထိယူနိုင်တယ်။ ကွေ့းနိုင်၊ မွေးနိုင်တယ်။ ပြီးတော့ မယားကြီးတွေက သဘောတူတယ်ဆိုရင် ကြိုက်သလောက်ယူနိုင်သတဲ့လေ။ အစ္စလာမ်ဘာသာရဲ့အမှန်တော့ မိုဟာမွက်ဟာ မယားပေါင်း ၆၁ ယောက်တောင်ရှိသတဲ့ မိန်းမရေ။ (၄၂) ယောက်မြောက်ဖြစ်တဲ့ မယားကလေးရဲ့အသက်က (၉)နှစ်ပဲရှိသေးသတဲ့'။

'ကိုဘထွန်းရယ်၊ (၉)နှစ်သမီးဆိုတာ ဟုတ်ရဲ့လားတော်၊ မဖြစ်နိုင်ပါဘူးတော်'

'အေး. . . မင်းကသာ မဖြစ်နိုင်ပါဘူး ပြောနေတာ၊ အခု ကိုဘထွန်း ပြောနေတာဟာ တရားဝင်အစ္စလာမ်မစ်( )များမှာ ပါတယ်ကွ။ ကဲကွာ. . ထားလိုက်ပါတော့။ ခုနစကားပြန်ဆက်ရဦးမယ်။ မိန်းမတွေကတော့ အခြားယောက်ျားနဲ့ မဖောက်ပြန်ရဘူးတဲ့။ ဖောက်ပြန်တယ်ဆိုရင် လည်လှီးသတ်ဖြတ် ကြရမယ်တဲ့၊ ခဲနဲ့ပိုင်းပြီး ပစ်သတ်ကြရတယ်တဲ့။ ဒါဟာ သူတို့အစ္စလာမ်ဘာသာဝင်တွေရဲ့ ဥပဒေပဲကွ။ အဲဒီအကြောင်းတွေကြောင့်-ကွာခြားတယ်လို့ ကိုဘထွန်းပြောတာလေကွယ်'။

'ဒါတော့လည်း ဘယ်တရားမလဲ ကိုဘထွန်းရယ်။ သူတို့

ယောကျ်ားတွေကျတော့ မိန်းမကိုကြိုက်သလောက်ယူနိုင်တယ်။ ကျွန်မတို့ မိန်းကလေးတွေကျတော့ ယောကျ်ားတစ်ယောက်ပဲ ယူရမယ်။ အခြားယောကျ်ားနဲ့ ဖောက်ပြန်တယ်ဆိုရင် သတ်ပစ်ခံရမယ်ဆိုတာ တရားပါ့မလားတော်'။

'တရားသလား၊ မတရားဘူးလားတော့ မသိဘူး။ မင်းတို့ မိန်းမတွေ မိမိအသိဉာဏ်နဲ့သာ ဆုံးဖြတ်ကြည့်ကြပေတော့ဗျာ'။

'ဒီလိုဆိုရင် နိုင်ငံတကာလူ့အခွင့်အရေးသမားတွေက မကန့်ကွက်ကြဘူးလား ကိုဘထွန်း'။

'အေး . . . ဟုတ်တယ်။ မလှသီပြောတဲ့သဘောပါပဲကွာ။ အစ္စလာမ်ဘာသာကို သေသေချာချာ လေ့လာသင်ယူစဉ်းစားပြီး မိမိယူထားတဲ့ဘာသာနဲ့ သေသေချာချာနှိုင်း ယှဉ်ကြည့်ပြီးမှ ဘာသာပြောင်းခွင့်ပေးတယ်လို့ပဲ ဆိုတယ်လေ။

အဲဒီဥပဒေရှိထားတော့ စက်ာပူအမျိုးသမီးများဟာ အစ္စလာမ်ဘာသာဝင်ယောကျ်ားနဲ့ လက်မထပ်ကြတော့ဘူးတဲ့ကွာ။ စက်ာပူအမျိုးသမီးများဟာ သူတို့နိုင်ငံရဲ့ဥပဒေကို လေးစားကြသတဲ့ မလှသီရေ။ တို့မြန်မာဗုဒ္ဓဘာသာအမျိုးသမီးများနဲ့တော့ ကွာပါ့ကွာ'။

'ဒီလိုတော့လည်း မပြောသင့်ပါဘူး ကိုဘထွန်းရယ်၊ မလိုက်နာမလေးစားကြတဲ့ အမျိုးသမီးများရှိသလို လိုက်နာလေးစားတဲ့ အမျိုးသမီးများလည်း ရှိကြပါသေးတယ်'

'အေးပါကွာ။ လိုက်နာလေးစားကြတဲ့ အမျိုးသမီးတွေ များသည်ထက်များများကြီး ပေါ်ပေါက်လာကြပါစေလို့ ကိုဘထွန်းဆုတောင်းပါတယ်။ သတိရတုန်း စက်ာပူသမ္မတကြီး လီကွမ်းယု ပြောခဲ့တဲ့ စကားတစ်ခွန်း ပြောဦးမယ်နော်'။

'ပြောလေ ကိုဘထွန်း။ လီကွမ်းယုက ဘယ်လိုပြောခဲ့သလဲ'။

'ဆော်ဒီတွေက သူတို့မွတ်ဆလင်တွေကို မူရင်းအစ္စလာမ် အတိုင်းပဲ ရှိနေစေချင်တာ၊ တော်ဝင်မိသားစုက အမြဲတမ်း ထိပ်မှာ ရှိနေရမယ်။ ဆော်ဒီဘုရင်ရဲ့ ဝါဟာဘီခေါင်း ဆောင်တွေကြားမှာ သဘောတူထားတာ တစ်ခုရှိတယ်။ ဒါက ဆော်ဒီဘုရင်က သူတို့နဲ့ သူတို့ဘာသာရေးလုပ်ဆောင်ချက်တွေကို ထောက်ပံ့မယ်။

ဘာသာရေးခေါင်းဆောင်တွေက တော်ဝင်မိသားစုကို ပြန်ပြီး ထောက်ပံ့ပေးရမယ်။ ဒီခေတ်စကားနဲ့ပြောရရင် ဒါက အာဏာမျှဝေ ယူထားတာပဲ။ တော်ဝင်မိသားစုများက ကြွယ်ဝမှုအားလုံးကို ထိန်းချုပ်ထားတာရယ်လို့ပဲဖြစ်တယ်လေ။ (လီကွမ်းယူ၊ စာ-၂၂၂)

'ဩော်. . . တော်ဝင်မိသားစုအာဏာရှင်များကို အစ္စလာမ် ဘာသာဝင်ခေါင်းဆောင်တွေက ချုပ်ကိုင်ထားတယ်လို့ ဆိုတာပေါ့ နော် ကိုဘထွန်း'။

'ဟုတ်ပါ့ဗျာ။ ဟုတ်ပါ့။ ဟုတ်ပါ့။ တစ်ခုပြောဦးမယ်လေ။ အဲဒီ ဆော်ဒီနိုင်ငံဆိုတာက အစ္စလာမ်ဘာသာဝင်များသာ နေထိုင်ကြတဲ့ နိုင်ငံဖြစ်တယ်လေ။ ဘာသာရေးပြဿနာတစ်ခုမှ မဖြစ်ဘူးတဲ့။ အခြားဘာသာဝင်တွေကိုလည်း သူတို့နိုင်ငံထဲ အဝင်မခံဘူးတဲ့။ဗုဒ္ဓ ဘာသာဘုန်းကြီးတွေ၊ ခရစ်ယာန်ဘုန်းကြီးတွေဆိုရင် လေဆိပ်ကနေ အကုန်ပြန်လွှတ်တော့တာပဲတဲ့။ ဒီထိအောင် သူတို့အာဏာ သက်ရောက်တာကွာ။ ဒါကျတော့ မည်သည့်အခွင့်အရေး တောင်း ဆိုသူများက လူ့အခွင့်အရေးတွေကို ချိုးဖောက်တယ်လို့ ဘယ်သူကမှ မပြောကြဘူးလေ'

'ဒါကတော့ သူ့နိုင်ငံနှင့် သူ့ဥပဒေအ တိုင်းပေါ့ ကိုဘထွန်းရယ်'

'အဲဒါကြောင့် ပြောတာပေါ့ကွာ။ တို့မြန်မာနိုင်ငံမှာလည်း တို့တိုင်းပြည် အာဏာ ပိုင်အဖွဲ့အစည်းတွေက ကိုယ့်နိုင်ငံ၊ကိုယ့်တိုင်းပြည်၊ ကိုယ့်ဥပဒေပေါ့ကွာ။ ဗုဒ္ဓဘာသာနိုင်ငံတော်ပဲဟာ။ နိုင်ငံတော်ဘာသာ အဖြစ် သတ်မှတ်ပေးခဲ့တာ (၅၂)နှစ်တောင် ရှိပြီလေ'။

'အေး . . . တော်။ ဗုဒ္ဓဘာသာကို နိုင် ငံတော် ဘာသာအဖြစ် ဥပဒေပြဋ္ဌာန်းထားခဲ့တာ ကျွန်မတော့ မသိပါဘူး။ ဝါခေါင်လပြည့်နေ့ကမှ သိခဲ့ရတယ်လေ'။

'အေးပါကွာ။ မသိကြတဲ့သူတွေ များကြပါတယ်။ ခေတ်အဆက်ဆက်က မသိအောင် ထားခဲ့ကြတာလေ။ အဲဒါ ခေတ်အဆက်ဆက်က အာဏာယူခဲ့ကြတဲ့သူတွေရဲ့ တာဝန်တွေပဲပေါ့။ စင်္ကာပူနိုင်ငံ သမ္မတကြီး လီကွမ်ယူနှင့် ကွာမှကွာပဲဟော့'။

'ဟုတ်ပ့ါတော်။ ကဲ. . ကဲ ကိုဘထွန်း၊ (၁၁)နာရီထိုးတော့မယ်။ ကျွန်မတို့စကား ဝိုင်းရပ်လိုက်ကြရအောင်လေ'။

'နေဦးကွ။ မြန်မာနိုင်ငံက ဆရာတော်ကြီးများ ဦးဆောင်တော်မူကြပြီး အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ကြီးကလည်း စင်္ကာပူနိုင်ငံရဲ့ဥပဒေကို အခြေခံထားပြီး မြန်မာနိုင်ငံမှာလည်း ဥပဒေပြဋ္ဌာန်းပေးဖို့ လွှတ်တော်ကို တရားဝင်တင်ပြတောင်းဆိုထားကြခြင်း ဖြစ်တယ်လေ။ လူ့အခွင့်အရေးကို ဥပဒေနဲ့ ထိန်းသိမ်းကာကွယ်ပေးရမယ်ဆိုတဲ့ စကားအတိုင်းပဲပေါ့ မလှသီရယ်'။

ကိုဘထွန်းတို့ လင်မယား စကားဝိုင်းသည် ည(၁၁)နာရီထိုးသံကြားရပြီဖြစ်သဖြင့် အဆုံးသတ်လိုက်ကြပေပြီ။

----

'သမီးကြီးရေ. .။ မနက်ဖြန် ထမင်းချိုင့် စောစောပြင်ထား၊ အဖေ့ကျောင်းမှာ မနက်ပိုင်း ကျောင်းကော်မတီတွေနဲ့ အစည်းအဝေး

လုပ်စရာရှိတယ်။ ကျောင်းအတွက် (၁၇)သိန်းကျော်လောက် မြို့နယ်ကပေးမယ် ဆိုလားကွယ်။ အစည်းအဝေးကျမှ အသေးစိတ်သိရလိမ့်မယ်'။

'ဟုတ်ကဲ့ ဖေဖေ။ သမီး မနက်စောစောထ ထမင်းချက်ပြီး အဆင်သင့်လုပ်ထားပါ့မယ်'။

ကိုဘထွန်းတို့သားအဖနှစ်ယောက်သည် ညနေထမင်းစားအပြီးတွင် အထက်ပါအတိုင်း ပြောဆိုနေကြခြင်းဖြစ်ပါသည်။ ကိုဘထွန်းသည် ပညာရေးမှူးရုံးသို့ ကိစ္စရှိသဖြင့် ဇနီးဖြစ်သူ မလှသီအား ပြောဆိုပြီး သွားခဲ့လေပြီ။ ပညာရေးမှူးရုံးတွင် စကားများပြောဆိုပြီးနောက် လ္ဘက်ရည်ဆိုင်သို့ လှည့်ဝင်ခဲ့သည်။ ပြီး အိမ်သို့ပြန်လာခဲ့ပြီး စာဖတ်ခန်းသို့ ဝင်၍ စာဖတ်နေပေသည်။

'ကဲ . . မလှသီရေ။ (၉)နာရီထိုးတော့မယ်။ တို့စကားဝိုင်းစလိုက်ကြရအောင်'။

'ရပါပြီ။ ကျမတို့လည်း ဆိုင်ပိတ်ပြီးပါပြီ။ ဒီမှာ ကျုံပျော်ဟာလဝါလေး စားလိုက်ဦးလေ'။

'မင်းကလည်း ပုသိမ်ဟာလဝါပါကွာ'။

'မဟုတ်ဘူးတော့။ ကျုံပျော်မှာလည်း ဟာလဝါထွက်နေပြီ။ ဒီမှာ သူ့ဗူးလေ'။

'အေးအေး ဟုတ်သားပဲ။ မင်းက တယ်အဆက်အသွယ်ကောင်းပါလား။ ဘယ်ကဝယ်လာခဲ့တာလဲ'။

'ဝယ်တာမဟုတ်ပါဘူး။ ကျုံပျော်က သူငယ်ချင်း မမြင့်ကြည်လာရင်းနဲ့ လက်ဆောင်ဝယ်လာတာပါ'။

'အေးကွာ. . အရသာကတော့ ပုသိမ်ဟာလဝါနဲ့မကွာပါဘူး။

ကောင်းသားပဲ'။

'ကဲကဲ. တို့များ ဒီကနေ့ည ကိုဘထွန်းစောစောက လွှက်ရည်ဆိုင်မှာ အင်တာနက်ကြည့်ခဲ့တယ်။ အဲဒီအကြောင်းကနေစကြရအောင်'။

'ဆိုစမ်းပါဦးတော့။ ရှင့်အင်တာနက်အကြောင်း'။

'အေးကွာ. .။ စိတ်မကောင်းစရာပဲ မလှသီရေ။ အစ္စလာမ်ဘာသာဝင်များသာ နေထိုင်ခွင့်ရနေကြတဲ့ ဆော်ဒီနိုင်ငံမှာ မိသားစုတစ်စုလုံး သတ်ဖြတ်ခံရတဲ့ သတင်းပါပဲကွာ'။

'သတင်း ဆိုစမ်းပါဦးတော့'။

'မြန်မာနိုင်ငံက ဆော်ဒီနိုင်ငံမှာသွားရောက်နေထိုင်ကြတဲ့မိသားစုတစ်စုလုံးဟာ ဥပစ္ဆေဒက သေခြင်းဆိုးနဲ့ သေဆုံးခဲ့ကြရတယ်လေ။ လင်ယောကျ်ားဖြစ်သူက အသက်ကြီးပြီ။ သူ့ဇနီးမယားကအသက်(၃၀)ကျော် လောက်ပဲရှိသေးတယ်။ အစ္စလာမ်ဘာသာဝင်ချည်းပါပဲ။ အဲဒါ အဖိုးကြီးက သူသေခါနီးပြီး သူ့မယားကိုရောသားသမီးတွေကိုပါ အကုန်လုံး လည်လှီးသတ်ဖြတ်လိုက်တယ်လေ။ ပြီးတော့ သူ့ကိုယ်သူလည်း လည်လှီးသတ်လိုက်တယ်လေကွာ'။

'ကိုဘထွန်းရယ်။ ရက်စက်လိုက်တဲ့အ ဘိုးကြီး၊ ကျမတို့တော့ သားသမီးတွေကို သတ်ဖို့နေနေသာသာ ရိုက်ပင်မရိုက်ခဲ့ဖူးပါဘူးတော်။ အဲဒီလူကြီးဟာ မကောင်းဆိုးဝါးများ ကပ်ရှာနေသလားတော့'။

'မကောင်းဆိုးဝါး ကပ်ရှာနေတာတွေ မဟုတ်နိုင်ပါဘူး။ မကောင်းဆိုးဝါးတဲ့ ကံရဲ့အကျိုးက သူ့နောက်ကို လိုက်ပါနေတယ်လို့ပဲ ဆိုရမှာဖြစ်တယ်လေ'။

"ရှင့်စကားကလည်း ကျမနားမရှင်းဘူး ကိုဘထွန်း။ ရှင်းပြစမ်းပါဦးတော်'။

'ဒီလိုလေကွာ။ အဲဒီအဘိုးကြီးကမသေခင်က အကုသိုလ်ဒုစရိုက်တွေ အကြီးအကျယ် ပြုလုပ်နေသူတစ်ဦးလို့ဆိုရင် ဖြစ်နိုင်တယ်လေ။ သူတို့ရဲ့အလုပ်ကတော့ ကျွဲသတ်၊ နွားသတ်၊ ဆိတ်သတ်အလုပ်ပဲဖြစ်နိုင်တယ်။ အဲဒီလိုသတ်တဲ့အခါမှာလည်း ကျွဲနွား ဆိတ်မိသားစုတွေအားလုံးကို လည်လှီးသတ်ဖြတ်ခဲ့တာ ချည်းများပါတယ်။ အဲဒီအကုသိုလ်ကံရဲ့အကျိုးက သူ့နောက်ကို ထပ်ချပ်မကွာလိုက်ပါသွားတယ်လို့ပဲ ကိုဘထွန်းပြောချင်တယ်။ ကျွဲ နွား ဆိတ်သတ်တဲ့သူတွေဟာ ကျွဲတွေ နွားတွေဆိတ်တွေလို အော်ပြီးသေဆုံးခဲ့ကြ ရတယ်ကွာ။ ဝက်သတ်တဲ့သူတွေလည်း ဝက်လိုပဲ အော်သေကြရတာများပါတယ်။ တို့မြို့မှာကို အဲဒီအဖြစ်အပျက်တွေရှိနေတယ်လေ။ ဘယ့်နှယ် မလှသီ . . ကိုဘထွန်းပြောတာ သဘောပေါက်တယ်နော်'။

'အေးတော်။ အခုမှပဲ ကျမတော့ဖြင့် သဘောပေါက်တော့တယ်။ အတော်ကြောက်စရာကောင်းလိုက်တာ ကိုဘထွန်းရယ်'။

'အေးကွယ့်။ မလှသီလည်း ဟင်းရံဝယ်တဲ့အခါ အရှင်မဝယ်နဲ့နော်။ မသတ်နဲ့နော်။ စားတဲ့သူတွေကတော့ စားကြမှာပေါ့ကွာ။ သတ်တဲ့သူကတော့ တစ်ယောက်တည်း ခံရမှာလေ။ မလှသီတို့လို အိမ်ရှင်မတွေ အထူးသတိထားကြရမယ့် ကိစ္စပဲကွာ'။

'အေး. . တော်။ ကိုဘထွန်းပြောမှ သ တိရတယ်။ ကျွန်မတို့ကို အရှင်မဝယ်မှန်းသိတော့ ငါးရောင်းသူတွေက ကျမတို့ဝယ်မယ့် ငါးကို သတ်ပေးလိုက်တယ်တော့။ သူ့ဖာသာသူသတ်တာပဲ။ ကျမနဲ့မဆိုင်ပါဘူး'။

'မဟုတ်သေးဘူး မလှသီရေ။ တို့များ ကိုးကွယ်ဆည်းကပ်နေကြတဲ့ မြတ်စွာဘုရားက 'ကိုယ်တိုင်ပဲသတ်သတ်၊ သူတစ်ပါးကိုပဲ သတ်ခိုင်းသတ်ခိုင်း၊ သူတစ်ပါးသတ်တာကို ကြည့်ပြီး ဝမ်းသာနေတာပဲဖြစ်ဖြစ် အဲဒီလူတွေအားလုံးဟာ အကုသိုလ်အပြစ်အကျိုးဟာ အတူတူပဲတဲ့။ ငရဲမှာအားလုံးခံကြရမယ်' လို့ဟောခဲ့တယ်လေ'။

'အေးတော်။ ကျမတို့ကလည်း တရားနာတဲ့အခါ အသံကောင်းကောင်းနဲ့ဟောတဲ့တရားမျိုး၊ ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ ဟောတဲ့တရားမျိုးလောက်ကိုပဲ သဘောကျနေကြတာကိုး'။

'အေးကွာ။ ဒါတွေထားလိုက်တော့။ နောင်မဖြစ်အောင် သတိထားရှောင်ကြဉ်ပေတော့'။

'ဟုတ်ကဲ့ ကိုဘထွန်း။ ကျမတို့သတိထားပြီး ရှောင်ပါ့မယ်'။

'ကဲတို့များ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးဥပဒေအကြောင်း ဆက်ပြောကြရအောင်လေ'။

'အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ကြီးက လွှတ်တော်ကို တင်ပြထားတဲ့ အမျိုးစောင့်ဥပဒေအကြောင်း ဘာမှ မသိရသေးဘူးနော် ကိုဘထွန်း'။

'အေးကွာ။ မသိရသေးဘူး။ မကြာမီတော့ သိကြရမှာပါ။ ဆရာတော်ကြီးတွေလည်း ဒီကိစ္စနဲ့ အတော်အလုပ်များနေကြတယ်ကွ။ ဥပဒေပြဋ္ဌာန်းပေးဖို့ နေပြည်တော်မှာ ဆန္ဒထုတ်ဖော်ကြဖို့လည်း အစီအစဉ်ရှိပါသေးတယ်'။

'ကြည့်လုပ်ပါဦး ကိုဘထွန်းရယ်၊ တော်ကြာဆရာတော်ကြီးတွေ အဖမ်းခံနေကြရပါဦးမယ်'။

'ဘာဖြစ်လို့ အဖမ်းခံကြရမှာလဲ။ နိုင်ငံတော်အစိုးရဥပဒေနဲ့

ဆန့်ကျင်တာမှမဟုတ်တာ။ ဥပဒေအတိုင်း ခွင့်ပြုချက်ယူပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းသာ ဖြစ်တယ်လေ'။

'မသိပါဘူး . . တော်။ ကျမက အစိုးရကို ဆန့်ကျင်နေတာလားလို့'။

'အစိုးရကို ဆန့်ကျင်နေတာမဟုတ်ဘူး မလှသီရေ။ တို့များမြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်အုပ်ချုပ်နေကြတဲ့ အစိုးရမှန်သမျှတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့အုပ်ချုပ်သွားနိုင်ရေးအတွက် ရည်ရွယ်ပြီး ဆန္ဒဖော်ထုတ်ခြင်း၊ တောင်းဆိုနေကြခြင်းသာ ဖြစ်တယ်လေ။ မလှသီတို့ မိန်းကလေးတွေအတွက်ပါကွာ။ အတွေးအခေါ်မချော်ကြစေနဲ့နော်'။

'ဟုတ်တာပေါ့ ကိုဘထွန်းရယ်။ 'မချော်နဲ့ မချော်နဲ့ ချော်ရင်ကွဲတတ်တယ်'လို့ ဆိုတဲ့ ဆရာတော်ရဲ့ ဩဝါဒအရ အတွေးအခေါ်မချော်ကြဖို့ အရေးကြီးတာပေါ့'။

'တစ်ချို့မိန်းကလေးတွေ အဖွဲ့အစည်းတွေကတော့ လက်မခံကြဘူးလေ။ အချို့ဆိုရင် ခါးခါးသီးသီး ကန့်ကွက်နေကြတယ်လေ။ သူတို့ထက်ဆိုးတာက ဥပဒေပညာရှင်တွေ ကန့်ကွက်တာ ပိုဆိုးတာပေါ့ကွာ'။

'ကိုဘထွန်း ဥပဒေပညာရှင်တွေက ဘယ်လိုကန့်ကွက်ကြသလဲ'။

'အေးအေး ကိုဘထွန်း ပြောပြဦးမယ်။ မလှသီ နားထောင်နော်'။

'၅-၇-၂၀၁၃၊ ဘီဘီစီရဲ့ အမေးအဖြေခန်းကနေ မြန်မာနိုင်ငံက ရှေ့နေဦးအောင်ထူးက အမျိုးစောင့်ဥပဒေကို ကန့်ကွက်တယ်

လေ။ သူပြောတဲ့စကားက 'ယခု မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအရေးပေါ် ဥပဒေ(မူကြမ်း) ၏ အပိုဒ်-၄တွင် မိဘ(သို့) အုပ်ထိန်းသူ၏ စာဖြင့်ခွင့်ပြုချက်ကိုရယူရန် ဖော်ပြချက်မှာ ဥပဒေနှင့်မညီဘူး'တဲ့။ အကြောင်းပြတာကတော့ 'မြန်မာနိုင်ငံဥပဒေမှာ အရွယ်ရောက် ခြင်းဆိုင်ရာဥပဒေအရ အသက်(၁၈) နှစ်နဲ့ (၂၀)နှစ်တို့သည် အရွယ်ရောက်ပြီးဖြစ်တာမို့ ကာယကံရှင် အမျိုးသမီးရဲ့ ဆုံးဖြတ်လုပ်ကိုင်ခွင့်တို့ဟာလည်း အုပ်ထိန်းသူ မိဘတို့နဲ့ မသက်ဆိုင်တော့ဘူးတဲ့ဗျာ'။

'အေးတော်။ ရှင့်ဥပဒေပညာရှင်ကြီးက ဒီလိုကိုး။ မိဘတွေ အလကားဖြစ်ကုန်တာပေါ့တော်။ အမျိုးစောင့်ဥပဒေပညာရှင်ကြီးတွေကရော ဘယ်လိုဆိုကြလဲ'။

'မျိုးစောင့်ဥပဒေပညာရှင်ကြီး ဦးရဲခေါင်ညွန့်ကတော့ . . .

'ရှေ့နေ ဦးအောင်ထူးပြောတဲ့စကားဟာ ယခုမျိုးစောင့်ဥပဒေနဲ့ လုံးဝမသက်ဆိုင်ဘူး'တဲ့။ အဲဒီ The Majority Act အပိုဒ်-၂ ပြဋ္ဌာန်းချက်အရ ထင်ရှားပါတယ်'။

'ဆိုစမ်းပါဦး ကိုဘထွန်း'။

'အမျိုးစောင့်ဥပဒေအပိုဒ်-၂(က)မှာ 'လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာကိစ္စ၊ လင်မယားကွာရှင်းခြင်းကိစ္စ၊ ခန်းဝင်ပစ္စည်းကိစ္စ၊ မွေးစားခြင်းနှင့်ဆိုင်ရာကိစ္စတို့မှာလည်းကောင်း၊ (ခ) ဘာသာရေးဆိုင်ရာကိစ္စ၊ ဘာသာရေးဓလေ့ထုံးတမ်းအစဉ်အလာကိစ္စတို့မှာလည်းကောင်း အရွယ်ရောက်ခြင်းနှင့်ပတ်သက်တဲ့ အပိုင်းအခြားသတ်မှတ်မှုဟာ အဲဒီ ဥပဒေနဲ့ လုံးဝမပတ်သက်ဘူး'လို့ မသက်ဆိုင်ကြောင်းကို ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အရွယ်

ရောက်သူ အသက်ပြည့်မီခြင်းရှိ/မရှိကိစ္စတို့ မှာ The Majority Act အရွယ်ရောက်ခြင်း ဆိုင်ရာဥပဒေအရ သတ်မှတ်ခြင်းမပြုနိုင်ဘူးလို့ အထင်အရှားပြဋ္ဌာန်းထားခြင်းရှိနေပါလျက် ဘယ့်နှယ် ယခုလို ဘီဘီစီမှတစ်ဆင့် ရှေ့နေဦးအောင်ထူး ပြောဆိုလိုက်တာဟာ ဥပဒေနဲ့ လုံးဝဆန့်ကျင်နေတဲ့ ပြောဆိုမှုသာ ဖြစ်တယ်။

ဒါကြောင့် မိဘအုပ်ထိန်းသူများအနေနဲ့ မိမိတို့ရဲ့သားသမီးကို ထိမ်းမြားခွင့်ပြုခြင်း၊ မပြုခြင်းတို့မှာ မိဘအုပ်ထိန်းသူတို့ရဲ့ တာဝန်ဝတ္တရားဖြစ်တယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ ထိမ်းမြားလက်ထပ်လိုတဲ့သတို့သားရဲ့ အရည်အချင်း၊ အကျင့်စာရိတ္တ၊ အလုပ်အကိုင်၊ ကျန်းမာရေးကအစ မိဘအုပ်ထိန်းသူတို့အနေနဲ့ ဘက်စုံအောင် စုံစမ်းလေ့လာပြီးမှ ခွင့်ပြုချက်ပေး၊ မပေးကို ဆုံးဖြတ်ရန် အခွင့်အရေးနှင့်တာဝန်မှာ မိဘအုပ်ထိန်း သူတို့ရဲ့တာဝန်သာ ဖြစ်ပါတယ်။

သတို့သားအလောင်းဟာ မည်သည့်ဘာသာကိုးကွယ်သူဖြစ်တယ်၊ ဗုဒ္ဓဘာသာဝင် ဟုတ်၊မဟုတ်လို့ဆိုတဲ့ကိစ္စမှာ 'ကိုးကွယ်ရာဘာသာနှင့်ပတ်သက်ပြီး မှတ်ပုံတင်ဥပဒေ(မူကြမ်း)အရ နိုင်ငံတော်အစိုးရရဲ့ အဆုံးအ ဖြတ်ပေးမှုသာ ပြုလုပ်နိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့သမီးနှင့် သဘောတူ/မတူ ကိစ္စမှာ မိဘအုပ်ထိန်းသူတို့ရဲ့ကိစ္စဖြစ်တာကို သတိပြုကြရမှာဖြစ်ပါတယ်'လို့ ရှင်းပြထားတယ်လေ'။

'ဒီလိုဆိုတော့လည်း ရှင်းပါတယ် ကိုဘထွန်းရယ်'။

'အေးကွ၊ ဥပဒေပညာရှင် ဦးရဲခေါင်ညွန့် ပြောတာကို ဆက်ပြောဦးမယ်၊ သေသေချာချာနားထောင် မလှသီရေ'။

'ကျမ သေသေချာချာ နားထောင်နေတာပါ ကိုဘထွန်းရယ်၊

ပြောမှာသာ ပြောစမ်းပါတော်'။

"ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးချုပ်ရဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀) အပိုဒ်(၈)မှာ 'လက်ထပ်ထိမ်းမြားခြင်းဟာ လက်ထပ်ထိမ်းမြားသူများရဲ့ ကိုးကွယ် သည့် ဘာသာအပေါ် အခြေခံခြင်းဖြစ်တယ်'လို့ အထင် အရှား ညွှန်ပြထားတာ ရှိပါလျက်ကယ်နှင့် ထိမ်းမြားလက်ထပ်ခြင်းဟာ လူမှုရေးကိစ္စဖြစ်တဲ့အတွက် ဘာသာရေးနှင့်မပတ်သက်။ ဒါ့ကြောင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများဟာ လက်ထပ်ထိမ်းမြားခြင်းကိစ္စများမှာ ဝင်မပါကြပါနဲ့၊ ဘာသာရေးသက်သက်လုပ်ကြပါ' ရယ်လို့လည်း ကျယ်လောင်စွာ အော်ဟစ်လာကြတဲ့၊ အော်ဟစ်နေကြတဲ့၊ (အထူး သဖြင့်တော့) အမျိုးသမီးတို့ဘက်ကနေ ဝေဖန်ပြောဆိုနေတာဟာ အလွန်ပဲမှားယွင်းနေပါတယ်။

ပြည်ထောင်စုလွှတ်တော်ချုပ်နဲ့ ပြည်ထောင်စုတရားသူကြီး ချုပ်ရဲ့ ညွှန်ကြားချက်ကိုပင် ဆန့်ကျင်ပြီး ပြောဆိုရာရောက်နေလို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုပင် မထီမဲ့မြင်ပြုရာ ရောက်နေ ပါတယ်လို့ ဆိုတယ် မလှသီရဲ့။ နောက်ပြီး ဥပဒေမူကြမ်း အပိုဒ် ၂ မှာ ပြောထားတာလေးကိုလည်း ကိုဘထွန်း ဆက်ပြောဦးမယ်ကွာ"

"ပြောပါတော်၊ စိတ်ချ။ ကျုမနား ထောင်နေပါတယ်"

"အဲဒီဥပဒေမူကြမ်း အပိုဒ်(၂)မှာ ဖော်ပြထားတာဟာ အလွန် ကောင်းတယ်ကွာ့။ အဲဒီ ဥပဒေ(မူကြမ်း)ဟာ ဘာသာခြားနှင့်တရားမဝင် လက်ထပ်တဲ့ မည်သည့်ဗုဒ္ဓဘာသာဝင် အမျိုးသမီးကိုမျှ အရေးယူရန်၊ အပြစ်ပေးရန် ဖော်ပြထားတဲ့ ပြဋ္ဌာန်းချက်များ လုံးဝမပါ ရှိပါဘူး။ အဲဒီဥပဒေ(မူကြမ်း)မှာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ဘာသာခြားက

ဗုဒ္ဓဘာသာဝင်အဖြစ်သို့ တရားဝင်ကူးပြောင်းခြင်းမရှိဘဲ မြန်မာအမျိုးသမီးကို လက်ထပ်ပေါင်းသင်းရင်၊ ထိမ်းမြားခြင်းပြုရင် (လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံရင်) အဲဒီယောကျ်ားကို အရေးယူအပြစ်ပေးရန်သာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

မည်သည့်အမျိုးသမီးကိုမျှ အရေးယူရန်မရှိပါဘူး။ ဒါ့ကြောင့် အမျိုးသမီးဟာ နစ်နာစရာမရှိတဲ့အပြင် အမျိုးသမီးထုကို ဖိနှိပ်ချုပ်ချယ်ရာလည်း မရောက်ဘူးဆိုတာ ထင်ရှားပါတယ်။ အဲဒီဥပဒေ(မူကြမ်း)နှင့် ပူးတွဲတင်ပြထားတဲ့ ကိုးကွယ်ရာဘာသာနှင့် ပတ်သက်ပြီးမှတ်ပုံတင်ဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်အရ မည်သည့်အမျိုးသမီးမဆို မိမိကိုးကွယ်ရာဘာသာသို့ ကူးပြောင်းပြီး မိမိ နှစ်သက်ရာယောကျ်ားကို အဲဒီဘာသာပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိတ်ကြိုက်လွတ်လပ်စွာ လက်ထပ်ပေါင်းသင်းယူနိုင်ကြပါတယ်။ မည်သို့မျှ ချုပ်ချယ်ထားခြင်းမရှိပါဘူးလို့ ပြထားတယ်လေ။

ဘာဖြစ်လို့ ဒီလိုရှင်းပြတာလဲဆိုရင်တော့ 'မျိုးစောင့်ဥပဒေ(မူကြမ်း)ဟာ အမျိုးသမီးတစ်ရပ်လုံးကို ဖိနှိပ်ချုပ်ချယ်ခြင်း၊ အမျိုးသမီးများရဲ့ အခွင့်အရေးကို ပိတ်ပင် ခြင်းမျိုးသာဖြစ်တယ်'လို့ဆိုတဲ့ အချို့အချို့သောအမျိုးသမီးများ၊အမျိုးသမီးအဖွဲ့အစည်းများရဲ့ ပြောဆိုကန့်ကွက်မှုများကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီအမျိုးသမီးများရဲ့ကန့်ကွက်မှုများဟာလည်း လုံးဝအခြေအမြစ်မရှိကြပါဘူး။ မျိုးစောင့်ဥပဒေ(မူကြမ်း)ကိုပင် သေချာစွာဖတ်ရှုလေ့လာခြင်းမရှိဘဲ ဝေဖန်ပြော ဆိုနေကြခြင်းသာဖြစ်ပါတယ်တဲ့။

ပြီးတော့ မျိုးစောင့်ရှေ့နေကြီး ဦးရဲခေါင်ညွန့်က 'ဒီကနေ့မြန်မာနိုင်ငံမှာ အရည်အချင်းပြည့်မီတဲ့၊ ကျန်းမာသန်စွမ်းတဲ့၊

မိကောင်းဖခင်သားသမီးများဖြစ်ကြတဲ့ မြန်မာတိုင်းရင်းသားအားလုံး ပါဝင်တဲ့ ဗုဒ္ဓဘာသာလူတော်လူကောင်း ယောကျ်ားကလေးများ မြောက်များစွာ သန်းချီပြီးရှိနေပါတယ်’လို့လည်း ပြောဆိုခဲ့ပါ သေးတယ်။

“ဥပဒေပညာရှင်ကြီး ဦးရဲခေါင်ညွှန့်က မြန်မာနိုင်ငံမှာ ဗုဒ္ဓ ဘာသာဝင်လူတော်လူကောင်းယောကျ်ားပီသတဲ့ ယောကျ်ား ကောင်း ယောကျ်ားမြတ်တွေ အများကြီးရှိနေတယ်၊ လင်ကောင်း လင်မြတ် လိုချင်ကြတဲ့အမျိုးသမီးများအတွက် ကြော်ငြာပေးလိုက်တာ ပေ့ါနော် ကိုဘထွန်း”

“အေးကွာ့။ မလှသီပြောသလိုပဲ ပြောရ မလားမသိပါဘူးကွာ။ ရှေ့နေကြီးကတော့ မာန်ပါပါနှင့် ပြောလိုက်တဲ့စကားပါပဲကွာ”

“ကဲ-ကိုဘထွန်းရေ့ သတိရတုန်းမေးရဦးမယ်။ မျိုးစောင့်ဥပဒေ ပညာရှင်ကြီး ဦးရဲခေါင်ညွှန့်က ဘယ်ပါတီဝင်လဲ၊ ရှင်သိလား”

“ဘယ်ပါတီဝင်မှ မဟုတ်ပါဘူးကွာ။ တစ်ခုတော့ရှိတယ်။ အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေး အဖွဲ့ထဲမှာတော့ ဥပဒေ ပိုင်းဆိုင်ရာ လူပုဂ္ဂိုလ်တွေထဲမှာတော့ အဓိကပါဝင်နေတဲ့ ဥပဒေ ပညာရှင်ကြီး တစ်ယောက်ပါပဲ။ သာမညပုဂ္ဂိုလ်ကြီးတော့ မဟုတ်ဘူး လေ။ သူ့ရဲ့အဖေက မြန်မာစစ်စစ် မဟာသ ရေစည်သူဦးချမ်းသာတဲ့ ကွာ့။ စသုံးလုံးအဖွဲ့ ကြီးရဲ့ဥက္ကဋ္ဌတဲ့။ ပြီးတော့စာရေးဆရာလက်ျာ စံထားတဲ့ကွာ။ လက်ျာစံထားက ‘လူ့ဂုဏ်ရည်’ လို့ဆိုတဲ့ စာအုပ်ထုတ်ခဲ့ ဖူးတယ်။ (၁၉၅၆) ခုနှစ်ကဖြစ်တယ်လေ။ တကယ့်ကိုအမြော် အမြင်ကြီးမားတော်မူတဲ့ စာရေးဆရာကြီး ဥပဒေပညာရှင်ကြီး တစ်ယောက်ပါပဲ။ ဦးရဲခေါင်ညွှန့်ကလည်း ဖအေတူသားတစ်ယောက်

ပဲကွ့ာ။ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် အပြည့်အဝရှိနေကြတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ”

“ကိုဘထွန်း ဦးချမ်းသာရေးတဲ့ လူ့ဂုဏ်ရည်စာအုပ်ထဲမှာ ဘာတွေပါသလဲတော့၊ ဗဟုသုတအဖြစ် ပြောစမ်းပါဦးတော်”

“အေးကွာ ဒီတစ်ညတော့ထားလိုက်ပါဦး၊ မနက်ဖြန်ညကျမှ ပြောကြတာပေါ့။ အချိန်ကလည်း ည(၁၁)နာရီ ထိုးတော့မယ်လေ။ အနှစ်ချုပ်လောက်တော့ပြောပြီး ဒီညတို့များစကားဝိုင်းကို အဆုံးသတ်လိုက်ကြရအောင်။

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ နိုင်ငံသားစစ်စစ်များ အပေါ်အခြေခံပြီး နိုင်ငံစောင့်သိသူဖြစ်ဖို့၊ ဥပဒေအရ နိုင်ငံသား တိုင်းဟာ မိမိတို့ရဲ့အမိနိုင်ငံတော်ကြီး ကို(ဗိုလ်ချုပ်အောင်ဆန်း တို့လို) အသက်ပေး၍ ကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ဖို့စတဲ့ အကြောင်းများ ပါတယ်ပေါ့ကွာ။ ကဲကဲ၊ ဒီညတော့ (၁၁)နာထိုးပြီ၊ အဆုံးသတ်လိုက်ကြပါစို့”။

ကိုဘထွန်းတို့လင်မယားစကားဝိုင်းလည်း အဆုံးသတ်လိုက်ကြပေပြီတည်း. . .။

------

“ကဲ-ကိုဘထွန်း ရှင်ပြောတဲ့ မေတ္တာနှင့် သစ္စာတို့ ဘာစကားများကို ဆက်ပြောကြ သေးသလဲတော့။ ပြောပြစမ်းပါဦးတော်”

“အေးကွ့ာ၊ ဦးသစ္စာက ‘ဗျို့-ဦးမေတ္တာ ဘာသိချင်သေးသလဲ’ လို့မေးတယ်ကွ့ာ။ ဒီတော့ ဦးမေတ္တာက ‘လူနှင့်တိုင်းပြည်အကြောင်း သိချင်သေးတယ်ကွ့ာ’ လို့ပြောသတဲ့ လေ”

"ဦးမေတ္တာရေ 'လူနှင့်တိုင်းပြည်လို့ဆိုတဲ့ကိစ္စဟာ အလွန်ကျယ်ဝန်းတယ်။ ဥပမာ တိုင်းပြည်တစ်ခုတွင် စတုရန်းတစ်မိုင်မှာ လူဦးရေဘယ်လောက်ရှိမှကောင်းမယ်။ လူဦးရေနည်းလို့ရှိရင် ဘာကြောင့်နည်းရတယ်။ များအောင်လုပ်ရမယ်။ လူဦးရေများတိုင်းကော ကောင်းမလား။ တိုင်းပြည်က ကျွေးနိုင်မလား။ လူဦးရေများပြီးတော့ အနှစ်သာရမရှိတဲ့၊ ပညာမတတ်တဲ့သူများ ပေါများနေလျှင် ဘယ့်နှစ်လုပ်မလဲ။ အလုပ်လက်မဲ့ ပြဿနာ မပေါ်အောင် ဘယ်လိုလုပ်မလဲ။ အရည်အချင်းနှင့် အရေအတွက်မှာ ဘယ်သင်းကပိုပြီး အရေးကြီးသလဲ။ ဖွားသေကိစ္စမှာ ဖွားတာကများသလား။ သေတာက များသလား။ သေတာကများရင်လည်း လူ့ရဲ့ သက်တမ်းဟာ ရှည်/မရှည်။ ပိန်ချည့် ချည့်၊ ချည့်နဲ့နဲ့၊ လူ့ဘိန်းစား၊ လူငှက်ဖျား၊ လူပျိုနာသမားတွေများရင်လည်း မဟန်ဘူးပေါ့။

အသက်တမ်းရှည်ပြန်တာကလည်း လူ တစ်ယောက်ယောက်ဟာ ဘယ်လောက်အထိသာ တိုင်းပြည်အတွက်အသုံးချလို့ရတယ်။ ရှိတဲ့လူဦးရေဟာ စုနေတာကောင်းသလား။ ဖြန့်နေတာကောင်းသလား။ စုနေရင် ဘယ် လိုအလုပ်အကိုင်မျိုးနှင့် တော်မယ်။ ကွဲပြားနေရင် ဘယ်လိုစုရုံးလို့လွယ်ကူအောင်လုပ်မယ်။ တိုင်းပြည်မှာ လိုအပ်တဲ့ အလုပ်တွေမှာ လူတွေကို ဘယ်လိုမျှတအောင်၊ ဘယ်လိုအချိုးအစားကျအောင်သုံးမှ အကျိုးအများဆုံး ဖြစ်ထွန်းမလဲ။ လိုတဲ့နေရာမှာမလိုရအောင် မပိုသင့်တဲ့နေရာမှာ မပိုရအောင် ဘယ်လိုလုပ်မယ်စသဖြင့် တိုင်းပြည်နှင့်လူဦးရေနှင့် ပတ်သက်တဲ့ ပြဿနာအရပ်ရပ်တွေဟာ အလွန်ပဲများပြားတယ်။ ဒီတော့ တိုင်းပြည်နှင့်လူဆိုတဲ့ကိစ္စဟာ တိုတိုလေးပြောလို့၊ လွယ်လွယ်လေးပြောလို့ မရနိုင်

ဘူး။ မဖြစ်နိုင်ဘူး။ တိုင်းပြည်တစ်ခုရဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ပတ်ဝန်းကျင်အခြေအနေနှင့် ချင့်ချိန်ပြောမှဖြစ်တယ်'လို့ ဦးသစ္စာက ပြော တယ်လေကွာ"

"ဟုတ်တာပေါ့တော့၊ လူအကြောင်း၊ တိုင်းပြည်အကြောင်း ပြောရင် ဘယ်ဆုံးနိုင် တော့မလဲ"

"အေးလေကွာ၊ မဆုံးနိုင်ပေမယ့် ဆရာကြီးတွေပြောခဲ့တဲ့ စကားများကို ဗဟုသုတအဖြစ်နဲ့ ဆက်ပြောဦးမယ်နော်"

"ကောင်းတာပေါ့တော်၊ ဗဟုသုတရကြတာပေါ့"

"ဦးမေတ္တာက 'သစ္စာရေ အခြားနိုင်ငံအကြောင်း မပြောပါနဲ့ တော့ကွာ။ ငါ့မှာ လည်း ကိစ္စတစ်ခုနှင့် သွားစရာရှိလို့ အချိန် များများ မရှိဘူးကွ။ ရာဇဝင်အကြောင်းလည်း ခဏထားပါဦးကွာ။ လူနှင့် တိုင်းပြည်ဆိုတဲ့ကိစ္စကို တို့ပြည်ထောင်စုနဲ့ပတ်သက်ပြီး တိုတို တုတ်တုတ် မင်းသဘောအရ ပြောစမ်းပါဦးကွာ'လို့ ဦးသစ္စာကို ပြောသတဲ့ မလှသီရေ"

"ဒီတော့ ဦးသစ္စာက ဘယ်လိုပြန်ပြော သလဲကိုဘထွန်း"

"ဦးမေတ္တာရေ ကျုပ်ဦးသစ္စာရဲ့ သဘောအရတော့ ပြည်ထောင် စုမြန်မာနိုင်ငံဟာ လွတ်လပ်တဲ့လူမျိုး၊ လွတ်လပ်တဲ့တိုင်း ပြည်အနေ နှင့် အထက်တန်းကျကျ ခိုင်ခိုင်ခန့်ခန့် တည်တံ့ရေး အတွက်လည်း ကောင်း၊ ဘေးအန္တရာယ်တို့ကို ကာဆီးနိုင်ရေးအတွက်လည်း ကောင်း။ တိုင်းပြည်အတွက် ဝန်မလေးဘဲ ကျွေးမွေးနိုင်တယ်လို့ ထင်ရတဲ့ အကောင်းဆုံး (Ideal) လူဦးရေကတော့ သန်းပေါင်း (၈၀)နှင့် (၁၀၀) လောက်ကြားမှာ ရှိရမယ်။

များလွန်းအားကြီးလျှင်လည်း ကျွေးရတဲ့ပြဿနာ၊ အလုပ်

လက်မဲ့ ပြဿနာပေါ်လာမယ်။ နည်းလွန်းပြန်ရင်လည်း လုံခြုံရေး ပြဿနာပေါ် ပေါက်လာတတ်တယ်။ ဝန်နှင့်အား၊ မြားနှင့်လေး ဆိုသလိုမျှမှ ကြာရှည် ကောင်းမယ်။ မမျှဘဲ နည်းရင်လည်း မကောင်းဘူး။ များရင်လည်း မကောင်းဘူးပေါ့။ သန်းပေါင်း (၈၀) ဆိုတဲ့ လူတွေ တလည်း ဗလငါးတန်နှင့် ပြည့်စုံတဲ့လူသားတွေကိုသာ ဆိုလိုသည်။

လူ့တန်ဖိုးမရှိ လူဗာလတွေများရင် သန်းပေါင်း (၈၀)မက လို့ သန်းပေါင်း (၈၀၀) ရှိလည်း အလကားပဲ။ လူ့တန်ဖိုးများတဲ့ နိုင်ငံက လူဗာလများတဲ့ လူ့တန်ဖိုးနည်းတဲ့တိုင်း ပြည်ကို စိုးမိုး အုပ်ချုပ်ခဲ့တာတွေ ရာဇဝင်မှာ အထင်အရှားပဲ။ ကမ္ဘာမှာစကားပြောနေတာ အားနှစ်ခုနှင့် စကားပြောကြတယ်ဗျ-

(၁) တိုင်းပြည်ရဲ့ပစ္စည်းအင်အား၊

(၂) တိုင်းပြည်ရဲ့ လူအင်အား ဒီအား နှစ်ပါးဟာ အဓိကပဲ။

ပစ္စည်းအင်အားမှာလည်း အခုခေတ်မှာ စက်မှုလက်မှုဟာ အရေးကြီးတဲ့အင်အား တစ်ခုပဲ။ လူမျိုးအင်အားမှာလည်း လူ့တန်ဖိုးများတဲ့ လူဦးရေများတဲ့နိုင်ငံဟာ စကား ကျယ်ကျယ် ပြောနေကြတာပဲ”

“တိုင်းပြည်ကြီး တိုးတက်ဖို့ဆိုတာ ဆရာကြီးပြောတဲ့ ပစ္စည်းအင်အား၊ လူ့အင်အားလို့ ဆိုတဲ့အားနှစ်မျိုးနှင့် ပြည့်စုံရမှာပေါ့နော် ကိုဘထွန်း”

“အေးအေး၊ ဟုတ်တယ်။ ဟုတ်တယ်။ ဦးမေတ္တာကလည်း ဦးသစ္စာရဲ့ပြောဆိုစကား ကို အကြွင်းမဲ့ထောက်ခံလိုက်တယ်လေ”

“ဦးမေတ္တာ ဘယ်လိုထောက်ခံစကား ပြောသလဲရှင့်”

“ဦးသစ္စာပြောတာ အလွန်မှန်တာပေါ့ကွာ။ မိုက်တဲ့လူမျိုးမှာ

တော့ သူပုန်ထပြီး ကိုယ့် အချင်းချင်းသတ်၊ လူမျိုးရေးလည်း မစဉ်းစားနားမလည်။ လူဦးရေတိုးပွားအောင် လည်း မလုပ်တတ်။ ရှိတဲ့လူဦးရေအင်အား ကိုလည်း အလဟဿဖြုန်းတီးပစ်။ ရှိတဲ့လူတွေကလည်း တန်ဖိုးရှိအောင်မလုတ်။ မနေတတ်။ အသက်ကိုမထိန်းသိမ်း မစောင့်ရှောက်တတ်၊ လူ့အသက်တစ်ချောင်းကို ပုရွက်ဆိတ်အသက်လောက်မှ တန်ဖိုးမထား တတ်ဘူးကွဲလို့ဆိုပြီး ထောက်ခံလိုက်တယ်လေ"

"ဦးသစ္စာထောက်ခံခဲ့သလို ကျမတို့ကလည်း အကြွင်းမဲ့ထောက်ခံလိုက်ရင် မကောင်းဘူးလား ကိုဘထွန်း"

"ကောင်းမှကောင်းပေါ့ကွာ။ တို့များ တင် မဟုတ်သေးဘူးကွ။ တို့များရဲ့ အမိမြန် မာပြည် မြန်မာ့မြေပေါ်မှာ နေထိုင်ကြသူတွေ အားလုံး ထောက်ခံကြရမယ့် စကားမျိုးတွေပါပဲ။ (၂၀၀၈) ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅) အရ-

'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်'လို့ဆိုတဲ့ ဥပဒေစကားအရ နိုင်ငံသားတိုင်း ထမ်းဆောင်ကြရမယ့် အလွန့်အလွန်အရေးကြီးတဲ့ တာဝန်ပါပဲ။ ပြည်ပမှနည်းအမျိုးမျိုးနဲ့နိုင်ငံအတွင်း ဝင်ရောက်အခြေစိုက်ပြီး နယ်မြေကိုပါသိမ်းပိုက် လိုကြတဲ့၊ တိုင်းပြည်ရဲ့အကျိုးစီးပွားကို ဖျက်ဆီးနေကြတဲ့ သူတို့ရဲ့ မိစ္ဆာဒိဋ္ဌိဝိသမလောဘသားတို့ရဲ့ ဘေးအန္တရာယ်များကို တို့ပြည်ချစ် မျိုးချစ်များ စုပေါင်းပြီး တက်ညီလက်ညီ ကာကွယ်ကြဖို့ပဲ မလှသီရေ။

ကဲ-ကဲ ဒီညအချိန်မရှိတော့ဘူး။ တို့များစကားဝိုင်း အဆုံးသတ်လိုက်ကြရအောင်နော်" . . .။

"ကဲ-မိန်းမရေ ဒီညတော့ တို့များပြော နေကျစကားဝိုင်း အဆုံးသတ်လိုက်ကြရအောင်"

"ဒါဖြင့် ကျမတို့နောက်ညတွေ စကား မပြောကြရတော့ဘူး ပေါ့နော်"

"အဲဒီလိုပြောတာ မဟုတ်ပါဘူးကွာ။ မနက်ဖြန်ညကနေစပြီး ကိုဘထွန်းနှင့် မလှသီတို့နှစ်ယောက်ထဲပြောနေကြတဲ့ စကားဝိုင်း မပြောကြတော့ဘဲ သားကလေးနှင့်သမီးနှစ်ယောက်ကိုပါခေါ်ပြီး မိသားစုစကားဝိုင်း တစ်ဝိုင်းလုပ်ကြမယ်လေကွာ"

"ကောင်းတာပေါ့ကိုဘထွန်းရယ်၊ သမီးလေးတွေကော သားလေးတွေပါ အမျိုးဘာသာ သာသနာအတွက် ဗဟုသုတတွေ အများကြီးရနိုင်တာပေါ့။ မနက်ဖြန်ကျတော့ သားတို့သမီးတို့ကို ကြိုတင်ပြီးပြောထားမယ်လေ။ ကလေးတွေလည်း စာမေးပွဲတွေပြီးကြ ပြီမို့ အားနေကြတယ်လေ။ ကိုဘထွန်း ညဘယ်နှစ်နာရီစကားဝိုင်း စကြမလဲ"

"ည (၈)နာရီမထိုးခင် မလှသီဆိုင်ပိတ်ကွာ။ (၈)နာရီမှာ တို့များ မိသားစုစကားဝိုင်း စကြမယ်လေ"

"မိသားစုရွှေစကားဝိုင်းပေါ့နော် ကိုဘထွန်း"

"အေးပေါ့ကွာ၊ တို့မိသားစု တန်ဖိုးရှိတဲ့စကားများကို ပြောဆို ကြမှာဖြစ်တာမို့ မိသားစုရွှေစကားဝိုင်းလို့ဆိုရင်လည်း မှန်တာပါပဲ"

"အေးတော်၊ မိသားစုစကားဝိုင်းဆိုတော့ သားတို့သမီးတို့ကို လည်း ဆုံးမပြီးသားဖြစ်တာမို့ သိပ်ကောင်း အများကြီးကောင်းပေါ့ တော်"

"ကဲ-ကဲ မနက်ဖြန်ည စကားဝိုင်းကိစ္စ မလှသီသာစီစဉ်ထား ပေတော့။ ဒီညတော့ ကိုဘထွန်းတို့ စကားဝိုင်းအဆုံးသတ်လိုက်

ကြမယ်နော်။ ကဲ-ဒီကနေ့ည ဘယ်ကစပြော ကြရမလဲ"

"ကိုဘထွန်း ညတုန်းက ရှင်ပြောခဲ့တဲ့စကားထဲမှာ 'လူတွေကလည်း ဗလငါးတန်နှင့် ပြည့်စုံတဲ့ လူသားတွေကိုသာဆိုလိုတယ်'လို့ ဆိုတဲ့စကားထဲက 'ဗလငါးတန်' လို့ဆိုတဲ့စကားကို ပြောပြစမ်းပါဦးတော်"

"အေးကွာ့၊ ဗလဆိုတာ နိုင်ငံတော် တိုးတက်ကြီးပွား စည်ကားသာယာရေးအတွက် အရေးကြီးတဲ့အင်အားစွမ်းရည်လို့ပဲ လိုရင်းမှတ်ထားပေါ့ကွာ။ ဗလအင်အားစွမ်း ရည်ကလည်း ငါးမျိုးရှိတယ်လေ။ အဲဒီငါးမျိုးကတော့-

(၁) ကာယဗလ - ကိုယ်လက်သန်မာ ထွားကြိုင်းဖွံ့ဖြိုးမှု ကျန်းမာရေးနှင့် ပြည့်စုံမှု အင်အား၊

(၂) ဉာဏဗလ - ဗာဟုသုတ၊ ဝိဇ္ဇာ၊ သိပ္ပံ ပညာပြည့်စုံစွာ ရှိမှုအင်အား၊

(၃) ဘောဂဗလ - ပစ္စည်းဥစ္စာရတနာ ရွှေ၊ ငွေ၊ အထွေထွေသော ပြည်တွင်းထွက် ကုန်ပေါ်များမှုအင်အား၊

(၄) စာရိတ္တဗလ - ယဉ်ကျေးမှု၊ ကိုယ် ကျင့်တရား ကောင်းမွန်မြင့်မြတ်မှုအင်အား၊

(၅) မိတ္တဗလ - မိတ်ဆွေနှင့် မဟာ မိတ်နိုင်ငံများ ပေါများမှု အင်အားတို့ပဲဖြစ်ပါတယ်။

အဲဒီငါးမျိုးကို ဗလငါးတန်လို့ခေါ် ခြင်းပဲဖြစ်တယ်လေ။ တို့များကိုးကွယ်ဆည်းကပ်နေကြတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ တရားတော်များပဲဖြစ်တယ်ကွာ့"

"ဒါထက် ကိုဘထွန်းသတိရတုန်း တစ်ခုမေးရဦးမယ်။ နိုင်ငံ

တော်ဝန်ကြီးချုပ် ဖြစ်ခဲ့တဲ့ ဦးနုရေးသားခဲ့တဲ့ မိတ္တဗလင္ကီကာဆိုတဲ့ စာအုပ်တွေ့ဘူးသလား"

"တွေ့ဖူးရုံတွင်ဘယ်ကမလဲ၊ ကိုဘထွန်းငယ်ငယ်ကလေးဘဝထဲက ဖတ်ခဲ့ဖူးတယ်လေ။ အဲဒီစာအုပ်ရဲ့ ပထမအမည်က 'လူပေါ်လူဇော်လုပ်နည်း' ရယ်လို့ပဲဖြစ်တယ်ကွာ့။ နောက်မှ 'မိတ္တဗလင္ကီကာ' ဆိုပြီး ပြောင်းလိုက်တာလေ။ မလှသီဖတ်ချင်တယ်ဆိုရင် စာကြည့်ခန်းထဲမှာရှိပါတယ်။ နောက်မှ ဖတ်ကြည့်ပေါ့ကွာ"

"ကောင်းပါပြီတော်"

"ကဲ-ဒီကနေ့ညတော့ နိုင်ငံတော်သမ္မတကြီးက အမျိုးစောင့်ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားတဲ့အကြောင်းက- စပြောကြရအောင်နော်"

"ကောင်းတာပေါ့တော်၊ ကျမက အဲဒီဥပဒေဖြစ်မှ ဖြစ်ပါ့မလား၊ ပယ်ချလိုက်မလားလို့ စိုးရိမ်နေတာတော့"

"အေးကွာ၊ အမျိုးစောင့်ဥပဒေပေါ်ပေါက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ တင်ကြလိမ့်မယ်ထင်နေကြတာ။ ဘယ်လွှတ်တော်ကိုယ်စားလှယ်ကမျှ မတင်ရဲကြဘူးနဲ့တူပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ကတော့ ဆရာတော်ကြီးများက သူ့ကိုတင်ခိုင်းမယ်ဆိုရင် သူတင်ပေးပါ့မယ်လို့ ပြောပါတယ်။ ဒေါ်ခင်ဝိုင်းကြည်ကိုလည်း အမျိုးသမီးအဖွဲ့တွေက ဝေဖန်လိုက်ကြတာပြောမနေနဲ့တော့။ ဒေါ်ခင်ဝိုင်းကြည်ကတော့ မတုန်လှုပ်ပါဘူး"

"သမ္မတကြီးက အမျိုးစောင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ကို ဘယ်လိုပြဋ္ဌာန်းခိုင်းခဲ့သလဲ ကိုဘထွန်း"

"ဒီလိုကွာ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ

တိလောကာဘိဝံသ (ဥက္ကဋ္ဌ၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ဗဟို)က- ကိုယ်တော်တိုင် လက်မှတ်ထိုးပြီး (၉. ၇. ၂၀၁၃) ရက်က သမ္မတကြီးထံကိုရော ပြည်ထောင်စုလွှတ်တော်ကိုပါ တင်သွင်းတောင်းဆိုခဲ့ပါတယ်။ တောင်းဆိုကြတဲ့သူတွေရဲ့ လက်မှတ်ပေါင်းကလည်း တစ်သန်းကျော်ရှိပါတယ်။ တကယ်တော့ လေးသန်းကျော်က ဆန္ဒပြုတောင်းဆိုထားတယ်လို့ သိရတယ်လေ"

"ဘယ်လိုဥပဒေများ ပါဝင်ပါသလဲ ကိုဘထွန်း"

"(က) ကိုးကွယ်ရာဘာသာ ကူးပြောင်း ခြင်းဆိုင်ရာဥပဒေ၊

(ခ) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ၊

(ဂ) တစ်လင်တစ်မယားစနစ် ကျင့် သုံးခြင်းဆိုင်ရာဥပဒေ၊

(ဃ) လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေများ ပါဝင်တယ်လေ"

"အဲဒီအမျိုးစောင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဘယ်လိုဆောင်ရွက်ကြပါသလဲ ကိုဘထွန်း"

"အေးကွာ။ ပြည်ထောင်စုလွှတ်တော် နာယကကြီးက (၂၇. ၂. ၂၀၁၄) ရက်ကပဲ သမ္မတကြီးထံ ဥပဒေပြဋ္ဌာန်းပေးရေးကိစ္စအတွက် သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ အဲဒီ သဝဏ်လွှာထဲမှာ-

(က) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကို သာသနာရေးဝန်ကြီးဌာနက ရေးဆွဲရန်၊

(ခ) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စု တရားလွှတ်တော် ချုပ်ရုံးကရေးဆွဲရန်၊

(ဂ) တစ်လင်တစ်မယားစနစ်ကျင့်သုံး ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးက ရေးဆွဲရန်၊

(ဃ) လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်း ဆိုင်ရာဥပဒေကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ဖွဲ့စည်းထားရှိတဲ့ လူ့အခွင့်အရေး ကော်မရှင်တို့နှင့်လည်း ဆက်နွယ်နေတယ်လို့ ယူဆထားတဲ့အတွက် အဲဒီဌာနအသီးသီးက လည်း အကြံပြုချက်များကို ပေးပို့နိုင်တယ်လို့ ပါရှိတယ်လေကွယ်"

"နိုင်ငံခြားအစိုးရတွေနှင့် ပြည်တွင်း ပြည်ပ နိုင်ငံရေးပါတီတွေ အဖွဲ့အစည်းတွေက သမ္မတကြီးနှင့်နာယကကြီးက အမျိုးစောင့် ဥပဒေကို ပယ်ချသင့်တယ်။ မပယ်ချဘူးဆိုရင် နိုင်ငံတကာရဲ့ အထောက်အပံ့တွေကို ပြန်လည်ရုပ်သိမ်းသင့်တယ်လို့ နိုင်ငံခြား သတင်းတွေမှာ ကြားနေရတယ်လေ ကိုဘထွန်း"

"အေး ပေါ့ကွာ၊ သူ့တိုင်းပြည် သူ့နိုင်ငံမှာတော့ သူ့ဥပဒေ အတိုင်းပေါ့။ တို့များရဲ့ မြန်မာနိုင်ငံမှာလည်း တို့မြန်မာနိုင်ငံရဲ့ ဥပ ဒေပေါ့။ ဘာမျှဝင်ရောက်စွက်ဖက်စရာမလိုပါဘူး မလှသီရယ်။ ပြည်ထောင်စုလွှတ်တော်နာယကကြီးကလည်း 'ပြည်ထောင်စု လွှတ်တော်အနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုး စီးပွား အမှန်တကယ် ရရှိရေးအတွက် အလေးထားစဉ်းစားသုံးသပ် ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း'ဆိုပြီး သဝဏ်လွှာ ပေးပို့ထားခဲ့တယ်လေ"

"ကိုဘထွန်းပြောတော့မှ သတိရတယ်"

"ဘာများလဲမလှသီ ဆိုစမ်းပါဦးဗျာ့"

"ဒီမှာလေ (၇. ၄. ၂၀၁၄) ရက်ထုတ် အတွဲ (၃) အမှတ် (၁၄) ဒီလှိုင်းစာစောင် စာမျက်နှာ (၁၁)မှာ ပြည်သူ့အသံကနေ ကိုဒီ ဂျေက- သမ္မတကြီးဦးသိန်းစိန် ဘာမှန်ခဲ့သလဲ'လို့ဆိုပြီး ရေးသားထား

တယ်လေ။ ကျမ ဖတ်ပြပေးပါ့မယ်၊ ကိုဘထွန်း နားထောင်"

"ကောင်းပါပြီဗျာ၊ ဖတ်ပြစမ်းပါဦး၊ ကိုဘထွန်း သေသေချာချာ နားထောင်နေပါ့မယ်"

"အမျိုးဘာသာ သာသနာဆိုပြီးတော့ သမ္မတဦးဆောင်ပြီး ဥပဒေပြဋ္ဌာန်းဖို့ လုပ်နေပါတယ်။ ကချင်လူမျိုး (၈၀) ရာခိုင်နှုန်း၊ ကရင်လူမျိုး (၆၀) ရာခိုင်နှုန်း၊ ချင်းလူမျိုး (၁၀၀) ရာခိုင်နှုန်းသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။

မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးကို ဖေါ်ဆောင်သော သမ္မတတစ်ယောက်အနေနဲ့ ယင်းကိစ္စကိုမလုပ်ဆောင်သင့်ပါဟု ယူဆပါတယ်။ ဗုဒ္ဓဝါဒသည် ဓမ္မကိုအခြေခံသော ဝါဒဖြစ်ပါသည်။ မြတ်စွာဘုရားသည် ယောက်ျားမိန်းမဟူ၍ ဘုရားမဟောခဲ့ပါ။ သတ္တဝါတိုင်းသည် ရုပ်နာမ်ဟူ၍ ခွဲခြားစိတ်ဖြာခဲ့ပါသည်။ ဗုဒ္ဓစာပေ ကျမ်းဂန်များကို သင်ယူဘူးသော ရဟန်းသံဃာများသိပါသည်။

ထို့ကြောင့် အယူအဆ မတူသူ ဘာသာမတူသူများကို ငါတို့နိုင်ငံမှာနေလျှင် မရပါဘူးလို့ ဥပဒေပြဋ္ဌာန်းဖို့လုပ်နေသည်မှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များနှင့် မကိုက်ညီဘူးဟု ယူဆပါသည် ကဲကိုဘထွန်းရေ ရှင်ဘယ်လိုမြင်သလဲ ဆိုစမ်းပါဦးတော့"

"အေးကွာ၊ ကိုဒီဂျေကို ကိုဘထွန်း အမြင်ပြောရမယ်ဆိုရင် ဗုဒ္ဓဘာသာအကြောင်းကို အပေါ်ယံလောက်သာသိတဲ့ လူလို့ပဲ မြင်တယ်လေ။ ပြီးတော့ အမျိုးစောင့်ဥပဒေအကြောင်းကို မလေ့လာဘူးတဲ့လူဖြစ်တယ်လို့လည်း မြင်ပါတယ်"

"ဘယ်လိုအကြောင်းများကြောင့်လဲ ကိုဘထွန်း ရှင်းပြပါဦး"

"ဒီလိုလေကွာ၊ 'ဗုဒ္ဓဝါဒသည် . . . (ပ) . . . ရဟန်းသံဃာများ သိပါသည်' လို့ရေးသား ထားတယ်လေ။

'ဗုဒ္ဓဝါဒသည် ဓမ္မကိုအခြေခံသောဝါဒဖြစ်ပါသည်'လို့ဆိုတဲ့ ရေးသားချက်ကတော့ အကြမ်းစားပြောရရင် မှန်သင့်သလောက် မှန်ပါတယ်။ ပြည့်ပြည့်စုံစုံရေးမယ်ဆိုရင်တော့ 'ဗုဒ္ဓဝါဒသည် ဓမ္မ ဝိနယကို အခြေခံသော အနတ္တဝါဒဖြစ်ပါသည်'ဟု ရေး သားရမှာ ဖြစ်ပါတယ်။

ပြီးတော့ 'မြတ်စွာဘုရားသည် ယောက်ျားမိန်းမဟူ၍ ဘုရား မဟောခဲ့ပါ' ရယ်လို့ ရေးသားထားပြန်ပါတယ်။ အဲဒီစကား များဟာ လည်း အမှားချည်းပါပဲ။ မြတ်စွာဘုရားက ပိဋကတ်သုံးပုံ အတော်များ များမှာ အမျိုးသားကို ပုရိသ+ပေါသ+အမျိုးသမီးများကို ဣတ္ထိ+နာရီ+ကညာ စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။ ခပ်လွယ်လွယ် ပြောရရင်တော့ မေတ္တာသုတ်အဖွင့်မှာ သဗ္ဗာ ဣတ္ထိ ယော-မိန်းမအားလုံးတို့သည်၊ သဗ္ဗေပုရိသာ-ယောက်ျားအားလုံးတို့ သည်၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေစသည်ဖြင့် မိန့်ဆိုတော် မူထားတယ်လေ၊ ပညတ်အနေအားဖြင့် ဟောကြားတော်မူတယ်လို့ မှတ်ရမှာဖြစ်ပါတယ်။

'သတ္တဝါတိုင်းသည် ရုပ်နာမ်ဟူ၍ ခွဲခြားစိတ်ဖြာခဲ့ပါသည်' အဲဒီ စကားကတော့ ပညတ်အနေဖြင့် ဟောခဲ့ခြင်းမဟုတ်ပါဘူး၊ ပရမတ္ထ ဓမ္မအနေအားဖြင့်သာ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ကိုဒီဂျေးအနေဖြင့် ပညတ်မှန်း ပရမတ်မှန်းမသိဘဲ ရမ်းရေး သားခြင်းသာဖြစ် တယ်လေ။ စာသင်ဘူးကြတဲ့ ရဟန်းသံဃာများ သိကြတာချည်းပါပဲ။ ပြီးတော့ 'အယူ အဆမတူသူ ဘာသာမတူသူ

များကို ငါတို့နိုင်ငံမှာနေလျှင် မရပါဘူး'လို့ ဆိုတဲ့ရေးသားချက်တ လည်း လုံးဝမှားနေပါတယ်။ မ. ဘ. သ အဖွဲ့ရဲ့တောင်းဆိုချက်ထဲမှာ ကိုဒီဂျေပြောတဲ့ စကားလုံးဝ (လုံးဝ)မပါရှိပါဘူး။ သူ့ဖာသာ သူထင်ရာ မြင်ရာရေးသားလိုက်ခြင်းပင် ဖြစ် တယ်လို့ပဲ ကိုဘထွန်းမြင်တယ်လေ"

"အေးတော်၊ မ. ဘ. သ အမျိုးစောင့် ဥပဒေစာအုပ်ကိုတော့ လေ့လာဖို့ကောင်းတာပေါ့နော် ကိုဘထွန်း"

"မ. ဘ. သအဖွဲ့ကြီး ပေါ်လာကတည်းက အမျိုးစောင့်ဥပဒေ (မူကြမ်း) စာအုပ်ထုတ်ဝေခဲ့တယ်လေ၊ ယခုလည်း နိုင်ငံတော် အစိုးရ ထံ၊ ပြည်ထောင်စုလွှတ်တော်ထံ တင်ပြတောင်းဆိုတဲ့ အမျိုးစောင့် ဥပဒေဆိုင်ရာ သိကောင်းစရာနှင့် ရှင်းလင်းချက်များ စာအုပ်ကိုလည်း ကိုဒီဂျေဖတ်ဘူးပုံ မပေါ်ဘူး။

'အမျိုးဘာသာ. . . (ပ). . . မလုပ်သင့် ဟုယူဆပါသည်'လို့ ဆိုတဲ့ရေးသားချက်ကို ဖတ်ရင် ကိုဒီဂျေရဲ့အားနည်းချက်တွေကို သိ နိုင်ပါတယ်။ ကိုဒီဂျေးတို့လို လူများသိရှိနိုင်ကြစေရန် ရည်ရွယ်လျှက် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က တင်သွင်း တောင်း ဆိုသော အမျိုးစောင့်ဥပဒေဆိုင်ရာ သိကောင်းစရာနှင့် ရှင်းလင်းချက် များပါရှိသော စာအုပ်ငယ်မှ သက်ဆိုင်ရာပုဒ်တို့ကို ထုတ်နှုတ်၍ ပြောပြပေးဦးမယ်နော်မလှသီ"

"သေချာသည်ထက် သေချာအောင် စာအုပ်ကြည့်ဖတ်တော့ ကိုဘထွန်း"

"အမျိုးစောင့်ဥပဒေနှိုင်းယှဉ်ချက် (၁) ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာတို့၏ အိမ်ထောင်ခန်းဆိုင်ရာ ဥပဒေများ၌ မိမိတို့ ၏ဘာသာဝင်အချင်းချင်းသာ လက်ထပ်ခွင့် ရှိသည်။ ဘာသာခြားနှင့်

လက်ထပ်လျှင် တရားမဝင်။ တရားဝင်လိုလျှင် မိမိတို့ဘာသာဘက်သို့ပြောင်းရမည်။ အမျိုးစောင့်ဥပဒေ - မည်သူမဆို မြန်မာဗုဒ္ဓဘာသာအမျိုးသမီးကို လက်ထပ်မည့်သူသည် တရားဝင်ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။ ပြစ်ဒဏ်နှိုင်းယှဉ်ချက်- ခရစ်ယာန်ဥပဒေပုဒ်မ (၆၈)၌ ထောင်ဒဏ် (၁၀)နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အမျိုးစောင့်ဥပဒေ- ဥပဒေပြ ဋ္ဌာန်းချက်အတိုင်း မလိုက်နာဘဲ မြန်မာဗုဒ္ဓ ဘာသာအမျိုးသမီးကို လက်ထပ်ပေါင်းသင်း ခြင်းပြုလုပ်ပါက ထိုသူကိုထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ထိုသူပိုင်ပစ္စည်းအားလုံးကိုလည်း သိမ်းယူ၍ ထိုဗုဒ္ဓဘာသာဝင် အမျိုးသမီးအား ပေးရမည်။ ရယ်လို့တောင်းဆိုထားတယ်ကွာ”

“ဥပဒေပညာရှင်များ ရှင်းလင်းထားတာကို ပြောပြပါဦးလား ကိုဘထွန်း”

“ဘာသာခြား၏ အိမ်ထောင်သစ္စာ ဖောက်မှုကိုခံရသော ဘာသာခြားနှင့် လက်ထပ်သူဗုဒ္ဓဘာသာ အမျိုးသမီးသည် မိမိဘဝတစ်ခုလုံးကို စွန့်လွှတ်အနစ်နာခံရသဖြင့် သူ့ဘဝတစ်ခုလုံးအတွက် လုံလောက်သည့် ပစ္စည်းများကို ခံစားခွင့်အပြည့်အဝခံစားနိုင်စေရန် သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာဓလေ့ အိမ်ထောင်ခန်း ဥပဒေများ၌လည်း အိမ်ထောင်သစ္စာ ဖောက်ဖျက်သူသည် အိမ်ထောင်ပစ္စည်း ခံစားခွင့်မရှိကြောင်း ဆုံးဖြတ်လေ့ရှိသည်။

ဘာသာခြားတို့၏ အိမ်ထောင်ခန်း ဥပဒေများ၌ ကွာရှင်းခံရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ပစ္စည်းဥစ္စာခံစားပိုင်ခွင့် မရှိကြောင်းတွေ့ရှိရသောကြောင့်လည်း ဤဥပဒေကို တောင်းဆိုရခြင်း

ဖြစ်သည်လို့ ရှင်းပြထားတယ်လေကွယ်"

"ကဲ-တော်ရေ၊ ဒါလောက်ကောင်းတဲ့ ဥပဒေမျိုး ရှိသေးသလား တော်၊ ကျမတို့လို မိန်းကလေးတွေရဲ့ အခွင့်အရေးတွေကို ပိုင်ပိုင် နိုင်နိုင်ရရှိနိုင်ရေးအတွက်ပဲ မဟုတ်လား ကိုဘထွန်းရယ်"

"ဟုတ်ပ့ါဗျာ၊ ဟုတ်ပ့ါ၊ ဆက်ပြောဦးမယ်မလှသီရေ"

"ပြောပါ ကိုဘထွန်း"

"တစ်ခြားမဟုတ်ပါဘူးကွာ၊ တစ်ခါက ကိုဘထွန်း ပြောခဲ့ဘူး တယ်လေ။ မြန်မာနိုင်ငံမှာ အဓိကဘာသာကြီးလေးမျိုးရှိတယ်။ အဲဒီ လေးမျိုးကတော့ (၁)ဟိန္ဒူဘာသာ၊ (၂)ခရစ်ယာန်၊ (၃)အစ္စလာမ် ဘာသာ၊ (၄)ဗုဒ္ဓဘာသာရယ်လို့ပဲဖြစ်တယ်လေကွယ်။ အဲဒီဘာသာ ကြီး လေးရပ်ထဲမှာ ဗုဒ္ဓဘာသာထိမ်းမြားလက်ထပ်မှုဥပဒေဆိုတာ ပြဋ္ဌာန်းဥပ္ပဒေ အက်ဥပဒေအဖြစ်နဲ့ မရှိသေးဘူး၊ ဓလေ့ထုံးတမ်း ဥပဒေအဆင့်လောက်သာ ရှိသေးတယ်လေကွယ်။

(၁) ဟိန္ဒူဘာသာဝင်များအတွက် ဥပဒေကို (၁၉၅၅) ခုနှစ်က စပြီး ပြဋ္ဌာန်းဥပဒေ/အက်ဥပဒေအဖြစ်နဲ့တည်ရှိပြီး အသက်ဝင် လျှက်ရှိနေတယ်ကွ့ဲ။ သူတို့ဟိန္ဒူဥပဒေ (က)ဘာသာမတူဘဲ လက် ထပ်လျှင် အိမ်ထောင်ခန်းတရားမဝင်ဟုလည်းကောင်း၊ (ခ) ဘာသာ တူလျှင်သော်မှ ဟိန္ဒူဇာတ် (၄)မျိုးရှိရာ ဇာတ်မတူလျှင် တောင်မှ လက်ထပ်ခွင့် မရှိဟု ပြဋ္ဌာန်းထားပါသည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက် ဥပဒေကို (၁၈၇၂) ခုနှစ်ကစပြီး ပြဋ္ဌာန်းဥပဒေ/အက်ဥပဒေအဖြစ်နဲ့ တည်ရှိပြီး အသက် ဝင်လျှက်ရှိနေတယ်လေ။

(က) ဘာသာမတူလျှင် လက်ထပ်ခွင့်မရှိ၊

(ခ) ၁၈၇၂ခုနှစ် ခရစ်ယာန်အိမ်ထောင်ခန်း ဥပဒေပုဒ်မ (၅) တွင် သင်းအုပ်ဆရာနှင့် မှတ်ပုံတင်အရာရှိရှေ့ မှတ်ပုံတင်ပြီးမှထုံးပုံကျလက်ထပ်မှ အိမ်ထောင်ခန်းသည် တရားဝင်သည်ဟု ပြဋ္ဌာန်းထားသည်။

(၃) အစ္စလာမ်ဘာသာဝင်များအတွက် ဥပဒေကို (၁၉၅၃) ခုနှစ်ကစပြီး ပြဋ္ဌာန်းဥပဒေ/အက်ဥပဒေအဖြစ်နဲ့တည်ရှိပြီး အသက်ဝင်လျက် ရှိနေတယ်လေကွယ်။

(က) ဘာသာမတူသူနှင့် လက်ထပ်လျှင် အိမ် ထောင်ခန်းသည် တရားမဝင်ဟု ပြဋ္ဌာန်းထားသည်။

(ခ) လက်ထပ်သည့်အခါ ဗလီဆရာနှင့် နေကာရ်ဖတ်ပြီး စာချုပ်ဖြင့်အတည်ပြုလက်မှတ်ထိုးပြီးမှသာ တရားဝင်သည်ဟု ပြဋ္ဌာန်းထားသည်။

(၄) ဗုဒ္ဓဘာသာဝင်များအတွက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ လောက်သာ ရှိပါသေးတယ်။ (၁၉၅၄)ခုနှစ် ဥပဒေကလည်း ခိုင်လုံမှု မရှိပါဘူး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်သာ ပြဿနာများကို ဖြေရှင်းရမည် တဲ့။

(က) မည်သည့်ဘာသာဝင်နှင့် လက်မထပ်ရဟု တားထားသည့်ဥပဒေမရှိပါ။

(ခ) လက်ထပ်သည့်အခါ သံဃာတော်များမှ လက်ထပ်ပေးခွင့် ကွာရှင်းခွင့်မရှိပါ။

(ဂ) ဗုဒ္ဓဘာသာသံဃာတော်များကို မင်္ဂလာဆွမ်းကပ်ခြင်းသည် လက်ထပ်ထိမ်းမြားခြင်းမဟုတ်ပါ။

(ဃ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းကလေးများ၏ အိမ်ထောင်ခန်း

သည် ဓလေ့ထုံးထမ်းဥပဒေသာဖြစ်သည်။ ဓလေ့ထုံးတမ်းဥပဒေဆို သည်မှာ လိုက်နာလျှင်လည်းရသည်၊ မလိုက် နာလျှင်လည်းရသည်။ မဖြစ်မနေဆောင်ရွက်ရမည်မဟုတ်။ သို့သော် အမှုဖြစ်စဉ်များအပေါ် မူတည်၍ ကာလဒေသအလိုက် ပြောင်းလဲတတ်သည်။

(က) မလှမယ်နှင့် မောင်လှဘောအမှု၊

(ခ) မခင်မမနှင့် မောင်ညွန့်အမှုတို့ကို ကြည့်လျှင်သိနိုင်သည်။

(၅) ဤဘာသာကြီး (၄)မျိုး၏ ဥပဒေကို နှိုင်းယှဉ်လေ့လာလျှင်

(က) ဗုဒ္ဓဘာသာဝင်များအတွက် တိကျစွာကာကွယ်ထား သော ဥပဒေမရှိပေ၊

(ခ) အခြား (၃) ဘာသာသည် ၎င်းတို့၏ဘာသာများကို ဥပဒေ ဖြင့် ကာကွယ်ပေးထားသည်ကို တွေ့ရှိရပါသည်ရယ်လို့ ရေးသားထား တယ်လေ။ အဲဒါတွေကို သေသေချာချာဖတ်ကြည့်မယ်ဆိုရင် နားလည်သွားကြမှာပါပဲ"

"ကိုဘထွန်းရယ် မြန်မာနိုင်ငံက ပရိယတ် ပဋိပတ် အကျော် အမော် ဆရာတော်ကြီးများနှင့် ဥပဒေပညာရှင်ကြီးများ တိုင်ပင်ညှိ နှိုင်းပြီး ဓမ္မ+ဝိနယ+ဥပဒေသတို့နှင့်အညီ တိုင်းပြည်ရဲ့ကောင်းစားရေး နိုင်ငံ ရဲ့ကောင်းစားရေး ဘာသာသာသနာအရှည်သဖြင့် တည်မြဲနိုင် ရေး အလေးပေးပြီး ဆောင်ရွက်နေကြတာပါ၊ အကောင်းလိုလားသူ များက တော့ ကြိုက်ကြနှစ်သက်ကြမှာချည်းပါပဲ။"

"အေးကွ၊ တလောက မကြာသေးပါဘူး နာမည်ကြီး ပါတီကြီး တစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ယောက်က 'ဘုန်းကြီး တွေလည်း နဖားကြိုးအထိုးခံနေကြရပြီ'လို့ ဆိုပြီး ပြောဆိုခဲ့တယ်လေ။ ဘုန်းကြီးတွေ နွားဖြစ်သွားတာပေါ့။ အဲဒီကိုယ်စားလှယ်ကြီးတာ

မကြာခင် ဒုက္ခကြီးကြီးခံရမှာ သေချာလှပါတယ်"

"ဆရာတော်ကြီးတွေ ဆုံးမခဲ့တယ်လေ ကိုဘထွန်းရယ့် 'သကေန ကမ္မေန ပညာယိသသတ္တ-ကိုယ့်ကံနှင့်ကို ထင်ရှားကြပါလိမ့်မယ်' မဟုတ်လားကော့"

"ဟုတ်ပ့ါကွာ၊ ဟုတ်ပ့ါ၊ ဟုတ်ပ့ါ။ ကဲ- တို့စကားဝိုင်း အဆုံးသတ်လိုက်ကြရအောင်ကွာ။ ဆရာတော်ကြီးများ ဆုံးမတော်မူခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို တို့ပြိုင်တူရွတ်ဆိုပြီး နိဂုံးအုပ်လိုက်ကြပါစို့

**'စည်း** တွင်းမှာနေ၊ ကင်းကွေလိမ့် ရန်ဘေး။
**တမ်း** ကိုကျော်၊ ချော်ကာကျ၊
**များ**လှရန်ဘေး' တဲ့
ဘယ်လောက်များ အဓိပ္ပာယ်ရှိလိုက်သလဲလို့၊
ကဲ-ကဲ သာဓုသုံး ကြိမ်ခေါ်လိုက်ကြရအောင်ကွာ"။

(သာဓု၊ သာဓု၊ သာဓု)

နတ်မင်းကြီး